ကြေးမုံ
The Mirror Daily
၁၉၅၇ ဖေဖော်ဝါရီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

၁၃၈၁ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်၊ အင်္ဂါနေ့။ Tuesday, 3 March 2020 ၉၉၄၃

# တက္ကသိုလ်၊ ကောလိပ်များတွင် သက်ရှယ်ဆင့်တူ ကျန်းမာရေးပညာပေးအစီအစဉ် စတင်ဆောင်ရွက်

ရန်ကုန် မတ် ၂

တက္ကသိုလ်၊ ကောလိပ်များတွင် သက်ရွယ်ဆင့်တူ ကျန်းမာရေးပညာပေးအစီအစဉ် စတင်ဆောင်ရွက်ခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

**ဆောင်ရွက်လျက်ရှိ**

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ကျောင်းသား ကျောင်းသူလူငယ်များ စုဝေးရာဖြစ်သည့် တစ်နိုင်ငံလုံးရှိ ကျောင်းများ၊ တက္ကသိုလ်များနှင့် ပြည်သူလူထု၏ အနီးဝန်းကျင်တွင် မူးယစ်ဆေးဝါးအန္တရာယ်ကင်းဝေးစေရန်၊ ဆေးလိပ်ကင်းစင်သော တက္ကသိုလ်ပတ်ဝန်းကျင်ဖြစ်လာစေရန်၊ အရက်ဘီယာအန္တရာယ်ကင်းဝေးစေရန်အတွက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ လမ်းညွှန်ချက်(၇)ရပ်ဖြစ်သည့် မူးယစ်ဆေးဝါးအန္တရာယ်ကင်းစင်ပပျောက်ရေး၊ ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် ကွမ်းယာသုံးစွဲမှုကင်းစင်ပပျောက်ရေး၊ အရက်အလွန်အကျွံသောက်သုံးခြင်းနှင့် နောက်ဆက်တွဲအန္တရာယ်များ လျှော့ချရေး၊ ကျန်းမာရေးနှင့် ညီညွတ်သည့် လူနေမှုဘဝပုံစံများ လိုက်နာကျင့်သုံးရေး၊ ယာဉ်အန္တရာယ်နှင့် လမ်းအန္တရာယ်တို့ကြောင့် ထိခိုက်ဒဏ်ရာရရှိမှု လျော့နည်းပပျောက်ရေး၊ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အသိပညာဗဟုသုတများကို ထည့်သွင်းသင်ကြားပေးနိုင်ရေးနှင့် ဂိမ်းအလွန်အကျွံစွဲလမ်းမှုပပျောက်ရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻



ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ တက္ကသိုလ်၊ ကောလိပ်များတွင် သက်ရွယ်ဆင့်တူကျန်းမာရေး ပညာပေးအစီအစဉ် စတင်ဆောင်ရွက်ခြင်း အခမ်းအနား ကျင်းပစဉ်။

ကြေးမုံ ယနေ့ ဖတ်စရာ

## အားလုံးအနာဂတ်လှပဖို့ ခရီးသွားလုပ်ငန်းမြှင့်တင်စို့

စာမျက်နှာ » ၆

## အမေရိကန်နှင့် စစ်ဘက်ဆိုင်ရာစာချုပ်သစ် ချုပ်ဆိုမည်မဟုတ်ဟု ဖိလစ်ပိုင်ပြောကြား

စာမျက်နှာ » ၁၂

## ဗုဒ္ဓဘာသာဝင် ဘုရားဖူးများအတွက် ပုဂံ-လုမ္ဗိနီ တိုက်ရိုက်လေကြောင်းခရီးစဉ် ပြေးဆွဲရန် စီစဉ်

စာမျက်နှာ » ၁၃

# တောင်သူလယ်သမားနေ့ အခမ်းအနား ပုသိမ်ခရိုင် ဝါးဒူးကျေးရွာအုပ်စု၌ ကျင်းပ

ပုသိမ် မတ် ၂

တောင်သူလယ်သမားနေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ဝါးဒူးကျေးရွာအုပ်စု၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ တောင်သူလယ်သမားနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတင်အောင်ဝင်းက ဖတ်ကြားသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က မြန်မာနိုင်ငံသည် လယ်ယာကဏ္ဍကို အားထားနေရသည့်၊ စိုက်ပျိုးရေးကို အခြေခံသည့်၊ နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ စပါးကျီကြီးဖြစ်သည်နှင့်အညီ မိုးစပါး၊ နွေစပါး စုစုပေါင်းစိုက်ဧက ၅၁ သိန်းကျော် စိုက်ပျိုးလျက်ရှိကြောင်း၊ အဓိကသီးနှံစပါးအပြင် ပြည်ပပို့ကုန် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ စားဖိုဆောင်သီးနှံ၊ စက်မှုကုန်ကြမ်းသီးနှံစသည့် အမယ်စုံသီးနှံများလည်း စိုက်ပျိုးလျက်ရှိပါကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဦးဆောင်ကာ ဌာနဆိုင်ရာအားလုံး တောင်သူလယ်သမားများနှင့် ပူးပေါင်းလက်တွဲပြီး စားနပ်ရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝမှုနှင့် အစားအစာဘေးအန္တရာယ်ကင်းရှင်းမှုတို့ တိုးတက်လာစေရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻

KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance
Awarded by Euromoney
Awarded by The FinanceAsia

## ၂၀၂၀ ပြည့်နှစ်၊ (၇၅)နှစ်မြောက် စိန်ရတုတပ်မတော်နေ့ ဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး (၃) ပါးကို အမျိုးသားရေးမူဝါဒအဖြစ် ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးတာဝန်ထမ်းဆောင်ရေး။

(၂) ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နိုင်ရန် တပ်မတော်၏ငြိမ်းချမ်းရေးမူဝါဒ (၆) ရပ်ဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ရေး။

(၃) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုအကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးတို့အတွက် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

(၄) နိုင်ငံတော်ကာကွယ်ရေးတာဝန်နှင့် အမျိုးသားနိုင်ငံရေးတာဝန်များကို ခေတ်အဆက်ဆက် ကျေပွန်စွာထမ်းဆောင်ခဲ့သည့် တပ်မတော်၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရေး။

ကြေးမုံ

# မမေ့မလျော့ မပေါ့မဆ သတိပြု

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ မတ်လ ၁ ရက်နေ့ ထုတ်ပြန်ချက်အရ ကမ္ဘာ့နိုင်ငံများ၏ COVID – 19 ရောဂါဖြစ်ပွားမှုအခြေအနေမှာ ကမ္ဘာ့ဒေသအသီးသီးတွင် ရောဂါဖြစ်ပွားသောနိုင်ငံများ ဆက်တိုက်များပြားလာခဲ့ကြောင်းနှင့် နိုင်ငံပြင်ပမှ ရောဂါကူးစက်မှုများသာမက နိုင်ငံတွင်း၌ပါ ရောဂါကူးစက်မှုများ ရှိလာကြောင်း သိရသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေဖြင့် ဖေဖော်ဝါရီလ ၂၈ ရက်နေ့ကတည်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဒေသတွင်းနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများအားလုံးတွင် ရောဂါကူးစက်ဖြစ်ပွားမှုအလွန်မြင့်မားသည့် အဆင့်အဖြစ် တိုးမြှင့်သတ်မှတ်ခဲ့သည်။

COVID – 19 ရောဂါသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟူပေပြည်နယ် ဝူဟန်မြို့မှ ယခုနှစ် ဇန်နဝါရီလဆန်းမှ စတင်ဖြစ်ပွားခဲ့ရာ နိုင်ငံများသို့ တစ်စတစ်စ ကူးစက်ပျံ့နှံ့လာပြီး ဖေဖော်ဝါရီလ နောက်ဆုံးရက်သတ္တပတ်တွင် နိုင်ငံ ၃၃ နိုင်ငံသို့ ကူးစက်ပျံ့နှံ့ရာမှ ယခု မတ်လ ၂ ရက်နေ့တွင် နိုင်ငံ ၆၀ ကျော် ကူးစက်ပျံ့နှံ့လာသဖြင့် ကူးစက်ပျံ့နှံ့နိုင်ငံ နှစ်ဆတိုးကာ အလွန်မြင့်မားသည့် အဆင့် (Very High) အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ မတ်လ ၂ ရက်နေ့အထိ ဟူပေပြည်နယ်တွင် သေဆုံးသူ ၂၈၀၃ ဦးရှိပြီး တရုတ်တစ်နိုင်ငံလုံးတွင် ၂၉၁၂ ဦးရှိသည်။ တစ်ကမ္ဘာလုံးတွင် ကူးစက်ခံရသူ ၈၈၅၈၂ ဦးရှိပြီး သေဆုံးသူ ၃၀၃၈ ဦးရှိသည်။ ပြန်လည်ကောင်းမွန်သူ ၄၅၀၅၆ ဦးရှိသော်လည်း ကမ္ဘာ့နိုင်ငံများသို့ ကူးစက်ပျံ့နှံ့မှုမြင့်မားလာပြီး အီရန်နိုင်ငံတွင် ၅၄ ဦး၊ အီတလီနိုင်ငံတွင် ၃၄ ဦး၊ ကိုရီးယားသမ္မတနိုင်ငံတွင် ၁၇ ဦးသေဆုံးပြီး ရောဂါဖြစ်ပွားမှုမြင့်တက်လာရာ အထူးသတိပြုဖွယ်ဖြစ်သည်။

လက်ရှိအချိန်အထိ မြန်မာနိုင်ငံ၌ COVID – 19 ရောဂါဖြစ်ပွားသူလူနာမတွေ့ရှိသေးသော်လည်း ရောဂါစတင်သည့် တရုတ်နိုင်ငံအပြင် စင်ကာပူနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ အီတလီနိုင်ငံနှင့် အီရန်နိုင်ငံတို့တွင် အရှိန်အဟုန်ဖြင့် ရောဂါကူးစက်ဖြစ်ပွားလျက်ရှိသည်ကို တွေ့ရမည်ဖြစ်သည်။ ကမ္ဘာ့နိုင်ငံများအားလုံးတွင် ရောဂါကူးစက်ပျံ့နှံ့နိုင်မှုအခြေအနေ အလွန်မြင့်မားသည့်အဆင့်အဖြစ် တိုးမြှင့်သတ်မှတ်ခဲ့သဖြင့် မြန်မာနိုင်ငံအနေဖြင့်လည်း ကူးစက်ပျံ့နှံ့မှုအန္တရာယ်ရှိနိုင်မှု အလွန်မြင့်မားသော အနေအထားတွင်ရှိနေသည်ဟု ဆိုနိုင်သည်။

မည်သို့ပင်ရှိသည်ဖြစ်စေ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ပညာရှင်များ တရုတ်နိုင်ငံသို့ သွားရောက်လေ့လာဆန်းစစ်ချက်အပေါ်မူတည်၍ ရောဂါကူးစက်ခြင်းမခံရသည့် နိုင်ငံများအနေဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် အကြံပြုချက်ငါးချက်ထုတ်ပြန်ထားရာ မြန်မာနိုင်ငံအနေဖြင့် ထိုအကြံပြုချက်များနှင့် ကိုက်ညီအောင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားခြင်း၊ ရောဂါစတင်ဖြစ်သည့်အချိန်မှစ၍ ယနေ့ထိတိုင်အောင် မပြတ်သော သတိ၊ မလျော့သောဝီရိယဖြင့် ရောဂါကာကွယ်တားဆီးရေးလုပ်ငန်းများကို တစိုက်မတ်မတ်ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ COVID – 19 ရောဂါဖြစ်ပွားသည့်နိုင်ငံများ တစ်နေ့ထက်တစ်နေ့ ပိုမိုများပြားလာသဖြင့် အဓိကဝင်ပေါက် အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ ရေဆိပ်၊ နယ်စပ်ဂိတ်များတွင် ရောဂါဖြစ်ပွားသည့်နိုင်ငံမှ လာရောက်သော ခရီးသည်များအား စောင့်ကြပ်ကြည့်ရှုစစ်ဆေးဖော်ထုတ်ခြင်း၊ ရောဂါပိုးသတ်ခြင်း၊ ကြပ်မတ်ကုသစောင့်ကြည့်ခြင်းတို့ကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားခြင်း၊ ပြည်သူလူထုလိုက်နာဆောင်ရွက်ရမည့် အချက်များကို စဉ်ဆက်မပြတ်အသိပေးခြင်း စသည်တို့ကို မမေ့မလျော့ မပေါ့မဆ သတိပြု၍ ဝိုင်းဝန်းလက်တွဲဆောင်ရွက်ခြင်းအားဖြင့် ရောဂါမဖြစ်သော နိုင်ငံအဖြစ် ဆက်လက်ရပ်တည်ကြရမည် ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# အမျိုးသားစာကြည့်တိုက်(ရန်ကုန်)ဖွင့်ပွဲအခမ်းအနား ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**ရန်ကုန် မတ် ၂**

အမျိုးသားစာကြည့်တိုက် (ရန်ကုန်) ဖွင့်ပွဲအခမ်းအနားကျင်းပနိုင်ရေး ဦးစီးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် အမျိုးသားစာကြည့်တိုက် (ရန်ကုန်) ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံစာကြည့်တိုက်အသင်းနာယက၊ ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက အမျိုးသားစာကြည့်တိုက်(ရန်ကုန်)ကို ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်း ၃၁ လမ်းနှင့် ၃၂ လမ်းကြားရှိ အမှတ် (၆၀၄/၆၀၈) အဆောက်အဦတွင် လာမည့်ဧပြီလ ပထမပတ်အတွင်း ဖွင့်ပွဲအခမ်းအနားကို စည်ကားသိုက်မြိုက်စွာဖြင့် အောင်မြင်စွာ ကျင်းပနိုင်ရန် လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အမျိုးသားစာကြည့်တိုက် (ရန်ကုန်)ကို စာပေ၊ ယဉ်ကျေးမှု၊ သမိုင်းစသည့် ပညာရပ်များကို အလွယ်တကူ လေ့လာနိုင်မည့် ပြည်သူ့အကျိုးပြု ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်သည့် ခေတ်မီဒစ်ဂျစ်တယ်စနစ်များပါဝင်သော နိုင်ငံတကာအဆင့်မီ စာကြည့်တိုက်ကြီးတစ်ခုအဖြစ် ပြောင်းရွှေ့ဖွင့်လှစ်သွားမည်ဖြစ်ပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသော ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်က အမျိုးသားစာကြည့်တိုက် (ရန်ကုန်) ပြောင်းရွှေ့ဖွင့်လှစ်နိုင်ရေးအတွက် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းထားမှုအခြေအနေများနှင့် ဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆပ်ကော်မတီအလိုက် ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြကြပြီး အစည်းအဝေးတက်ရောက်လာသူများက ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအပေါ် ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ဟိန္ဒူမိသားစုများ၏ အဌမအကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ



**ရန်ကုန် မတ် ၂**

ဟိန္ဒူမိသားစုများ၏ အဌမအကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ အမျိုးသားသွေးလှူဘဏ်၌ ကျင်းပသည်။

သွေးလှူဒါန်းပွဲတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်သီတာအောင် (အမျိုးသားသွေးလှူဘဏ်တာဝန်ခံ)က သွေးလှူဒါန်းခြင်းမှရရှိလာမည့် အကျိုးကျေးဇူးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် သွေးလှူဒါန်းပွဲကျင်းပရေးအဖွဲ့မှ Shri Saras Gupta က အမှာစကားပြောကြားပြီး ၁၀ ကြိမ်နှင့်အထက် သွေးလှူရှင်များနှင့် မိတ်ဆက်ပေးသည်။

ယင်းနောက် သနတ္တန ဓမ္မပါလက(ဟိန္ဒူ) အဖွဲ့ချုပ် လူမှုရေးလုပ်ငန်းတာဝန်ခံ တီကေပေါ(လ်)နှင့် ကိုဇော်မင်းထွန်းတို့က ကျေးဇူးတင်စကားပြောကြားကြသည်။

ယနေ့သွေးလှူဒါန်းပွဲတွင် ဟိန္ဒူမိသားစုဝင် ၁၀၀ ကျော် လာရောက်သွေးလှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်း–ရီရီမြင့်**
**ဓာတ်ပုံ–ဇော်မင်းလတ်**

ကြေးမုံ

စာတည်းမှူးချုပ် – ဦးဝင်းရွှေ
စာတည်းမှူး – ဦးဝင်းနိုင်
စာတည်းများ – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး – ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ – ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ – ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ
အငယ်တန်းသတင်းထောက်များ – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် – ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Daily Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ – ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

* ရှေ့ဖုံးမှ

မိမိတို့ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် လုံခြုံဘေးကင်း၍ ကျန်းမာရေးနှင့် ညီညွတ်သော အရည်အသွေးကောင်းမွန်သည့် သင်ယူမှုဝန်းကျင်ကောင်းဖြစ်အောင် ဖန်တီးဆောင်ရွက်၍ ၂၁ ရာစု စွမ်းဆောင်ရည်နှင့် လိုက်လျောညီထွေသည့် ကျွမ်းကျင်မှု၊ အရည်အသွေးများနှင့်ပြည့်စုံသော မျိုးဆက်သစ်ကျောင်းသား ကျောင်းသူများ ပြုစုပျိုးထောင်မွေးထုတ်ပေးကြရမည်ဖြစ်ပါကြောင်း၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဆောင်ရွက်ကြရာတွင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မိဘပြည်သူအားလုံးက မိသားစုစိတ်ဓာတ်ဖြင့် ညီညီညွတ်ညွတ် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

### အလွန်ကောင်းမွန်ပြည့်စုံ

ထို့နောက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဝန်ကြီးဌာနရှိ ကျောင်းကျန်းမာရေးဌာနခွဲနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြုစုထားရှိသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ လမ်းညွှန်ချက်(၇)ရပ်မှ အဓိကအချက်များ၊ သက်ရွယ်ဆင့်တူပညာပေးမှု လက်စွဲစာအုပ်များနှင့် လုပ်ငန်းလမ်းညွှန်တို့ကို ကျွမ်းကျင်မှုပိုင်းဆိုင်ရာ ရှုထောင့်မှ အလွန်ကောင်းမွန် ပြည့်စုံကြောင်းတွေ့ရှိရပါကြောင်း။

တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာ ကျောင်းသား ကျောင်းသူများအား အခြားသူများက ပညာပေးနှိုးဆော်မှုများပြုလုပ်သည်ထက် ၎င်းတို့နှင့် သက်တူ၊ ရွယ်တူ၊ အတန်းတူသူများအချင်းချင်း အသိပညာပေးမှုများ ပြုလုပ်ခြင်းသည် ပိုမိုထိရောက်ပြီးရရှိသည့် အသိပညာသည်လည်း ရေရှည်တည်တံ့ခိုင်မြဲစေပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဆရာများသမဂ္ဂ၊ ကျောင်းသားသမဂ္ဂများ၏ အခန်းကဏ္ဍသည် အရေးကြီးသဖြင့် ၎င်းတို့အနေဖြင့် မည်သို့ပါဝင် ပံ့ပိုးဆောင်ရွက်မည်ကိုလည်း ဆွေးနွေးပြီး ဆောင်ရွက်စေလိုပါကြောင်း။

### အကျိုးဆက်များကို ရရှိမည်

တက္ကသိုလ်၊ ကောလိပ်များတွင် ဤစီမံချက်ကို ပြုလုပ်နေသည်နှင့် တစ်ပြိုင်နက် အခြေခံပညာ ကျောင်းများတွင် တက်ရောက်နေသော ၉ဒသမ၇ သန်းရှိသော ကျောင်းသား ကျောင်းသူများအတွက်လည်း ဆောင်ရွက်စေလိုပါကြောင်း၊ ဤစီမံချက်ကို နိုင်ငံတော်စီမံချက်အနေဖြင့် ဆောင်ရွက်စေခြင်းအားဖြင့် အနာဂတ်တွင် လူကြီးဖြစ်လာမည့် ကျောင်းသား ကျောင်းသူများအားလုံး ကျန်းမာကြံ့ခိုင်ခြင်း၊ စိတ်ဓာတ်အားဖြင့် ပြည့်ဝခြင်း အစရှိသည့် အကျိုးဆက်များကို ရရှိမည်ဖြစ်သဖြင့် နိုင်ငံ၏ ဘက်စုံဖွံ့ဖြိုးမှု၌ များစွာအထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ အသိပညာပေးခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် အသိပညာဗဟုသုတရရှိရုံဖြင့် မပြီးမြောက်ဘဲ ၎င်းအသိပညာဗဟုသုတအား လက်တွေ့အသုံးချလာစေရေးအတွက်ကိုလည်း အစီအမံနှင့် ပတ်ဝန်းကျင်ကောင်းများကို ဖန်တီးပေးရမည်ဖြစ်ပါကြောင်း။

### ဦးစားပေးအစီအစဉ်

မူးယစ်ဆေးဝါးသုံးစွဲသူများသည် ကိုယ်ခန္ဓာတစ်ခုလုံး ထိခိုက်ပျက်စီးခြင်း၊ ဉာဏ်ရည်ထုံထိုင်းခြင်း၊ စိတ်ရောဂါများဖြစ်ပွားခြင်း၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးဘက်ပေါင်းစုံ ထိခိုက်ပျက်စီးခြင်းတို့ကို ခံစားရမည်ဖြစ်သည့်အတွက် မူးယစ်ဆေးဝါးကင်းစင်ရေးကိစ္စကို ဦးစားပေးအစီအစဉ် (၁)အဖြစ် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် အရက်တို့ကိုသုံးစွဲမှုကြောင့် ရေတိုကျန်းမာရေးထိခိုက်မှုသာမက ကင်ဆာရောဂါအပါအဝင် နာတာရှည်ရောဂါများကို ဖြစ်ပွားစေသည့်အပြင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် မိသားစုများအတွက်ပါ ဝန်ထုပ်ဝန်ပိုးကြီးဖြစ်စေမည်ဖြစ်ပါကြောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို မလိုက်နာသဖြင့် မတော်တဆမှုများဖြစ်ပွားခြင်း၊ ထိခိုက်ဒဏ်ရာရရှိခြင်းတို့ကြောင့် ကိုယ်လက်အင်္ဂါများ ဆုံးရှုံးခြင်း၊ အသက်သေဆုံးခြင်းများ ဖြစ်ပွားနိုင်ပါကြောင်း၊ ယာဉ်မတော်တဆဖြစ်ပွား ထိခိုက်ဒဏ်ရာရရှိသူတစ်ဦးကို ကုသမှုပေးရန် ဆေးပညာရပ် အမျိုးမျိုးမှ ခန္ဓာကိုယ်အပိုင်းလိုက် အထူးကုသသည့် ခွဲစိတ်ကုဆရာဝန်များ၊ သူနာပြုများ၊ ခွဲစိတ်ခန်းဝန်ထမ်းများ၊ ဓာတ်ခွဲ၊ ဓာတ်မှန်ဝန်ထမ်းများနှင့် ဘက်စုံသော ကျန်းမာရေးဝန်ထမ်းများစွာက ဝိုင်းဝန်း၍ ဆောင်ရွက်ရခြင်းဖြစ်သဖြင့် အခြားသော လူနာများအား ကုသမှုပေးချိန်များကိုလည်း ထိုသို့ထိခိုက်ဒဏ်ရာရရှိသူအား ပေးအပ်လိုက်ရသည်ဖြစ်ပါကြောင်း။

### မျိုးဆက်ပွားကျန်းမာရေး

ယာဉ်မတော်တဆဖြစ်ပွား ထိခိုက်ဒဏ်ရာရရှိသူတစ်ဦးအား ခွဲစိတ်ကုသမှုပေးရာတွင် ဆရာဝန်၊ သူနာပြုနှင့် ကျန်းမာရေးဝန်ထမ်းများက နာရီအနည်းငယ်မှ နာရီပေါင်းများစွာ လုပ်ဆောင်ရသည်ဖြစ်ပါကြောင်း၊ ထို့ပြင် ဆေးနှင့်ဆေးပစ္စည်းများစွာကိုလည်း သုံးစွဲကုသမှုပေးရခြင်းဖြစ်သဖြင့် ယာဉ်မတော်တဆမှုများ လျော့နည်းပပျောက်လာပါက မိမိတို့၏ ကျန်းမာရေးဝန်ထမ်းများတွင် အလုပ်တာဝန်ပိမှုလျော့ပါးလာခြင်း၊ အခြားလူနာများအတွက် ကုသချိန်ပိုမို ပေးအပ်နိုင်ခြင်း၊ ဆေးနှင့်ဆေးပစ္စည်းကုန်ကျမှုများ လျော့နည်းလာခြင်းတို့ကို ရရှိမည်ဖြစ်ပါကြောင်း၊ လိင်မှတစ်ဆင့်ကူးစက်တတ်သောရောဂါများကို ကာကွယ်ရေးအပါအဝင် ဘဝတစ်သက်တာအတွက်လိုအပ်မည့် မျိုးဆက်ပွားကျန်းမာရေး အသိပညာဗဟုသုတများသည် အရေးကြီးပါကြောင်း၊ ဂိမ်းအလွန်အကျွံစွဲလမ်းမှုများကြောင့် ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးများထိခိုက်ခြင်းတို့ ဖြစ်ပေါ်လာနိုင်ပါကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကလည်း ဂိမ်းအလွန်အကျွံ စွဲလမ်းမှုများကို ကျန်းမာရေးပြဿနာတစ်ရပ် (Gaming Disorder) အဖြစ် International Classification of Diseases and Health Problems – 11 (ICD – 11)၌ ထည့်သွင်းသတ်မှတ်ခဲ့ပါကြောင်း။

### လိုအပ်သလို မွမ်းမံဆောင်ရွက်သွားရမည်

လက်ရှိရေးဆွဲထားသော မဟာဗျူဟာသည်လည်း ပုံသေမဟုတ်ဘဲ ပိုမိုကောင်းမွန် အောင်မြင်စေရန်အတွက် တိုင်းဒေသကြီး/ပြည်နယ်အလိုက်၊ ပြောင်းလဲလျက်ရှိသော အခြေအနေအရပ်ရပ်နှင့်ကိုက်ညီစွာဖြင့် လိုအပ်သလိုမွမ်းမံဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ မဟာဗျူဟာတွင် ပါဝင်သည့် လုပ်ငန်းစဉ်များသည် လက်တွေ့မြေပြင်အခြေအနေတွင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များသာ ဖြစ်စေရေးမှာ အထူးအရေးကြီးပါကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များမှ တာဝန်ရှိသူများက ပံ့ပိုးဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ သက်ရွယ်ဆင့်တူ ပညာပေးအစီအစဉ် လုပ်ငန်းများအပါအဝင် ကျောင်းအခြေပြုကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများကို အားလုံးစုစည်း ကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာမြင့်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တာဝန်ရှိသူများသည် ပြခန်းများအား လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ယင်းနောက် အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များတွင် မူးယစ်ဆေးဝါးအန္တရာယ် ကင်းစင် ပပျောက်ရေးနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံဆရာဝန်အသင်း နည်းပညာအကြံပေး(လူငယ်စီမံချက်) ဒေါက်တာနေဝင်းက Moderator အဖြစ်လည်းကောင်း၊ ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာန ပါမောက္ခ/ဌာနမှူး ဒေါက်တာနီလာကြူ၊ မူးယစ်ဆေးစွဲရောဂါကုသရေးနှင့် သုတေသနစီမံချက်မန်နေဂျာ ဒေါက်တာနန္ဒမျိုးအောင်ဝမ်း၊ စိတ်ကျန်းမာရေး ပါမောက္ခ ဒေါက်တာဆန်းလင်း၊ ရန်ကုန်တက္ကသိုလ် ရှေးဟောင်းသုတေသနဌာန တွဲဖက်ပါမောက္ခ ဒေါက်တာရဲထွန်း၊ ရန်ကုန်ဆေးတက္ကသိုလ်(၁)အလုပ်သင်ဆရာဝန် ဒေါက်တာရာသူ(လ်)ပရာဆတ်နှင့် ရန်ကုန်တက္ကသိုလ် ကြက်ခြေနီအသင်း တွဲဖက်အတွင်းရေးမှူး ကိုနိုင်မင်းခန့်တို့က Panelists များအဖြစ် လည်းကောင်း Panel Discussion ကို ဆောင်ရွက်ကြပြီး သိရှိလိုသည့်မေးခွန်းများအား ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

* တောင်သူလယ်သမားနေ့မှ

တောင်သူလယ်သမားများ၏ အခွင့်အရေးများ ပြည့်ဝစွာ ရရှိခံစားနိုင်စေရန်နှင့် အကျိုးစီးပွားမြင့်မားလာစေရန် ဧရာဝတီတိုင်းဒေသကြီး၏ လယ်ယာကဏ္ဍတွင် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာစေရန် ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

### ဆုများပေးအပ်

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးဝန်ကြီးများက လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့ကြသည့် ထူးချွန်တောင်သူများနှင့် ဝန်ထမ်းများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ ဓနုဖြူ၊ မအူပင်၊ ရေကြည်၊ ဒေးဒရဲနှင့် ကျောင်းကုန်းမြို့နယ်တို့မှ စွန့်လွှတ်မြေများ တောင်သူများလက်ဝယ်သို့ လုပ်ပိုင်ခွင့်ပြုလက်မှတ်များပေးအပ်ခြင်း အခမ်းအနားကို ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် တာဝန်ရှိသူများက တောင်သူများအား လုပ်ပိုင်ခွင့်ပြုလက်မှတ်များ ပေးအပ်သည်။



ထို့နောက် စွန့်လွှတ်မြေများ လုပ်ပိုင်ခွင့်ပြုလက်မှတ်လက်ခံရရှိသည့် တောင်သူများ ကိုယ်စား တောင်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အခမ်းအနားသို့ တက်ရောက်လာသည့် တောင်သူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် လယ်မြေပေါ်တွင် ကောင်းကင်မျိုးစေ့ကြဲကိရိယာဖြင့် မျိုးစေ့ကြဲပက်ခြင်း၊ ကောင်းကင်ဆေးဖျန်းစက်ဖြင့် ဆေးဖျန်းပြသခြင်းတို့ကို ကြည့်ရှုကြသည်။

### ပေးအပ်

ဧရာဝတီတိုင်းဒေသကြီးအတွင်း ၂၀၁၉ ခုနှစ် အကုန်အထိ ဧကပေါင်း ၈၉၉၂ ဧကအား တောင်သူများလက်ဝယ်သို့ပြန်လည်လွှဲပြောင်း၍ လုပ်ပိုင်ခွင့်လက်မှတ် ပေးအပ်ခဲ့ပြီးဖြစ်ရာ ယနေ့ကျင်းပသည့် တောင်သူလယ်သမားနေ့ အခမ်းအနားတွင် တောင်သူ ၆၃၉ ဦးအတွက် ၂၉၆၅ ဧကအား လုပ်ပိုင်ခွင့် လက်မှတ်ပေးအပ်ခဲ့ကြောင်း သိရသည်။

ယနေ့ကျင်းပသည့် တောင်သူလယ်သမားနေ့အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ် ၂၆ မြို့နယ်မှ တောင်သူ ၃၀၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

**သတင်း–သီသီမင်း၊ မင်းသစ်**
**ဓာတ်ပုံ–နေလင်း**

# တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားအား ခေတ္တဆိုင်းငံ့ထားမည်ဖြစ်ကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ အသိပေးချက်ထုတ်ပြန်

**နေပြည်တော် မတ် ၂**

တပ်မတော်နေ့စစ်ရေးပြအခမ်းအနားကို ခေတ္တဆိုင်းငံ့ထားမည်ဖြစ်ကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က မတ် ၁ ရက် ရက်စွဲဖြင့် အသိပေးချက်တစ်ရပ် ထုတ်ပြန်ထားသည်။

အဆိုပါ အသိပေးချက်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) အနေဖြင့် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလမှစတင်၍ ဖြစ်ပွားခဲ့သည့်COVID–19 ကူးစက်ရောဂါနှင့် ပတ်သက်၍ ဇန်နဝါရီ ၃၀ ရက်တွင် အပြည်ပြည်ဆိုင်ရာ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေ (Public Health Emergency of International Concern) အဖြစ်ကြေညာခဲ့ကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့်လည်း လတ်တလော ကမ္ဘာ့နိုင်ငံများ၌ ဖြစ်ပွားလျက်ရှိသည့် COVID–19 ကူးစက်ရောဂါနှင့်ပတ်သက်၍ ပြည်သူလူထုသို့ အသိပေးနှိုးဆော်လွှာနှင့် ရှောင်ကြဉ်ရမည့် အချက်များအား နေ့စဉ်အသိပေး ပြန်ကြားလျက်ရှိကြောင်း။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၌ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ မတွေ့ရှိသေးသော်လည်း ကိုရီးယားသမ္မတနိုင်ငံ၊ အီရန်နိုင်ငံ၊ အီတလီနိုင်ငံ အစရှိသည့် နိုင်ငံများတွင် ရောဂါဖြစ်ပွားသူများ ရုတ်တရက် တစ်ပြိုင်နက် တွေ့ရှိရသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း အလားတူအခြေအနေမျိုး အချိန်၊ နေရာ မရွေး လူအများ၌ ကူးစက်ဖြစ်ပွားနိုင်ကြောင်းနှင့် လူစုလူဝေးများပြားရာ နေရာများကို အတတ်နိုင်ဆုံး ရှောင်ကြဉ်ရန်၊ မဖြစ်မနေကျင်းပရမည့် လူစုလူဝေးနှင့် ပွဲလမ်းသဘင်များကိုသာ ပြုလုပ်ရန်နှင့် အကယ်၍ ပွဲလမ်းသဘင်များ မလွှဲမရှောင်သာ ကျင်းပရပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေး၊ ကျန်းမာရေးအသိပညာပေးနှိုးဆော်ချက်များအား တိကျစွာလိုက်နာရန် အသိပေးနှိုးဆော်လျက်ရှိပြီး ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့၌ COVID–19 ရောဂါအား ကူးစက်မြန်ရောဂါ (သို့မဟုတ်)တိုင်ကြားရမည့် ကူးစက်ရောဂါအဖြစ် သတ်မှတ်သည့် အမိန့်အမှတ်စဉ် ၁၉/၂၀၂၀ ကို ထုတ်ပြန်ခဲ့ကြောင်း။

သို့ဖြစ်၍ တပ်မတော်အနေဖြင့် မတ် ၂၇ ရက်တွင် ကျင်းပပြုလုပ်မည့် စိန်ရတုတပ်မတော်နေ့ စစ်ရေးပြအခမ်းအနားနှင့်ပတ်သက်၍ ခေတ္တဆိုင်းငံ့ထားမည်ဖြစ်ကြောင်းနှင့် WHO နှင့် နိုင်ငံတကာမှ COVID–19 ကူးစက်မြန်ရောဂါ ထိန်းချုပ်နိုင်မှုနှင့်ပတ်သက်၍ တစ်စုံတစ်ရာထုတ်ပြန်မှသာ စိန်ရတုတပ်မတော်နေ့ စစ်ရေးပြအခမ်းအနား ကျင်းပနိုင်ရေး ဆက်လက်စီမံဆောင်ရွက်ရန် လျာထားကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်ဟု ဖော်ပြပါရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း မကွေးတိုင်းဒေသကြီးအတွင်းရှိ စိုက်ခင်းများ၊ ရွှေသမင်များနှင့် ကျေးငှက်များသောက်သုံးရန် ရေကန်နှင့် ရွှေစက်တော်-မန်းချောင်း အပန်းဖြေဆင်စခန်းတို့ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၂**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် မတ် ၁ ရက်တွင် မကွေးတိုင်းဒေသကြီးအတွင်းရှိ စိမ်းလန်းစိုပြည်ရေးစိုက်ခင်း၊ တောင်တန်းစိုက်ခင်း၊ ရွှေစက်တော်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း ရွှေသမင်များနှင့် ကျေးငှက်များ သောက်သုံးရန်အတွက် ရေကန်၊ ကြယ်လိပ်မွေးမြူရေးခြံနှင့် ရွှေစက်တော်-မန်းချောင်း အပန်းဖြေဆင်စခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

**အလေးထားဆောင်ရွက်**

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်ရှိ စန္ဒကူးကျောင်းတော်ရာ၌ သစ်တောဦးစီးဌာနက တည်ထောင်စိုက်ပျိုးထားသည့် စန္ဒကူးပင်များ ရှင်သန်အောင်မြင်မှုကို ကြည့်ရှုစစ်ဆေးပြီး စန္ဒကူးပင်များ ရေရှည်ရှင်သန် အောင်မြင်စေရေးအတွက် ပြုစုထိန်းသိမ်းခြင်းကို အလေးထားဆောင်ရွက်ရန်၊ ပျိုးပင်ငယ်များသာမက ပျိုးပင်ကြီးများ ပျိုးထောင်ထားရှိရန်တို့ကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပွင့်ဖြူမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနက တည်ထောင်စိုက်ပျိုးထားရှိသည့် ၁/ ၂၀၁၉ စိုက်ခင်းဧက ၃၀ နှင့် ၂/၂၀၁၉ စိုက်ခင်းဧက ၂၀ တို့အား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရွှေစက်တော် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ရွှေသမင်များနှင့် ကျေးငှက်များ သောက်သုံးရန်အတွက် တူးဖော်ထားရှိသည့် ကန်တော်ကြီးကန်အား ကြည့်ရှုစစ်ဆေးပြီး ခြောက်သွေ့ရာသီတွင် ရွှေသမင်များ သောက်ရေပြတ်လပ်မှုမရှိစေရေး ဂရုပြုဆောင်ရွက်ရန်၊ အလှူရှင်များ၏ ရေလှူဒါန်းမှုများအား မှတ်တမ်းထားရှိ၍ စနစ်တကျသုံးစွဲရန်၊ ရွှေသမင်အရေအတွက်အား မှတ်တမ်းထားရှိရန်၊ ကန်တော်ကြီးကန်ဝန်းကျင်၌ ရွှေသမင်များအတွက် သီးပင်၊ စားပင် စိုက်ပျိုးဆောင်ရွက်မှု၊ ရှင်သန်မှုအခြေအနေကို စနစ်တကျ မှတ်တမ်းထားရှိ၍ သေပင်များအား လာမည့်မိုးရာသီတွင် ဖာထေးဆောင်ရွက်ရန်၊ ရွှေစက်တော်ဘုရားဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပရေးအတွက် အမြဲစိမ်းအပင်များ စိုက်ပျိုးဆောင်ရွက်ရန်၊ ရွှေစက်တော်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း လူဝင်၊ လူထွက် သွားလာမှုကို စောင့်ကြည့်စစ်ဆေးရန်နှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အစီအမံများ ချမှတ်ဆောင်ရွက်ရန်တို့ကို ဆွေးနွေးမှာကြားသည်။



**ဝန်ဆောင်မှုအပြည့်အဝပေးနိုင်**

မွန်းလွဲပိုင်းတွင် မြန်မာ့သစ်လုပ်ငန်းက ပြည်သူများ အပန်းဖြေ ပျော်ရွှင်နိုင်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည့် ရွှေစက်တော်-မန်းချောင်း အပန်းဖြေဆင်စခန်းအား ကြည့်ရှုစစ်ဆေးပြီး ဆင်စခန်းယာယီ ရှင်းလင်းဆောင်တွင် မြန်မာ့သစ်လုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ ဦးသိန်းဦးက ဆင်စခန်းဖြစ်ပေါ်လာပုံ၊ အဆောက်အဦများ ဆောက်လုပ်ထားရှိမှု၊ ဧည့်သည်ဝင်ရောက်မှုနှင့် ဝင်ငွေရရှိမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို တင်ပြရာ ပြည်ထောင်စုဝန်ကြီးက လာရောက်လည်ပတ်သည့် ဧည့်သည်များအား ဝန်ဆောင်မှုအပြည့်အဝပေးနိုင်စေရေးအတွက် ဆောင်ရွက်ရမည့်အစီအမံများ၊ ဆင်စီးခြင်း၊ ဆင်အလှပြသခြင်းများတွင် အန္တရာယ်မရှိစေရေးအတွက် ဆောင်ရန်၊ ရှောင်ရန်များကို အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် ရေးသားထားရှိရန်၊ ပြည်တွင်း ပြည်ပ ဧည့်သည်ဝင်ရောက်မှုကို စနစ်တကျမှတ်တမ်းထားရှိရန်၊ ဆင်စခန်းဝန်းကျင် သန့်ရှင်းရေးနှင့် သာယာလှပရေးကို အထူးဂရုစိုက်ရန်တို့ကို ဆွေးနွေးမှာကြားသည်။

**မှတ်တမ်းထားရှိ**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရွှေစက်တော်ဘေးမဲ့တောဥယျာဉ်အတွင်းရှိ ကြယ်လိပ်မွေးမြူရေးခြံအား ကြည့်ရှုစစ်ဆေး၍ ကြယ်လိပ်များ၌ ရာသီအလိုက်ဖြစ်တတ်သည့် ရောဂါများ မဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ ကြယ်လိပ်များပျောက်ဆုံးမှု မရှိစေရေး အထူးကြပ်မတ်ဆောင်ရွက်ရန်၊ ကြယ်လိပ်များ၏ နှစ်အလိုက်ဥဥနှုန်း၊ သားပေါက်နှုန်းနှင့် တိုးပွားလာမှုတို့ကို မှတ်တမ်းထားရှိရန် မှာကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မင်းဘူးမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနက ဆင်ဂေါင်း-ဇီးအိုင် ကြိုးပြင်ကာကွယ်တောအတွင်း စိုက်ပျိုးဆောင်ရွက်လျက်ရှိသည့် အထူးစိမ်းလန်းစိုပြည်ရေးစိုက်ခင်း ၂/၂၀၁၉၊ တောင်တန်းစိုက်ခင်း ၁/၂၀၁၉ နှင့် ၂၀၁၉ ခုနှစ် သစ်မျိုးစုံစိုက်ခင်းတို့အား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီး ဦးအောင်လှထွန်း The Global New Light of Myanmar သတင်းစာတိုက် စာတည်းအဖွဲ့နှင့် တွေ့ဆုံဆွေးနွေး



**ရန်ကုန် မတ် ၂**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် ယနေ့မွန်းလွဲ ၃ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ The Global New Light of Myanmar သတင်းစာတိုက်သို့ ရောက်ရှိပြီး သတင်းစာ အရည်အသွေးတိုးတက်ရေးအတွက် စာတည်းအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးသည်။

**ဘက်စုံတိုးတက်ကောင်းမွန်ရန်လိုအပ်**

တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက The Global New Light of Myanmar သတင်းစာသည် နိုင်ငံတော်၏ အစိုးရအာဘော်ကို ထင်ဟပ်စေသည့် တစ်ခုတည်းသော အင်္ဂလိပ်သတင်းစာဖြစ်သဖြင့် သတင်းစာ အရည်အသွေးပိုင်း ဘက်စုံတိုးတက်ကောင်းမွန်ရန် လိုအပ်ပါကြောင်း၊ သတင်းရွေးချယ်တင်ဆက်ပုံနှင့် အင်္ဂလိပ်စာ အရေးအသား တိုးတက်ကောင်းမွန်ရေး၊ ကျွမ်းကျင်ဝန်ထမ်းများ မျိုးဆက်မပြတ်စေရေးအတွက် ဝန်ထမ်းများ လေ့ကျင့်ပျိုးထောင်ပေးရေးတို့အတွက် ပွင့်ပွင့်လင်းလင်းအကြံပြုဆွေးနွေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် စာတည်းအဖွဲ့မှ တာဝန်ရှိသူများက လုပ်ငန်းလိုအပ်ချက်များနှင့် အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက ပြန်လည်ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားသည်။

သတင်းစဉ်

# မြောင်းမြ၌ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အဦသစ် ဖွင့်လှစ်

**မြောင်းမြ မတ် ၂**

၂၀၂၀ ပြည့်နှစ် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် မြောင်းမြခရိုင် အိမ်မဲမြို့နယ် ရှမ်းစုကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အဦသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီက အဆိုပါအဆောက်အဦရှေ့၌ ကျင်းပသည်။

**ဖွင့်လှစ်**

ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အဦကို ပုသိမ်မြို့ တိုင်းဆေးရုံအုပ်ကြီး ဒေါက်တာ သန်းမင်းထွဋ်၊ မြောင်းမြခရိုင် ဆေးရုံအုပ်ကြီး ဒေါက်တာနှစ်ဆန်းဦး၊ ဆေးခန်းအဆောက်အဦအလှူရှင် (ဒေါ်ကြင်အေးအားရည်စူး၍) ဒေါ်ခင်အေးအေးနိုင်နှင့် ဒေါ်အေးအေးခိုင် (ရန်ကုန်မြို့) တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် တိုင်းဆေးရုံအုပ်ကြီး ဒေါက်တာ သန်းမင်းထွဋ်နှင့် မြောင်းမြခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာနှစ်ဆန်းဦးတို့က မုဒိတာစကားများ ပြောကြားပြီး အလှူရှင် ဒေါ်ခင်အေးအေးနိုင် မိသားစုက ဆေးခန်းအဆောက်အဦ လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ မြေအလှူရှင်နှင့် အဆောက်အဦအလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းများ ပြန်လည်ပေးအပ်သည်။

အဆိုပါရှမ်းစုကျေးရွာကျေးလက်ကျန်းမာရေးဌာနခွဲမှာ ပုသိမ်မြို့ တိုင်းဆေးရုံအုပ်ကြီး ဒေါက်တာသန်းမင်းထွဋ်က ကျေးလက်ကျန်းမာရေးဌာန မရှိသော၊ ဆေးကုသရန်ခက်ခဲသော မြို့ဒေသနှင့်ဝေးလံခေါင်သော အရပ်ဒေသများအတွက် အလှူခံဆောက်လုပ်ပေးသော ၂၅ ခုမြောက် ဖွင့်လှစ်သည့် ဆေးခန်းဖြစ်ပြီး (၃၀ x ၄၂)ပေ အုတ်တစ်ထပ်တိုက်၊ ကွန်ကရစ်ခင်းသွပ်မိုးအဝီစိတွင်းနှင့် ကျေးလက်မီးလင်းရေးအစီအစဉ်ဖြင့် လျှပ်စစ်မီတာ တပ်ဆင်ထားရှိကာ ငွေကျပ်သိန်း ၂၀၀ ကုန်ကျခံကာ ကျေးလက် ဆေးပေးခန်း စံကိုက်အညီ ဆောက်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

အောင်မင်း (မြောင်းမြ)

မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီက ဦးစီးကျင်းပသော
"၂၀၂၀ ပြည့်နှစ်၊ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့"
အထိမ်းအမှတ်အခမ်းအနား
"မျိုးဆက်တိုင်းအတွက်လိုအပ်ချက် အမျိုးသမီးအခွင့်အရေးသိလျက်ဖော်ဆောင်ရွက်"
"I am Generation Equality: Realizing Women's Rights"
နေပြည်တော်
၈.၃.၂၀၂၀

# ကလေးမြို့နယ်၌ ကုန်ထုတ်လမ်းကို အရှည် ပေ ၁၂၅၄၀ ဖောက်လုပ်ပေးမည်

**ကလေး မတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်တွင် ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ၏ ထွက်ကုန်၊ ထုတ်ကုန်များကို ကုန်ကျစရိတ်အနည်းဆုံးဖြင့် လျင်မြန်စွာ ရောက်ရှိစေရန် သယ်ယူပို့ဆောင်ပေးနိုင်မည့်လမ်းများ ဖြစ်ပေါ်လာစေရေး ထောက်ကြန့်ကျေးရွာ ကျေးလက်ကုန်ထုတ်လမ်းအား ငွေကျပ် ၈၈ ဒသမ ၅ သန်းဖြင့် ဖောက်လုပ်လျက်ရှိကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ထောက်ကြန့်ကျေးရွာ ကုန်ထုတ်လမ်းမှာ အရှည်ပေ ၁၂၅၄၀ အကျယ် ၁၂ ပေ နှင့် မြေသားဒုနှစ်ပေ၊ သဲကျောက်ဒုကိုးပေနှင့် Box Culvert သုံးစင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး ယင်းလမ်း ဖောက်လုပ်ပြီးစီးပါက ၎င်းကျေးရွာနေ အိမ်ခြေ ၈၆၉၊ လူဦးရေ ၄၉၃၆ နှင့် လယ်မြေ ဧက ၄၀၀ ကျော်ကို အကျိုးပြုမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းမြင့်က ပြောသည်။

မွေးကြူဇင်

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လမ်း/တံတား ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၂**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် ယမန်နေ့ နံနက်ပိုင်းတွင် ပုသိမ်-ကံကုန်း-မြောင်းမြလမ်းအပိုင်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ မရမ်းချောင်-ရွာသစ်လမ်းပေါ် မီတာ ၂၄၀ ရှိ ကျွန်းကုန်းတံတားသစ် တည်ဆောက်နေမှုနှင့် ကျွန်းကုန်းကြိုးတံတားဟောင်း ကြံ့ခိုင်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပန်းတနော် - ရွှေလောင်း - ဝါးခယ်မ-ကျုံမငေးလမ်းပေါ်ရှိ ဝါးခယ်မတံတား အဆင့်မြှင့်တင်ခြင်းစီမံကိန်းရှင်းလင်းဆောင်၌ တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁၅)မှ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးရဲနိုင်ဦးက ဝါးခယ်မတံတား ပင်မကြိုးတံတားအပိုင်းအား ဖြုတ်သိမ်း၍ HS 25 Load Class Steel Box Girder တံတားအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေမှုနှင့် အဆိုပါလမ်းပေါ်ရှိ ရွှေလောင်းတံတား အဆင့်မြှင့်တင်တည်ဆောက်နေမှုတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။



ဝါးခယ်မတံတားသည် ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ပန်းတနော် - ရွှေလောင်း - ဝါးခယ်မ- ကျုံမငေးလမ်းပေါ်တွင် တည်ရှိပြီး ဝါးခယ်မမြစ်ကို ဖြတ်ကျော်တည်ဆောက်ထားကာ ပင်မတံတားအပိုင်းကို

ယခင်မူလကြိုးတံတားဟောင်းအား ဖြုတ်သိမ်း၍ Steel Box Girder သံကူကွန်ကရစ်ကြမ်းခင်းအဖြစ် အစားထိုးအဆင့်မြှင့်တင်ဆောင်ရွက်ခြင်းဖြစ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဧရာဝတီတိုင်းဒေသကြီး လမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းတွင် ပါဝင်သော လမ်းအမှတ် (၁၀) ဘိုကလေး - မော်လမြိုင်ကျွန်း - ဝါးခယ်မ - မြောင်းမြလမ်းပေါ်တွင် တံတားဦးစီးဌာန တံတားတည်ဆောက်ရေးအဖွဲ့(၂)မှ တည်ဆောက်နေသော ကျွန်းပြဿဒ်တံတားနှင့် စော်ကဲတံတားတို့၏ သံပေါင်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဘိုကလေး-မော်လမြိုင်ကျွန်း- ကျုံမငေး-မြောင်းမြလမ်းပေါ်ရှိ တံတားသစ်များဖြစ်သည့် စော်ကဲတံတားနှင့် ကျွန်းပြဿဒ်တံတား၊ ယခင်ကြိုးတံတားများအား အဆင့်မြှင့်တင်တည်ဆောက်နေသည့် ဝါးခယ်မတံတားနှင့် ကျွန်းကုန်းတံတားများ တည်ဆောက်ပြီးပါက ခရီးသွားပြည်သူများအနေဖြင့် ဘိုကလေးနှင့် မော်လမြိုင်ကျွန်းတို့မှ မြောင်းမြနှင့် ပုသိမ်မြို့တို့သို့ အချိန်တိုအတွင်း သွားလာနိုင်မည့်အပြင် ကုန်စည်စီးဆင်းမှုလည်း သွက်လက်မြန်ဆန်လာမည်ဖြစ်သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မအူပင်-ရေလဲကလေး - ကျိုက်ပိ - မော်လမြိုင်ကျွန်းလမ်းနှင့် မအူပင်-တွံတေး-လှိုင်သာယာလမ်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပွန်ဂဲလ်(ခေါ်) ကောက်သစ်စားပွဲနှင့် တောင်သူလယ်သမားဦးကြီးများ ဂုဏ်ပြုပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် မတ် ၂**

မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)က ကြီးမှူးကျင်းပသည့် ၂၀၂၀ ပြည့်နှစ် ပွန်ဂဲလ်(ခေါ်) ကောက်သစ်စားပွဲနှင့် တောင်သူလယ်သမားဦးကြီးများ ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့ညပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏလမ်းဆုံအနီး သုဝဏ္ဏဘူမိ Event Park ၌ ကျင်းပသည်။

ရှေးဦးစွာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်း၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို) ဂုဏ်ထူးဆောင်နာယက ဦးအောင်ဆန်းနှင့် နာယကများ၊ ဥက္ကဋ္ဌ ဦးသိန်းလွင်နှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဆီမီးထွန်းညှိကာ အခမ်းအနားကို စတင်သည်။

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်းအသင်းဥက္ကဋ္ဌ ဦးသိန်းလွင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့က ဂုဏ်ပြုအမှာစကား ပြောကြားကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း အထွေထွေအတွင်းရေးမှူး ဦးချစ်ဝင်းက တမီလ်ဘာသာဖြင့် အသင်း၏လုပ်ဆောင်ချက်များကို ရှင်းလင်းတင်ပြသည်။

ယနေ့ကျင်းပသည့် ပွန်ဂဲလ်(ခေါ်) ကောက်သစ်စားပွဲနှင့် တောင်သူလယ်သမားဦးကြီးများ ဂုဏ်ပြုပွဲအခမ်းအနားတွင် အိန္ဒိယရိုးရာအက၊ မြန်မာရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

**သတင်းစဉ်**



# အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့မှ မြန်မာနိုင်ငံတွင် အမျိုးသားအဆင့် ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် မတ် ၂**

အာရှ-ပစိဖိတ် ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့နှင့် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့တို့ ပူးပေါင်း၍ အမျိုးသားအဆင့် ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းဆွေးနွေးပွဲ (National Workshop on Financial Management & Controls)ဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ဝိုင်အမ်စီအေခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ အထောက်အကူပြုဌာန ညွှန်ကြားရေးမှူး Mr.J.Rizal C.Pangilinan၊ အုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ညွှန်ကြားရေးမှူး Mr.Thian Hoon-boon နှင့် အဖွဲ့ဝင်များ၊ ဘဏ္ဍာရေးလုပ်ငန်းအဖွဲ့နှင့် ဒုတိယဥက္ကဋ္ဌ Mr. Paul Ho နှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ ကင်းထောက်ချုပ် ဒေါက်တာတင်ညို၊ ဒုတိယကင်းထောက်ချုပ် ဦးသာစိန်နှင့် မြန်မာနိုင်ငံ ကင်းထောက်ကြီးများ၊ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်မည့် တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးရုံးများကိုယ်စားပြု ပညာရေးအရာရှိ ၁၇ ဦး၊ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့မှ ကင်းထောက်ကြီးများ၊ တက္ကသိုလ်အသီးသီးမှ ရိုဗာကင်းထောက်ခေါင်းဆောင် ၁၇ ဦးတို့ တက်ရောက်ကြသည်။




အမျိုးသားအဆင့် ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းဆွေးနွေးပွဲ ဖွင့်ပွဲတွင် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ ကင်းထောက်ချုပ် ဒေါက်တာတင်ညို အမှာစကားပြောကြားစဉ်။

လုပ်ငန်းဆွေးနွေးပွဲ ဖွင့်ပွဲတွင် ကင်းထောက်ချုပ် ဒေါက်တာတင်ညိုက ယခုဆွေးနွေးပွဲမှာ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့တွင် အရေးကြီးသည့် ဘဏ္ဍာရေးစီမံခန့်ခွဲမှုလုပ်ငန်းအတွက် အထူးလိုအပ်သည့် လုပ်ငန်းစနစ်နှင့် နိုင်ငံတကာ၏ အတွေ့အကြုံများ ရရှိလာမည်ဖြစ်သဖြင့် အဓိကကျသည့် လုပ်ငန်းဆွေးနွေးပွဲဖြစ်ကြောင်း၊ အာရှ-ပစိဖိတ်ဒေသအတွင်း ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းတာဝန်များ၊ စီစဉ်ဆောင်ရွက်ရသည့် လုပ်ငန်းအဖွဲ့အစည်းအဝေးနှင့် တစ်ဆက်တည်း ကျင်းပရသဖြင့် အတွေ့အကြုံရင့်ကျက်သည့် ပုဂ္ဂိုလ်များ တစုတဝေးတည်း ပါဝင်လာသည့်အတွက် ထူးခြားမှုတစ်ရပ်ဖြစ်ကြောင်း၊ ဆွေးနွေးပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပညာရေး တာဝန်ရှိသူများ ပါဝင်လာပြီး ယခုတိုးချဲ့ဖွဲ့စည်းလျက်ရှိသည့် တိုင်းဒေသကြီး၊ ပြည်နယ် ကင်းထောက် ရုံးများအတွက် အထောက်အကူ ဖြစ်ပါကြောင်း၊ မကြာမီကာလအတွင်း စနစ်ကျကောင်းမွန်သည့် လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ အထောက်အကူပြုဌာန ညွှန်ကြားရေးမှူး Mr.J.Rizal C.Pangilinan က မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့အတွက် လိုအပ်နေသည့် ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်၏ မူဘောင်နှင့် ကိုက်ညီသည့် ဘဏ္ဍာရေးစီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းများကို ပို့ချဆွေးနွေးခွင့်ရမည်ဖြစ်ပါကြောင်း၊ ဘဏ္ဍာရေးလုပ်ငန်းများနားလည်သိကျွမ်းသည့် နိုင်ငံတကာမှ အတွေ့အကြုံရှိသည့် ကင်းထောက်ခေါင်းဆောင်များကိုယ်တိုင် ဦးဆောင်ပို့ချသွားမည်ဖြစ်သဖြင့် မြန်မာနိုင်ငံ ကင်းထောက်၏ ရှေ့လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ပြည့်စုံကောင်းမွန်လာမည်ဖြစ်သကဲ့သို့ ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်၏ လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းလုပ်ငန်းဆွေးနွေးပွဲကို မတ် ၂ရက်မှ ၅ ရက်အထိ ပြုလုပ်မည်ဖြစ်ပြီး လုပ်ငန်းဆွေးနွေးပွဲ တက်ရောက်သူများအား အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက် အဖွဲ့ဝင်များဖြစ်သည့် စင်ကာပူ၊ ဖိလစ်ပိုင်၊ မလေးရှား၊ ဟောင်ကောင်၊ အင်ဒိုနီးရှား၊ ပါကစ္စတန်၊ တရုတ်(တိုင်ပေ) တို့မှ ကင်းထောက်ချုပ်များ၊ ဒုတိယကင်းထောက်ချုပ်နှင့် ဘဏ္ဍာရေးဆိုင်ရာ ကော်မတီဝင်များက သင်ကြားပို့ချဆွေးနွေးကြမည်ဖြစ်သည်။

**သတင်းစဉ်**

# အားလုံးအနာဂတ်လှပဖို့ ခရီးသွားလုပ်ငန်းမြှင့်တင်စို့

တာရာ၊ ကေကေ

နိုင်ငံတကာခရီးသွားများအနေဖြင့် ပုဂံမြို့ရှိ အထင်ကရနေရာများကို လေ့လာလည်ပတ်ကြသလို သမိုင်းရာဇဝင်အသီးသီးဖြင့် တည်ထားခဲ့ကြသည့် ဟောင်းနွမ်းနေသော ရှေးဟောင်း ဘုရားပုထိုးစေတီများကိုလည်း စိတ်ဝင်တစားကြည့်ရှုလေ့လာကြသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ် အနုပညာလက်ရာများက စူးစမ်းလေ့လာချင်စရာကောင်းလှပြီး ဒေသထွက်ကုန်အစားအစာများကလည်း ၎င်းတို့အတွက် မြည်းစမ်းချင်စရာပင်။

"မြန်မာနိုင်ငံက သမိုင်းရာဇဝင်တွေ ပြည့်နှက်နေတဲ့ အံ့သြစရာကောင်းတဲ့ တိုင်းပြည်တစ်ခုပါ။ ဒီသမိုင်းကြောင်းနဲ့အတူ ယဉ်ကျေးမှုအမွေအနှစ်တွေ၊ ဗိသုကာလက်ရာတွေ၊ ဘုရားပုထိုးစေတီတွေပေါများပြီး နိုင်ငံသူနိုင်ငံသားတွေကလည်း နွေးထွေးပျူငှာကြပါတယ်" ဟု မြန်မာနိုင်ငံကို ပထမဆုံးအကြိမ် အလည်အပတ်ရောက်ရှိနေသည့် အီတလီနိုင်ငံမှ မစ္စတူနီနတီပက်ထရီဇာက ပြောသည်။

## လေ့လာလည်ပတ်

မစ္စတူနီနတီပက်ထရီဇာတို့အဖွဲ့တွင် ခရီးသွားဧည့်သည် ၁၀ ဦးကျော်ပါဝင်ကာ ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှ မတ်လ ၂ ရက်နေ့အထိ မြန်မာနိုင်ငံသို့ အလည်အပတ်ခရီးစဉ် ရောက်ရှိနေခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏ အထင်ကရနေရာများဖြစ်သည့် ရန်ကုန်၊ မန္တလေး၊ အမရပူရ၊ စစ်ကိုင်း၊ ပခန်းကြီး၊ ပခုက္ကူ၊ ပုဂံ၊ အင်းလေး စသည့်နေရာများကို လေ့လာလည်ပတ်သွားမည်ဟု ၎င်းက ဆိုသည်။



ရန်ကုန်မြို့ရှိ လေးဆူဓာတ်ပုံ မြတ်ရွှေတိဂုံစေတီတော်တွင် ဘုရားဖူးလာသူများဖြင့် စည်ကားလျက်ရှိစဉ်။ ဓာတ်ပုံ – ရွှေအင်းသား ခင်မောင်ဝင်း

မစ္စတူနီနတီပက်ထရီဇာတို့ကဲ့သို့ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သည့် ပြည်ပခရီးသွားဧည့်သည် အရေအတွက်သည် နှစ်စဉ်တိုးတက်လျက်ရှိရာ ၂၀၁၆ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသွား ၂ ဒသမ ၉ သန်း လာရောက်လည်ပတ်ခဲ့ရာမှ ၂၀၁၇ ခုနှစ်အတွင်း ၃ ဒသမ ၄၄ သန်းအထိ လာရောက်လည်ပတ်ခဲ့သည်။ ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ ခရီးသွားဧည့်သည် ရောက်ရှိမှုသည် ၂ ဒသမ ၈၁ သန်းဖြစ်ပြီး ယခင်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၂၅ ရာခိုင်နှုန်း တိုးတက်မှုရှိခဲ့သည်။



မန္တလေးမြို့ရှိ ဦးပိန်တံတား၌ ပြည်တွင်းပြည်ပ ခရီးသွားများဖြင့် စည်ကားလျက်ရှိစဉ်။ ဓာတ်ပုံ – အောင်ဖြိုးရှိန်

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးခင်အောင်ထွန်းက "မြန်မာနိုင်ငံအတွက် ခရီးသွားလုပ်ငန်းဟာ အင်မတန်သင့်လျော်ကောင်းမွန်တဲ့ စီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်ပါတယ်။ ခရီးသွားလုပ်ငန်းဟာ လူမျိုးပေါင်းစုံ၊ အလွှာပေါင်းစုံ ပါဝင်လုပ်ကိုင်လို့ရပြီး လူငယ်တွေအတွက်လည်း အလုပ်အကိုင် အခွင့်အလမ်းတွေ ရရှိစေတဲ့အတွက် ကျွန်တော်တို့နိုင်ငံလို မဖွံ့ဖြိုးသေးတဲ့ နိုင်ငံတွေအတွက် အရေးပါတဲ့လုပ်ငန်း ဖြစ်ပါတယ်"ဟု ပြောသည်။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တိုက်ရိုက်အထောက်အကူပြုခြင်း၊ နိုင်ငံခြားဝင်ငွေရှာဖွေပေးနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်း၊ လူထုလူတန်းစား အသီးသီးထံသို့ ဝင်ငွေများ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တစ်ဆင့်ခံ နည်းလမ်းများဖြင့် စီးဝင်ရောက်ရှိစေသော အကျိုးကျေးဇူးများစွာရရှိသည့်အတွက် ခရီးသွားလုပ်ငန်းကို မီးခိုးမထွက်သည့် စက်ရုံလုပ်ငန်းတစ်ခုဟုလည်း တင်စားကြသည်။

## ဦးစားပေးဆောင်ရွက်

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆွဲဆောင်မှုရှိသော ခရီးစဉ်ဒေသများ ပေါ်ထွက်စေရေး၊ သွားလာမှုလွယ်ကူစေရေးနှင့် တည်းခိုနေရာများ တည်ရှိလာစေရေး၊ စီမံခန့်ခွဲမှုဆိုင်ရာ နိုင်နင်းရေးတို့အတွက် နိုင်ငံတော်မှ ဦးစားပေးဆောင်ရွက်လျက်ရှိသည်။

နှစ်စဉ် မြန်မာနိုင်ငံသို့ ပြည်ပခရီးသွား ဝင်ရောက်မှု တိုးတက်လာခြင်းနှင့်ပတ်သက်၍ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က "မြန်မာနိုင်ငံကို ပြည်ပခရီးသည်ဝင်ရောက်မှုဟာ ၂၀၁၇ ခုနှစ်မှာ ၁၈ ရာခိုင်နှုန်း၊ ၂၀၁၈ ခုနှစ်မှာ ၃ ဒသမ ၁၅ ရာခိုင်နှုန်း၊ ၂၀၁၉ ခုနှစ်မှာ ၂၃ ရာခိုင်နှုန်း အသီးသီး တိုးတက်ဝင်ရောက်ခဲ့ပါတယ်။ ဒါကြောင့် ခရီးသွားလုပ်ငန်းမှာ တစ်နှစ်ထက်တစ်နှစ် ခရီးသည်တွေ တိုးတက်ဝင်ရောက်လာတာကို တွေ့ရှိရပါတယ်" ဟု ပြောကြားသည်။

## နိုင်ငံ ၂၀ စာရင်းတွင် မြန်မာနိုင်ငံ ထိပ်ဆုံးကပါဝင်

ထို့အတူ ခရီးသွားလုပ်ငန်း အမြန်ဆုံး ဖွံ့ဖြိုးတိုးတက်လာသည့် နိုင်ငံ ၂၀ စာရင်းတွင် မြန်မာနိုင်ငံသည် ထိပ်ဆုံးကပါဝင်ကြောင်း ဗြိတိန်နိုင်ငံ Independent သတင်းစာနှင့် အမေရိကန်နိုင်ငံ Forbes စီးပွားရေး မဂ္ဂဇင်းတို့က ဖော်ပြခဲ့သည်။

လတ်တလောအခြေအနေ၌ ကူးစက်မှုမြင့်မားနေသည့် ကိုရိုနာဗိုင်းရပ်စ်သည်ပင် ခရီးသွားလုပ်ငန်းအပေါ် ရပ်တန့်နိုင်စွမ်းမရှိသည်ကို တွေ့မြင်ရကြောင်း၊ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ခရီးသွားလုပ်ငန်းအပေါ် သက်ရောက်မှုရှိသည့်တိုင် နိုင်ငံတကာခရီးသွားလုပ်ငန်းသည် တိုးတက်လျက်ရှိကြောင်းနှင့် United Nations World Tourism Organization (UNWTO)က နိုင်ငံတကာခရီးသွားအရေအတွက်သည် ၂၀၁၉ ခုနှစ်အတွင်း ၁ ဒသမ ၅ ဘီလီယံရှိကာ လေးရာခိုင်နှုန်း တိုးတက်လာကြောင်းကိုလည်း ဖော်ပြထားသည်။

မြန်မာနိုင်ငံတွင် ခရီးသွားဧည့်သည်လွယ်ကူစွာလာရောက်လည်ပတ်နိုင်စေရေးအတွက် ဗီဇာဖြေလျှော့မှုများ ဆောင်ရွက်ပေးလျက်ရှိကာ တရုတ်နိုင်ငံက ခရီးသွား ဝင်ရောက်မှုမှာ ၂၀၁၆ ခုနှစ်တွင် တစ်သိန်းရှစ်သောင်းကျော်ရှိခဲ့ရာမှ စာမျက်နှာ ၇ သို့ ■

**မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများအကြောင်းကို ပြည်တွင်းပြည်ပခရီးသွားများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် Digital Marketing စနစ်ဖြင့် မြှင့်တင်ဆောင်ရွက်လျက်ရှိရာ www.tourism.gov.mm Website ကို မြန်မာ၊ အင်္ဂလိပ်၊ ကိုရီးယား၊ ဂျပန်၊ ဂျာမနီ၊ စပိန်၊ တရုတ်၊ ထိုင်း၊ ဗီယက်နမ်၊ ရုရှားနှင့် အီတလီ စုစုပေါင်း ဘာသာစကား ၁၁ မျိုးဖြင့် ၂၀၁၉ ခုနှစ် ဧပြီလကပင် လွှင့်တင်ခဲ့ပြီးဖြစ်**

■ စာမျက်နှာ ၆ မှ

၂၀၁၉ ခုနှစ်တွင် ခုနစ်သိန်းငါးသောင်းနီးပါး တိုးတက်လာခဲ့သည်။ ထို့အတူ ဂျပန်နိုင်ငံမှ ခရီးသွားဝင်ရောက်မှုမှာ ၂၀၁၆ ခုနှစ်တွင် တစ်သိန်းခုနစ်ရာကျော် ရှိခဲ့ရာမှ ၂၀၁၉ ခုနှစ်တွင် တစ်သိန်းသုံးသောင်းနီးပါး တိုးတက်လာခဲ့ပြီး တောင်ကိုရီးယား၊ အိန္ဒိယ၊ ဟောင်ကောင်နှင့် မကာအိုတို့မှလည်း လာရောက်လည်ပတ်သည့် ခရီးသွားများ နှစ်စဉ်တိုးတက်လျက်ရှိသည်။

"ပြည်ပခရီးသွားဝင်ရောက်မှုကို စီးပွားရေးနဲ့ ချိတ်ဆက်ပြီး ဥပမာအနေနဲ့ ပြောရမယ်ဆိုရင် စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်ဟာ သူ့ရဲ့ အားလပ်ရက်မှာ ကျွန်တော်တို့နိုင်ငံကို လာလည်မယ်ဆိုပါတော့၊ သူက စီးပွားရေးလုပ်ငန်းရှင် တစ်ယောက်ဖြစ်တဲ့အတွက် အခြားခရီးသွားတွေနဲ့ အမြင်မတူနိုင်ဘူး။ သူ့ရဲ့ စိတ်အပန်းဖြေတာမျိုးဖြစ်သလို မြန်မာနိုင်ငံမှာ ဘယ်လို စီးပွားရေးလုပ်ငန်းတွေ လုပ်နေကြသလဲ၊ ဘယ်စီးပွားရေးလုပ်ငန်းတွေက အခွင့်အလမ်းရှိသလဲ၊ အခွင့်အလမ်းရှိရင် ရင်းနှီးမြှုပ်နှံချင်တဲ့စိတ်ဖြစ်ပေါ်လာမယ်။ နိုင်ငံကို ခရီးသွားများများဝင်လာရင် ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်းတွေတင်မကဘူး။ အခြားစီးပွားရေးလုပ်ငန်းတွေကိုပါ အထောက်အကူပြုနိုင်မှာ ဖြစ်ပါတယ်" ဟု ဟိုတယ်လုပ်ငန်းရှင်များအသင်း (နေပြည်တော်ဇုန်) ဥက္ကဋ္ဌ ဦးကျော်မင်းထွန်းက ပြောသည်။

### တိုးတက်မှုတွေ ရှိနေ

ထို့အတူ ခရီးသွားလုပ်ငန်း လုပ်ကိုင်သူတစ်ဦးက "မြန်မာနိုင်ငံရဲ့ ခရီးသွားလုပ်ငန်းတိုးတက်မှုဟာ အခုဆိုရင် တိုင်းဒေသကြီးနဲ့ ပြည်နယ်အတော်များများမှာ တိုးတက်မှုတွေ ရှိနေပါပြီ။ မဖွံ့ဖြိုးသေးတဲ့ ဒေသတွေဖြစ်တဲ့ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့မှာလည်း အကျိုးသက်ရောက်မှုတွေကို ခံစားနေရပြီဖြစ်ပါတယ်" ဟု ဆိုသည်။

မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများအကြောင်းကို ပြည်တွင်း ပြည်ပခရီးသွားများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် Digital Marketing စနစ်ဖြင့် မြှင့်တင်ဆောင်ရွက်လျက်ရှိရာ www.tourism.gov.mm Website ကို မြန်မာ၊ အင်္ဂလိပ်၊ ကိုရီးယား၊ ဂျပန်၊ ဂျာမနီ၊ စပိန်၊ တရုတ်၊ ထိုင်း၊ ဗီယက်နမ်၊ ရုရှားနှင့် အီတလီ စုစုပေါင်း ဘာသာစကား ၁၁ မျိုးဖြင့် ၂၀၁၉ ခုနှစ် ဧပြီလကပင် လွှင့်တင်ခဲ့ပြီးဖြစ်သည်။

ထို့အတူ ပုဂ္ဂလိကလုပ်ငန်းများနှင့် ခရီးသွားဧည့်သည်များ အလွယ်တကူ ထိတွေ့ဆက်ဆံနိုင်ရန်နှင့်



စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ်ရှိ အလောင်းတော်ကဿပဘုရား၌ ဘုရားဖူးသူများဖြင့် စည်ကားလျက်ရှိစဉ်။ ဓာတ်ပုံ – ကျော်ကိုကို



နေပြည်တော်ရှိ တိရစ္ဆာန်ဥယျာဉ်တွင် လာရောက်လေ့လာလည်ပတ်ကြသူများကို တွေ့ရစဉ်။
ဓာတ်ပုံ–ကျော်ဇင်ထိုက်



ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံတွင် လာရောက်အနားယူအပန်းဖြေကြသည့် ပြည်သူများ။
ဓာတ်ပုံ – မြင့်မောင်

အချင်းချင်းချိတ်ဆက်၍ ခရီးစဉ်များ ရောင်းချမှုအား ဆောင်ရွက်နိုင်ရန် ရည်ရွယ်ကာ Tourism Web Portal https://tourisminmyanmar.com.mm ကို လွှင့်တင်ထားပြီး ဖြစ်သည်။ ဆက်လက်၍ ကိုရီးယား၊ ဂျပန်၊ ဂျာမနီ၊ စပိန်၊ တရုတ်၊ ထိုင်း၊ ဗီယက်နမ်၊ ရုရှားနှင့် အီတလီဘာသာစကားများဖြင့် လွှင့်တင်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဒေသခံပြည်သူလူထုကို တိုက်ရိုက်အကျိုးဖြစ်ထွန်းစေမည့် ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်း (Community Base Tourism) ကို ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ရှမ်း၊ ရန်ကုန်၊ မန္တလေး၊ မကွေး၊ တနင်္သာရီ နှင့် စစ်ကိုင်းတို့မှ ကျေးရွာပေါင်း ၄၂ ရွာတွင် CBT site ၁၉ ခု ဖွင့်လှစ်ခဲ့ပြီး ထပ်မံ၍ ကျေးရွာပေါင်း ၁၀ ရွာ ပါဝင်သည့် CBT site ခုနစ်ခုကို ဖော်ထုတ်နိုင်ရေး စီစဉ်လျက်ရှိကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ သိရသည်။

### အနည်းနဲ့အများ ရိုက်ခတ်မှုရှိနိုင်

"ကိုရိုနာဗိုင်းရပ်စ်(COVID–19) ကြောင့် တစ်ကမ္ဘာလုံးမှာ ခရီးသွားလုပ်ငန်း ကျဆင်းနေပါတယ်။ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအပေါ်မှာလည်း အနည်းနဲ့အများ ရိုက်ခတ်မှု ရှိနိုင်ပါတယ်။ ခရီးသွားလုပ်ငန်းမှာ High Season နဲ့ Low Season မှာ နောက်တစ်ကျော့ လာမယ့် High Season အတွက် ကြိုတင်ဆောင်ရွက်မှုတွေ လုပ်ရတာ ကျွန်တော်တို့ ခရီးသွားလုပ်ငန်းရဲ့ သဘာဝ ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ COVID–19 ကို စိန်ခေါ်မှုတစ်ခုအဖြစ် ယူဆနိုင်သလို Quantity ကနေ Quality Tourism ပြောင်းဖို့ အခွင့်အလမ်းကောင်းအဖြစ်လည်း ယူဆလို့ရပါတယ်"ဟု ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ဆိုသည်။

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌက "ခရီးသွားလုပ်ငန်းတွေ တိုးတက်လာရင် ကျွန်တော်တို့ နိုင်ငံကလူငယ်တွေ အလုပ်အကိုင်အခွင့်အလမ်း တိုးတက်မယ်၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတွေပါ တိုးတက်လာမှာ ဖြစ်ပါတယ်။ ပိုမိုငြိမ်းချမ်းမှုကို ခံစားလာရမှာ ဖြစ်ပါတယ်။ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်တွေမှာ လေ့လာလည်ပတ်ချင်စရာကောင်းတဲ့နေရာတွေ အများကြီးရှိပါတယ်။ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တွေမှာလည်း အရင်ကထက်စာရင် ခရီးသွားလုပ်ငန်းပိုမိုဖွံ့ဖြိုးတိုးတက်လာပြီ ဖြစ်ပါတယ်"ဟု ဆိုသည်။

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဥပဒေကို ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၁၇ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီး ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့် လုပ်ငန်းလိုင်စင်ဆိုင်ရာအမိန့်များကို ၂၀၁၉ ခုနှစ် မတ်လ ၁၄ ရက်နေ့တွင် ထုတ်ပြန်နိုင်ခဲ့သည်။

"ကျွန်တော်တို့နိုင်ငံက ခရီးသွားလုပ်ငန်းကို အားပေးနေတဲ့အချိန်မှာပဲ ကျွန်တော်တို့နိုင်ငံကို မသိသေးတဲ့နိုင်ငံတွေ ကမ္ဘာမှာအများကြီးရှိနေပါသေးတယ်။ ဒါကြောင့် ကျွန်တော်တို့နိုင်ငံကို ကမ္ဘာကသိအောင် ဆောင်ရွက်ဖို့လိုပါတယ်။ မြန်မာနိုင်ငံကို လေ့လာရေး အလည်အပတ်ခရီးတွေခေါ်တာ၊ နိုင်ငံတကာခရီးသွားပြပွဲတွေမှာ ပါဝင်ပြသတာ၊ မီဒီယာတွေဖိတ်ခေါ်တာ၊ နိုင်ငံခြားရုပ်ရှင်ရိုက်ကူးခွင့်ပြုတာတွေကို စဉ်ဆက်မပြတ် ဆောင်ရွက်ဖို့လိုပါတယ်"ဟု မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌက အကြံပြုသည်။

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို အဟန့်အတားဖြစ်စေမည့် အားနည်းချက်များနှင့် ပတ်သက်၍လည်း "ပလတ်စတစ်တွေ၊ အမှိုက်သရိုက်တွေ စနစ်တကျ မစွန့်ပစ်တဲ့ကိစ္စကတော့ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်၊ ခရိုင်အလိုက် ဒါတွေကို အမြန်ဆုံးပြုပြင်ဖို့ လိုပါတယ်။ သဘာဝပတ်ဝန်းကျင်ကိုလည်း ထိခိုက်ပါတယ်။ ဒါက ကျွန်တော်တို့အတွက် အားနည်းချက်ဖြစ်နေပါတယ်"ဟုလည်း ဆက်လက်မှတ်ချက်ပြုသည်။

မြန်မာနိုင်ငံတွင် သဘာဝအလှအပများစွာ တည်ရှိနေပြီး ထိုအရာများကို Destination Management Plan များ ချမှတ်ကာ စနစ်တကျဆောင်ရွက်ရန် လိုအပ်သလို လူထုအခြေပြုခရီးသွားလုပ်ငန်းများ၊ ခရီးစဉ်အသစ်များ ဖော်ဆောင်ခြင်းဖြင့် ဒေသခံပြည်သူလူထု၏ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်သင့်ကြောင်းကိုလည်း ပညာရှင်များက သုံးသပ်ကြသည်။

ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းသည် နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရှာဖွေပေးသည့် အရေးကြီးသော စီးပွားရေးကဏ္ဍတစ်ခုဖြစ်ရာ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ယဉ်ကျေးမှုအမွေအနှစ် ဓလေ့ထုံးစံများ၊ ရေမြေတောတောင် သဘာဝပတ်ဝန်းကျင်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် အများပါဝင်မှုရှိသည့် တာဝန်သိခရီးသွားလုပ်ငန်းဖြစ်အောင် ဖော်ဆောင်ကြရမည်ပင်ဖြစ်သည်။ ။

# တိုင်းရောတွင်ကျင်းပသည့် တောင်သူလယ်သမားနေ့ အခမ်းအနားသို့ တက်ရောက်လာသူတို့၏ စကားသံများ

စုစည်းတင်ပြသူ-သီသီမင်း၊ မင်းသစ်
ဓာတ်ပုံ-နေလင်း

နိုင်ငံတော်၏စီးပွားရေးကို အသက်သွေးကြောသဖွယ် အထောက်အကူပြုလျက်ရှိသည့် လယ်ယာကဏ္ဍ၌ အသက်မွေးဝမ်းကျောင်းပြုကြသော တောင်သူလယ်သမားများ အများစု နေထိုင်ရာ ဧရာဝတီတိုင်းဒေသကြီးတွင် ကျေးဇူးရှင်တောင်သူလယ်သမားများအား ဂုဏ်ပြုသည့်အနေဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးပြီး တောင်သူလယ်သမားနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ဝါးဒူးကျေးရွာအုပ်စု၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ အဆိုပါ တောင်သူလယ်သမားနေ့အခမ်းအနားသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တောင်သူလယ်သမားများအား တွေ့ဆုံမေးမြန်းထားသည်များကို စုစည်းရေးသားဖော်ပြလိုက်ရပါသည်-


ဦးသန်းဆွေဝင်း


ဦးထိန်လင်း


ဦးကြည်ဝင်း


ဦးအောင်မင်္ဂလာ


ဦးကြည်မိုး


ဦးလှနိုင်စိုး

**ဦးသန်းဆွေဝင်း**
**ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး**

ဒီနေ့အခမ်းအနားမှာ စိုက်ပျိုးရေးဦးစီးဌာနရဲ့ ဦးဆောင်မှုနဲ့ လိုက်ပါဆောင်ရွက်တဲ့ တောင်သူတွေကို ဆုချီးမြှင့်ခဲ့ပါတယ်။ ဒီလို ချီးမြှင့်လိုက်ခြင်းအားဖြင့် အခြား တောင်သူတွေပါ လိုက်ပြီး လုပ်ကိုင်ချင်စိတ်ရှိလာအောင် တောင်သူ ၁၅ ဦးကို ဂုဏ်ပြုပါတယ်။ ဒါ့အပြင် တိုင်း စိုက်ပျိုးရေးလက်အောက်မှာရှိတဲ့ ဝန်ထမ်းတွေကိုလည်း ကြိုးစားချင်စိတ်များလာအောင် ဆုချီးမြှင့်တာတွေ ဆောင်ရွက်ပါတယ်။ ဒီနေ့အခမ်းအနားမှာ တက်ရောက်လာတဲ့ တောင်သူ ၃၆၀၀ နီးပါးလောက်ကိုလည်း သွားရေး လာရေး၊ နေ့လယ်စာကအစ စီစဉ်ပေးထားပါတယ်။ တောင်သူတွေ လေ့လာကြည့်ရှုနိုင်အောင်လည်း ပြခန်းပေါင်း ၃၀ ကျော်ပြသထားပါတယ်။ စက်ယန္တရားတွေနဲ့ ပညာပေး ပြခန်းတွေလည်း ပြသထားပါတယ်။ တောင်သူတွေကို ဂုဏ်ပြုတဲ့ အခမ်းအနားဖြစ်ပါတယ်။ ဒီနေ့အခမ်းအနားမှာ စွန့်လွှတ်မြေတွေအတွက် တောင်သူများ လက်ဝယ်ကို လုပ်ပိုင်ခွင့်ပြုလက်မှတ်များ ပေးအပ်ခဲ့ပါတယ်။တောင်သူ ၆၃၉ ဦးကို ပေးခဲ့ပါတယ်။

**တောင်သူ ဦးထိန်လင်း**
**အိမ်မဲမြို့နယ် ကြို့ကုန်းကျေးရွာ**

လယ် ၁၃ ဧက စိုက်ထားပါတယ်။ နည်းပညာတွေ၊ စိုက်ပျိုးရေးကိစ္စတွေ၊ ပိုးမွှားကိစ္စတွေ၊ စက်မှုပစ္စည်းတွေ အကုန်လုံး စုံစုံလင်လင်တွေ့ရတဲ့အခါကျတော့ ဗဟုသုတ တွေ ရပါတယ်။ ရွာမှာ ကျန်ခဲ့တဲ့ လယ်သမားတွေကို ပြန်ပြီး ပြောပြလို့ရတာပေါ့၊ တောင်သူလယ်သမားနေ့ အခမ်းအနား မှာ ဒီလိုအကျိုးရှိတဲ့ ပြပွဲတွေထည့်သွင်းကျင်းပပေးတဲ့ အတွက်ကြောင့် တောင်သူလယ်သမားတွေအတွက် ပိုပြီး အဆင်ပြေမယ်လို့ ထင်ပါတယ်။

**တောင်သူ ဦးကြည်ဝင်း**
**ကျောင်းကုန်းမြို့နယ် တလုပ်ကုန်းကျေးရွာ**

တစ်ခါမှ ဒီလိုပွဲမျိုး မရောက်ဖူးပါဘူး။ ဒါ ပထမဆုံး အကြိမ် ရောက်ဖူးတာပါ။ အခုလို တောင်သူလယ်သမားနေ့ အခမ်းအနား တက်လာရတော့လည်း တွေ့သမျှ လိုချင်စရာ တွေပဲ ဖြစ်နေတာ။ အဓိက စပါးစိုက်တာဆိုတော့ လယ်ယာ မြေအတွက် အသုံးဝင်တဲ့ စက်တွေ လိုချင်တာပါ၊ အခုချိန်ထိ စက်မသုံးဖူးဘူး၊ နွားနဲ့ပဲ လယ်လုပ်နေတာပါ၊ ဒီပြပွဲမှာ ခေတ်မီစက်တွေ အရစ်ကျ ရောင်းပေးတယ်လို့ သိရပါတယ်။ ဒါပေမယ့် အခုချိန်က နောက်ကျသွားပြီ၊ လာမယ့်နှစ်မှပဲ လုပ်ဖြစ်တော့မယ်။

**တောင်သူ ဦးအောင်မင်္ဂလာ**
**အိမ်မဲမြို့နယ်**

တောင်သူလယ်သမားနေ့အခမ်းအနားကို တိုင်းဒေသ ကြီးက ဦးစီးပြီးလုပ်ပေးတာဆိုတော့ တကယ့်ကို ထူးထူး ခြားခြားပဲ၊ စည်တာလည်း အလွန်ပဲ၊ စပါးမျိုးကောင်း မျိုးသန့်


ဦးသိန်းစိုး


ဒေါ်ကျင်ဆိုင်


ဦးခင်အောင်

မျိုးတွေကို စမ်းသပ်စိုက်ပြထားတဲ့ ပြခန်းကိုတော့ လယ်သမား တွေ စိတ်ဝင်စားကြတယ်။ ဒီပြပွဲမှာ မြေဩဇာသုံးပုံသုံးနည်း တွေ၊ မျိုးကောင်း၊ မျိုးသန့်တွေ၊ စိုက်ပုံစိုက်နည်းတွေ သိရ တယ်။ သီးနှံပိုးမွှားအန္တရာယ်နဲ့ပတ်သက်လို့လည်း သိရ တယ်၊ ပြခန်းတိုင်းက တာဝန်ရှိသူတွေကလည်း သိချင်တာ တွေမေးရင် ရှင်းပြတယ်။ ဒီမှာ ပြသထားတဲ့ လယ်ယာစက် ပစ္စည်းတွေဆို အမျိုးအစား စုံနေတာပဲ။ ရေလုပ်ငန်းဆိုလည်း ဒီလိုပဲ၊ ပြခန်းတိုင်းက စိတ်ဝင်စားဖို့ကောင်းသလို ဗဟုသုတ လည်း ရပါတယ်။

**ဒုတိယဦးစီးမှူး ဦးကြည်မိုး**
**ထူးချွန်ဝန်ထမ်းဆုရရှိသူ**
**ကန်ကြီးထောင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန**

တောင်သူလယ်သမားနေ့မှာ ကျွန်တော်အပါအဝင် ဝန်ထမ်းတွေ ဆုရရှိသလို တောင်သူတွေလည်း ဆုရရှိခဲ့ပါ တယ်။ ဒီလို ဆုရတဲ့အတွက် အလွန်ပဲဝမ်းသာမိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ စိုက်ပျိုးရေးသမားများသည် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ဦးဆောင်ပြီး ဆောင်ရွက်နေတာဖြစ်တဲ့အတွက် အခုလို တိုင်းဒေသကြီး အစိုးရကနေပြီးတော့ ဂုဏ်ပြုဆုတွေချီးမြှင့်ပေးတာ အတိုင်း မသိ ဝမ်းသာမိပါတယ်။ ကျွန်တော်တို့ လုပ်ဆောင်နေတဲ့ စံပြကွက်တွေ၊ စမ်းသပ်ကွက်တွေ၊ မြေဆီလွှာ ဖွံ့ဖြိုးတိုးတက် ရေးတွေ၊ မျိုးကောင်းမျိုးသန့်သုံးစွဲရေး၊ သုတေသနဖွံ့ဖြိုး တိုးတက်ရေး ဒီလုပ်ငန်းတွေမှာ အောင်မြင်ထူးချွန်စွာ ဆောင်ရွက်နိုင်တာဖြစ်တဲ့အတွက် မိခင်ဌာနဖြစ်တဲ့ စိုက်ပျိုးရေးဦးစီးဌာနကလည်း အသိအမှတ်ပြုတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့အပါအဝင် ဧရာဝတီတိုင်း တစ်တိုင်းလုံးက အသိအမှတ်ပြုတဲ့အတွက် ဝမ်းသာပီတိ ဖြစ်မိပါတယ်။

လက်ရှိလယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဧရာဝတီတိုင်းဒေသကြီးက လွန်စွာအရေးကြီးပါ တယ်။ အကျိုးဆောင်အဖွဲ့ကနေ အရင်ဦးဆုံး စည်းရုံးပြီး တော့ သက်ဆိုင်ရာမြို့နယ်တွေမှာရှိတဲ့ တောင်သူတွေ၊ တခြား မြို့နယ် ပြင်ပမှာရှိတဲ့ တောင်သူတွေကိုခေါ်ယူပြီးတော့ စံပြ ကွက်တွေ၊ စမ်းသပ်ကွက်တွေကို ကျွန်တော်တို့ စိုက်ပျိုးရေးရဲ့ နည်းပညာတွေနဲ့ ဆောင်ရွက်ထားတဲ့ ဟာတွေကို ခေါ်ယူ ပြသပါတယ်။ တစ်ဆင့်တစ်ဆင့် ပွားများပြီးတော့ တောင်သူ တွေ အများစုဟာ ကောင်းမွန်တဲ့ နည်းစနစ်တွေ ပိုမိုသိရှိ လာပြီး တိုးတက်အောင် ဆောင်ရွက်လာနိုင်အောင် ကျွန်တော်တို့ စည်းရုံးဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။

**တောင်သူ ဦးလှနိုင်စိုး**
**ထူးချွန်တောင်သူဆုရ**
**ရေကြည်မြို့နယ် ဆီဆုံကုန်းကျေးရွာ**

မျိုးစပါးလိုအပ်ချက်အရ စိုက်ပျိုးရေးဦးစီးဌာနနဲ့ ပူးပေါင်းပြီး ဆောင်ရွက်ခဲ့တာပါ။ အခုလို ဆုရတော့လည်း ဝမ်းသာပါတယ်။ လယ်လုပ်လာတာ အနှစ် ၂၀ လောက်ရှိပြီ။ အခုလိုမျိုး အသိအမှတ်ပြုတယ်ဆိုတာ မရှိခဲ့ဖူးဘူး။ ဒီနှစ်မှာ တိုင်းဒေသကြီးအစိုးရက ဆုပေးတော့ အတိုင်းမသိ ဝမ်းသာ ပါတယ်။ တခြားတောင်သူတွေကိုလည်း ကျွန်တော်တို့ ကျေးရွာကိုလာပြီး အဆင့်မြင့်လယ်ယာစိုက်ပျိုးရေးကို လေ့လာလို့ရပါတယ်။ ဖုန်းတွေနဲ့ ဆက်သွယ်ပြီးလည်း သိလိုသမျှ မေးမြန်းလို့ရပါတယ်လို့ ပြောချင်ပါတယ်။

**ဦးသိန်းစိုး**
**ကန်ကြီးထောင့်မြို့နယ်**
**ထူးချွန်တောင်သူဆုရ မျိုးထုတ်တောင်သူ**

စိုက်ပျိုးရေးဌာနနဲ့ လက်တွဲပြီး မျိုးထုတ်တာ ၂၀၁၀ ပြည့်နှစ်ကတည်းကပါ။ မျိုးထုတ်လာတာ ၁၀ နှစ်ရှိပြီ။ ဒါပထမဆုံး ဆုရတာပါ။ စိုက်ပျိုးရေးဌာနရဲ့ လမ်းညွှန်မှုနဲ့ ထုတ်လာတာ တစ်နှစ်ကို မျိုးစပါးတင်း ၁၂၀၀ အထိ ထုတ်လုပ်နိုင်ခဲ့ပါတယ်။ ဘေးနားက ကိုယ့်လယ်သမားတွေ မျိုးကောင်းမျိုးသန့်သုံးနိုင်အောင်၊ မျိုးထုတ်လို့ မရတဲ့နေရာ က လယ်သမားတွေလည်း မျိုးကောင်းမျိုးသန့်သုံးနိုင် အောင်ရည်ရွယ်ပြီး ထုတ်တယ်၊ ကျွန်တော်က နွေရော၊ မိုးရော မျိုးစပါးထုတ်နိုင်တယ်။ စိုက်ပျိုးရေးအဖွဲ့တွေ NGO အဖွဲ့တွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်ပါတယ်။ စိုက်ပျိုးရေးနဲ့ ပတ်သက်တဲ့ သင်တန်းတွေလည်း တက်ရပါတယ်။

**တောင်သူ ဒေါ်ကျင်ဆိုင်**
**ထူးချွန်တောင်သူဆုရ**
**ကျိုက်လတ်မြို့နယ် ပန်းဘဲစုကျေးရွာ**

၂၀၁၆ ခုနှစ်ကတည်းက စိုက်ပျိုးရေးဌာနက မျိုးထုတ်ဖို့ ပြောခဲ့တဲ့အတွက် မျိုးစတင်ထုတ်ခဲ့တာပါ။ ကိုယ့်ရဲ့တောင်သူ တွေကိုလည်း မျိုးစေ့မျိုးမှန် သုံးစေချင်တယ်။ မျိုးမှန်မှ စပါးက အထွက်ကောင်းတာဆိုတော့ ကိုယ့်တောင်သူတွေ ကိုလည်း မျိုးကောင်းရစေချင်တော့ ထုတ်ပေးပါမယ်ဆိုပြီး တာဝန်ခံပြီး ထုတ်ပေးလိုက်တယ်။ ၂၀၁၈ – ၂၀၁၉ ကျတော့ နွေရော၊ မိုးရော ထုတ်ပေးတာ မိုးတွင်းမှာ ပေါ်ဆန်းရင် ထုတ်ပြီး မနှစ်ကနွေမှာ သီးထပ်ရင်ထုတ်တာ မျိုးစပါး တင်း ၅၀၀ ကျော်လောက် ရောင်းရတယ်။ မျိုးစပါးထုတ်ပြီး စိုက်ပျိုးရေးဦးစီးကိုလည်း ရောင်းတယ်၊ တောင်သူတွေ ကိုလည်း ရောင်းတယ်။ ဝင်ငွေလည်း တိုးတက်ပါတယ်။ ကိုယ့်ရဲ့ ကြိုးစားမှုကို အခုလို ဂုဏ်ပြုတဲ့အတွက် ဝမ်းသာ တယ်၊ လယ်ထဲမှာပဲ အချိန်ကုန်နေတဲ့အခါကျတော့ အခုလို အခမ်းအနားမျိုးကို မတက်ရပါဘူး၊ ခုလို ခေါ်ပြီး ဂုဏ်ပြုတဲ့ အတွက် ကျေးဇူးလည်းတင်တယ်၊ အတိုင်းမသိ ဝမ်းသာပါ တယ်။ ကိုယ်ကြိုးစားခဲ့တာတွေကို ကိုယ့်ဟာကိုယ် ဂုဏ်ယူ မိသလို အတူတူဆုရတဲ့ တောင်သူတွေအားလုံးအတွက် လည်း ဂုဏ်ယူမိပါတယ်။

**တောင်သူ ဦးခင်အောင်**
**စွန့်လွှတ်မြေများအား ပြန်လည်လုပ်ကိုင်ခွင့် လက်မှတ်ရရှိသူ**
**ရေကြည်မြို့နယ် သောင်ကြီးကျေးရွာအုပ်စု**

ရေကြည်မြို့နယ် သောင်ကြီးကျေးရွာအုပ်စုက တောင်သူ ၁၈ ဦးရဲ့ ၆၃ ဧကအတွက် ကိုယ်စားတက်တာပါ။ ကျွန်တော်က ငါးဧကခွဲ ပြန်ရတယ်၊ ဒီလယ်ယာလေးနဲ့ လုပ်စားနေတဲ့ တောင်သူတွေရဲ့လက်ဝယ်ကို အခုလိုပေးတာ အတိုင်းမသိ ဝမ်းသာတယ်။ ဟိုတုန်းက သိမ်းတော့မလား ဆိုပြီး စိတ်ပူနေတာ။ တောင်သူတွေဆိုတာ အကြွေးနဲ့လုံးပန်း နေကြတာ။ ဒီကနေ့ ခုလိုပေးတော့ မြေအတွက် စိုးရိမ်စရာ မလိုတော့ဘူး၊ ရှိနေတဲ့ကြွေးကိုပဲ ဆပ်မယ်။ လှိုက်လှိုက် လှဲလှဲကို ဝမ်းသာတယ်။ နိုင်ငံတော်က ဒီလို တောင်သူတွေ အတွက် စဉ်းစားပြီး လုပ်ပေးတာဖြစ်တဲ့အတွက် နိုင်ငံတော် အစိုးရကို ကျေးဇူးတင်တယ်။ ဝန်ကြီးချုပ်ရော တောင်သူတွေ ပေါ်မှာ ကြည့်ပေးတဲ့ ဌာနဆိုင်ရာက သူတွေအားလုံးကိုရော ကျေးဇူးတင်တယ်။ နောက်နောင်လည်း တောင်သူတွေ အပေါ်မှာ အကျိုးစီးပွားဖြစ်ထွန်းပေးတဲ့ အစိုးရမျိုးပဲ ပေါ်ပေါက်ပါစေလို့ ဆုတောင်းမိပါတယ်။

## မိုးကုတ်မြို့၌ (၁၁)ကြိမ်မြောက် (အခမဲ့) မျက်စိစမ်းသပ်ကုသခြင်း ဆောင်ရွက်

**မိုးကုတ် မတ် ၂**

မိုးကုတ်မြို့ ချမ်းသာကြီးမြတ်စွာဘုရားရင်ပြင်တော်ပေါ်တွင် ယနေ့နံနက်ပိုင်းက မျက်စိဝေဒနာသည်များအား အခမဲ့စမ်းသပ်ခွဲစိတ်ကုသပေးလျက်ရှိသည်။

အဆိုပါ ကုသိုလ်ဖြစ်လုပ်ငန်းကို ချမ်းသာကြီးမြတ်စွာဘုရားဂေါပက အဖွဲ့က နှစ်စဉ် စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုအကြိမ်မှာ (၁၁)ကြိမ်မြောက် ကုသပေးခြင်းဖြစ်ကြောင်း သိရသည်။

"ခွဲစိတ်ဆရာဝန် လေးဦး၊ မျက်စိစမ်းသပ်ကျွမ်းကျင်ဆရာ လေးဦး၊ သူနာပြု ဆရာမနှင့် အကူ ကိုးဦးတို့က သုံးရက်ကြာ စမ်းသပ်ကုသပေးမှာဖြစ်ပြီး ဒီနေ့က တတိယမြောက်နေ့ဖြစ်ပါတယ်။ လိုအပ်တဲ့ ဆေးဝါး၊ မျက်စဉ်း၊ မျက်မှန်တို့အပြင် မျက်စိခွဲစိတ်ဝေဒနာရှင်တွေအတွက် စားသောက်ရေးနဲ့ အခြားသော အထွေထွေ ကုန်ကျစရိတ်တွေအတွက် မိုးကုတ်မြို့ရှိ စေတနာရှင်ပြည်သူများရဲ့ အကူအညီ နဲ့ နှစ်စဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်"ဟု ချမ်းသာကြီးမြတ်စွာဘုရားဂေါပက ဦးကျော်ကျော်စိုးက ပြောသည်။

"ကုသိုလ်ဖြစ်ကုသပေးတာဆိုတော့ ကျွန်တော်တို့အတွက် အလွန် အဆင်ပြေပါတယ်။ ဆေးရုံဆေးခန်းကိုသွားပြရမယ်ဆိုရင် အချိန်ရော ငွေရော ချင့်ချိန်နေရတာနဲ့ သွားပြဖြစ်မှာမဟုတ်ဘူး။ ခုလိုဆိုတော့ အများအတွက် အမှန် တကယ်အကျိုးရှိပါတယ်"ဟု မျက်စိဝေဒနာရှင်တစ်ဦးက ပြောသည်။

ဖြိုးမမ(မိုးကုတ်)

# အခြေခံပညာအဆင့် လူရည်ချွန် ရွေးချယ်ခံရသူများစာရင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အခြေခံပညာဦးစီးဌာန
နေပြည်တော်
၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ( ၂၆ ) ရက်
၂၀၁၉-၂၀၂၀ ပညာသင်နှစ်
အခြေခံပညာအဆင့် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်း ကြေညာခြင်း

၂၀၁၉-၂၀၂၀ ပညာသင်နှစ် အခြေခံပညာအဆင့် အဋ္ဌမတန်း၊ နဝမတန်းနှင့် ဒသမတန်းအတွက် တိုင်းဒေသကြီး/ပြည်နယ်များ၏ ခရိုင်အလိုက် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်းကို အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

*ယမန်နေ့မှအဆက်*

## အခြေခံပညာဦးစီးဌာန ၂၀၂၀ ပြည့်နှစ် အဋ္ဌမတန်း လူရည်ချွန်စာရင်း

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁၄၃ | မဖူးရွှေစင်နိုင် | အထကကွမ်းလုံ | ကွမ်းလုံ | လားရှိုး |
| ၁၄၄ | မယုနဒီအောင် | ထ(ခွဲ)လ(၈) | လားရှိုး | လားရှိုး |
| ၁၄၅ | မောင်အောင်မြင့်မြတ် | အထက(၁) | နောင်ချို | ကျောက်မဲ |
| ၁၄၆ | မောင်ကောင်းမြတ်မင်း | အထက(၂) | နမ္မတူ | ကျောက်မဲ |
| ၁၄၇ | မခင်လင်းသက် | အထက(၂) | မိုးမိတ် | ကျောက်မဲ |
| ၁၄၈ | မခြူးမြတ်စန္ဒီ | အထက(၄) | ကျောက်မဲ | ကျောက်မဲ |
| ၁၄၉ | မောင်မိုင်းညီညီအေး | အောင်(ကပက) | မူဆယ် | မူဆယ် |
| ၁၅၀ | မမိုးပွင့်ဖြူ | အထက(၂) | မူဆယ် | မူဆယ် |
| ၁၅၁ | မောင်ဟံသာအောင်တင် | အထက(၄) ကျိုင်းတုံ | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၅၂ | မောင်အောင်ကောင်းထက် | အထကမိုင်းပျဉ်း | မိုင်းပျဉ်း | ကျိုင်းတုံ |
| ၁၅၃ | မချောမြတ်နိုးခင် | အထက(၄) ကျိုင်းတုံ | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၅၄ | မနန်းစံဖွေးနွံ | အထကမိုင်းပျဉ်း | မိုင်းပျဉ်း | ကျိုင်းတုံ |
| ၁၅၅ | မောင်စွမ်းသိမ်ခ် | အထက-မိုင်းဖြတ် | မိုင်းဖြတ် | တာချီလိတ် |
| ၁၅၆ | မခင်နှံ့သာခိုင် | အထက-တာချီလိတ် | တာချီလိတ် | တာချီလိတ် |
| ၁၅၇ | မောင်စိုင်းဇော်ထွန်းလင်း | အထက(ခွဲ)လ(၂) | မိုင်းဆတ် | မိုင်းဆတ် |
| ၁၅၈ | မလှဲ့လှဲ့ဝင်း | အထက-မိုင်းဆတ် | မိုင်းဆတ် | မိုင်းဆတ် |
| ၁၅၉ | မောင်မင်းမင်းစိုး | စိန်ဂွန်း (ကပက) | ပုသိမ် | ပုသိမ် |
| ၁၆၀ | မောင်ရဲထွဋ်အောင် | မြန်ပြည်သားကောင်း(ကပက) | ကျုံပျော် | ပုသိမ် |
| ၁၆၁ | မအိမ့်ရတနာ | အထက(၆)ပုသိမ် | ပုသိမ် | ပုသိမ် |
| ၁၆၂ | မပိုင်ဖြူဖြူကို | အထက(၁)ကျုံပျော် | ကျုံပျော် | ပုသိမ် |
| ၁၆၃ | မောင်သီဟထွဋ် | အထက(၁) | မြန်အောင် | ဟင်္သာတ |
| ၁၆၄ | မောင်ကောင်းဇင်သူ | အထက(၁) | ကြံခင်း | ဟင်္သာတ |
| ၁၆၅ | မဇူးဇူးဇံ | အလက(၃) | ဟင်္သာတ | ဟင်္သာတ |
| ၁၆၆ | မဆုနှင်းသဇင်အောင် | အထက(၁) | မြန်အောင် | ဟင်္သာတ |
| ၁၆၇ | မောင်သုတ | အထက(၁) | မြောင်းမြ | မြောင်းမြ |
| ၁၆၈ | မစိန်ဆုရတီ | အထက(၁) | မြောင်းမြ | မြောင်းမြ |
| ၁၆၉ | မောင်မင်းခေတ် | အထက(၁) | လပွတ္တာ | လပွတ္တာ |
| ၁၇၀ | မယူလင်းလက် | အထက(၁) | မော်လမြိုင်ကျွန်း | လပွတ္တာ |
| ၁၇၁ | မောင်သော်လင်းထက် | ထ(ခွဲ)အလက(၁) | မအူပင် | မအူပင် |
| ၁၇၂ | နမ့်မေမီပြည်စိုး | အထက(၁) | ပန်းတနော် | မအူပင် |
| ၁၇၃ | မောင်ကောင်းထွဋ်ဟန် | အထက(၁) | ဘိုကလေး | ဖျာပုံ |
| ၁၇၄ | မအိငြိမ်းချမ်းမိုး | အထက(၄) | ဖျာပုံ | ဖျာပုံ |
| ၁၇၅ | မောင်ညာဏ်ထက်လင်း | အထက(၅) | ဇမ္ဗူသီရိ | ဒက္ခိဏ |
| ၁၇၆ | မထက်သီရိအောင် | အထက(၂) | ပျဉ်းမနား | ဒက္ခိဏ |
| ၁၇၇ | မောင်သံစစ် | CAE(ကပက) | ဥတ္တရသီရိ | ဥတ္တရ |
| ၁၇၈ | မမြသိင်္ဂါကြွယ် | အထက(၁) | တပ်ကုန်း | ဥတ္တရ |

## အခြေခံပညာဦးစီးဌာန ၂၀၂၀ ပြည့်နှစ် နဝမတန်း လူရည်ချွန်စာရင်း

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁၄၃ | မမေဇင်ဖူး | အထက(၁) လားရှိုး | လားရှိုး | လားရှိုး |
| ၁၄၄ | မနန်းငွေနှင်းဖြူ | အထက-ဟိုပန် | ဟိုပန် | လားရှိုး |
| ၁၄၅ | မောင်ညီဖြိုးထက် | WVEC(ကပက) | နောင်ချို | ကျောက်မဲ |
| ၁၄၆ | မောင်ခန့်ယုဆွေ | အထက(၁) | ကျောက်မဲ | ကျောက်မဲ |
| ၁၄၇ | မခွန်းဆင့်နေခြည် | အထက(၁) | မိုးမိတ် | ကျောက်မဲ |
| ၁၄၈ | မဒီသိမ့်သိမ့်ထွဋ်စံ | အမေ့အိမ်(ကပက) | နမ့်ဆန် | ကျောက်မဲ |
| ၁၄၉ | မောင်ဇော်ခွန်အောင် | ထူးချွန်(ပညာမြေ)(ကပက) | ကွတ်ခိုင် | မူဆယ် |
| ၁၅၀ | မမြတ်စုမွန် | ထူးချွန်(ပညာမြေ)(ကပက) | ကွတ်ခိုင် | မူဆယ် |
| ၁၅၁ | မောင်စိုင်းညီညီဦး | ရတနာ (ကပက) | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၅၂ | မောင်ဇော်ထိပ်ခေါင် | အထက(ခွဲ) မိုင်းပျဉ်း | မိုင်းပျဉ်း | ကျိုင်းတုံ |
| ၁၅၃ | မဖူးပွင့်မြတ်ဇော် | ရတနာ (ကပက) | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၅၄ | မနန်းခင်စန္ဒာအောင် | အထက(ခွဲ) မိုင်းပျဉ်း | မိုင်းပျဉ်း | ကျိုင်းတုံ |
| ၁၅၅ | မောင်ပြေမိုး | အထက-တာချီလိတ် | တာချီလိတ် | တာချီလိတ် |
| ၁၅၆ | မကလဲရာ | အထက-ဟိုနား | မိုင်းဖြတ် | တာချီလိတ် |
| ၁၅၇ | မောင်မိုးမြင့်အောင် | အထက(ခွဲ)လ(၂) | မိုင်းဆတ် | မိုင်းဆတ် |
| ၁၅၈ | မခိုင်မာမြင့် | အထက-မိုင်းဆတ် | မိုင်းဆတ် | မိုင်းဆတ် |
| ၁၅၉ | မောင်ပြည့်ပြည့်ပိုင် | အထက(၆)ပုသိမ် | ပုသိမ် | ပုသိမ် |
| ၁၆၀ | မောင်သန့်ဇင်ဖြိုး | အထက-ရေကြည် | ရေကြည် | ပုသိမ် |
| ၁၆၁ | မထက်ရွှေဝင်းသန်း | အထက(၆)ပုသိမ် | ပုသိမ် | ပုသိမ် |
| ၁၆၂ | မဇာလီလင်းနိုင် | မြန်ပြည်သားကောင်း(ကပက) | ကျုံပျော် | ပုသိမ် |
| ၁၆၃ | မောင်ဇေယျာထွန်း | ဂုဏ်ထူးပန်းခင်း(ကပက) | ဟင်္သာတ | ဟင်္သာတ |
| ၁၆၄ | မောင်ဟိန်းစစ်နိုင် | အထက(၁) | မြန်အောင် | ဟင်္သာတ |
| ၁၆၅ | မမိုးစန္ဒာငွေး | အထက-ချင်းမြောင် | ကြံခင်း | ဟင်္သာတ |
| ၁၆၆ | မသန့်သန့်ထက် | ကြယ်တံခွန်(ကပက) | ဟင်္သာတ | ဟင်္သာတ |
| ၁၆၇ | မောင်ခန့်မင်းထက် | အထက(၁) | မြောင်းမြ | မြောင်းမြ |
| ၁၆၈ | မဆုလှဲ့ဝတီ | အထက(၁) | မြောင်းမြ | မြောင်းမြ |
| ၁၆၉ | မောင်သန့်သူအောင် | အထက(၁) | လပွတ္တာ | လပွတ္တာ |
| ၁၇၀ | မနှင်းအိရွှေ | အထက(၃) | လပွတ္တာ | လပွတ္တာ |
| ၁၇၁ | မောင်ဘုန်းလရောင်ထွန်း | အထက(၁) | မအူပင် | မအူပင် |
| ၁၇၂ | မခင်ဘုန်းမွန် | ထ(ခွဲ)အလက(၁) | မအူပင် | မအူပင် |
| ၁၇၃ | မောင်အောင်သူရနိုင် | အထက(၁) | ဖျာပုံ | ဖျာပုံ |
| ၁၇၄ | မဆုပြည့်စုံထွန်း | အထက(၁) | ဘိုကလေး | ဖျာပုံ |
| ၁၇၅ | မောင်သန့်ဇင်ဝိုင်း | ပညာပန်းတိုင်(ကပက) | ပျဉ်းမနား | ဒက္ခိဏ |
| ၁၇၆ | မမေဇင်သန့် | အထက(၅) | ဇမ္ဗူသီရိ | ဒက္ခိဏ |
| ၁၇၇ | မောင်ဇော်မင်းနိုင် | CAE(ကပက) | ဥတ္တရသီရိ | ဥတ္တရ |
| ၁၇၈ | မမေဆင်းသစ် | CAE(ကပက) | ဥတ္တရသီရိ | ဥတ္တရ |

## အခြေခံပညာဦးစီးဌာန ၂၀၂၀ ပြည့်နှစ် ဒသမတန်း လူရည်ချွန်စာရင်း

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁၄၃ | မခိုင်ခိုင်မင်းဦး | အထက(၇) လားရှိုး | လားရှိုး | လားရှိုး |
| ၁၄၄ | နန်းဖွေးဆိုင် | အကယ်ဒမီ (ကပက) | တန့်ယန်း | လားရှိုး |
| ၁၄၅ | မောင်ဖွဲ့ထက်ဝင်း | အထက(၁) | နမ့်ဆန် | ကျောက်မဲ |
| ၁၄၆ | မောင်ဘုန်းသစ် | အထက(၁) | မိုးမိတ် | ကျောက်မဲ |
| ၁၄၇ | မရတနာ | အမေ့အိမ်(ကပက) | နမ့်ဆန် | ကျောက်မဲ |
| ၁၄၈ | မဆုမြတ်နိုး | အထက(၂) | မိုးမိတ် | ကျောက်မဲ |
| ၁၄၉ | မောင်တိုးကိုကိုကျော် | အထက(၂) မူဆယ် | မူဆယ် | မူဆယ် |
| ၁၅၀ | မမြတ်သဥ္ဇာနိုင် | ကျော် (ကပက) | မူဆယ် | မူဆယ် |
| ၁၅၁ | မောင်ဝင်းမင်းအောင် | ရတနာ (ကပက) | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၅၂ | မောင်ဖြိုးဝေအောင် | အထက-မိုင်းပျဉ်း | မိုင်းပျဉ်း | ကျိုင်းတုံ |
| ၁၅၃ | မရှင်မင်းသွယ် | ရတနာ (ကပက) | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၅၄ | မဆာဘီးနာ | အထက-မိုင်းပျဉ်း | မိုင်းပျဉ်း | ကျိုင်းတုံ |
| ၁၅၅ | မောင်စိုင်းလုံနော်ခမ်း | အထက-တာချီလိတ် | တာချီလိတ် | တာချီလိတ် |
| ၁၅၆ | မကျင်းန်ယူးနန်ထွယ်အောင် | အထက-ဟိုနား | မိုင်းဖြတ် | တာချီလိတ် |
| ၁၅၇ | မနာမီးဝင်း | အထက-မိုင်းတုံ | မိုင်းတုံ | မိုင်းဆတ် |
| ၁၅၈ | မောင်ကျယော်ခမ်း | အထက-မိုင်းဆတ် | မိုင်းဆတ် | မိုင်းဆတ် |
| ၁၅၉ | မောင်ထွဋ်မင်းခန့် | အထက-ရေကြည် | ရေကြည် | ပုသိမ် |
| ၁၆၀ | မောင်ကျော်ဇင်ထက် | အထက(၆)ပုသိမ် | ပုသိမ် | ပုသိမ် |
| ၁၆၁ | မကြည်ဖြူဟန်ရှိန် | ရှောရတနာ (ကပက) | ပုသိမ် | ပုသိမ် |
| ၁၆၂ | နန့်ဆုမွန်ဝတ်ရည်ကျော် | မြန်ပြည်သားကောင်း(ကပက) | ကျုံပျော် | ပုသိမ် |
| ၁၆၃ | မောင်လင်းသစ်ခန့် | အထက(၁) | ကြံခင်း | ဟင်္သာတ |
| ၁၆၄ | မောင်မင်းခန့်သော် | အထက(၁) | မြန်အောင် | ဟင်္သာတ |
| ၁၆၅ | မသံသာသင်း | အထက(၁) | ကြံခင်း | ဟင်္သာတ |
| ၁၆၆ | မခိုင်ငြိမ်းသန့် | အထက(၁) | မြန်အောင် | ဟင်္သာတ |
| ၁၆၇ | မောင်ဝေမင်းဟန် | အထက(၁) | ဝါးခယ်မ | မြောင်းမြ |
| ၁၆၈ | မဆုနှင်းထွဋ် | အထက(၁) | မြောင်းမြ | မြောင်းမြ |

*စာမျက်နှာ ၁၁ သို့ ○*

# “တိုင်းပြည်အကျိုးပြု ဒို့ရှေးရှု ကင်းထောက်အမျိုးသမီးထု” မြန်မာကင်းထောက်အမျိုးသမီး တွေ့ဆုံစကားဝိုင်း ကျင်းပ

“တိုင်းပြည်အကျိုးပြု ဒို့ရှေးရှု ကင်းထောက်အမျိုးသမီးထု” မြန်မာကင်းထောက်အမျိုးသမီးတွေ့ဆုံစကားဝိုင်းကို အမျိုးသမီးကင်းထောက်ချုပ် ဒေါက်တာဒေါ်တင်လှကြည်၊ ဒုတိယကင်းထောက်ချုပ် ဒေါ်ခင်စောဥမ္မာ၊ သက်ကြီးကင်းထောက်ကြီး ဒေါက်တာဒေါ်ဝင်းကြည်၊ သက်ကြီးကင်းထောက်ကြီး ဒေါက်တာဒေါ်လှရီရီနှင့် သက်ကြီးကင်းထောက်ကြီး ဒေါ်ရီရီတင်တို့ ပါဝင်ဆွေးနွေးခဲ့ကြသည်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ရိုက်ကူးထုတ်လွှင့်ခဲ့သည်။ အဆိုပါစကားဝိုင်းတွင် ဆွေးနွေးခဲ့ကြသည်များကို ဖော်ပြအပ်ပါသည်။

တာရာ၊ ကေကေ

ဓာတ်ပုံ-ဦးတင်မောင်လတ်(ကင်းထောက်ကြီး)

(ယမန်နေ့မှ အဆက်)

**အစီအစဉ်မှူး။** ။ ကင်းထောက်ပညာနဲ့ ပတ်သက်ပြီး အခုဆို လူငယ်တွေ ပိုမိုပြီး စိတ်ဝင်စားလာကြတယ်။ အခြေခံပညာအဆင့်ကလည်း စိတ်ဝင်စားမှု ပိုများလာတယ်။ ကမ္ဘာ့ကင်းထောက်အမျိုးသမီး လှုပ်ရှားမှုက ဘယ်လိုရှိသလဲဆိုတာလည်း သိပါရစေ။

**ဒေါက်တာဒေါ်တင်လှကြည်။** ။ ကျွန်မတို့ မြန်မာနိုင်ငံက ၂၀၁၄ ခုနှစ် ဇူလိုင်လက ဟောင်ကောင်မှာလုပ်တဲ့ ကမ္ဘာ့ကင်းထောက်အမျိုးသမီးညီလာခံမှာ Associate Member ဖြစ်ခဲ့တယ်။ အဲဒီမှာ Vote လုပ်ရတာရှိပါတယ်။ Vote လုပ်တဲ့အခါမှာ ပါဝင်တက်ရောက်တဲ့ နိုင်ငံအားလုံးကနေ ရာနှုန်းပြည့် Vote ပေးခဲ့တဲ့အတွက် အလွန်ပျော်ရွှင်ပြီး ထခုန်မိတဲ့အထိပါပဲ။ “တို့တွေ ကမ္ဘာ့ကင်းထောက်အမျိုးသမီးအဖွဲ့ အဖွဲ့ဝင်ပြန်ဖြစ်သွားပါပြီလား” ဆိုပြီး ဝမ်းသာမိပါတယ်။ ကမ္ဘာ့ကင်းထောက်အမျိုးသမီးအဖွဲ့လို့ ပြောလိုက်ရင် ကမ္ဘာမှာရှိတဲ့ အမျိုးသမီးငယ်တွေအတွက် အကြီးဆုံးအဖွဲ့အစည်းလို့ ပြောကြပါတယ်။ နိုင်ငံ ၁၅၀ က အဖွဲ့ဝင် ၁၀ သန်းကျော် ပါတယ်။ ဒီလို ကမ္ဘာ့ အကြီးဆုံး အမျိုးသမီးအဖွဲ့အစည်းတစ်ခုမှာ ပါဝင်ရတဲ့အတွက် ဂုဏ်ယူပါတယ်။

ဒီကင်းထောက်ကို စတင်ခဲ့တာကတော့ အင်္ဂလန်နိုင်ငံက ဖြစ်ပါတယ်။ လော့ဘေဒင်ပါဝဲလ်က ၁၉၀၆ ခုနှစ်မှာ စတင်ခဲ့တာပါ။ အမျိုးသမီးတွေကတော့ ၁၉၁၀ ပြည့်နှစ်မှ ပါဝင်တာပါ။ ၁၉၁၀ ပြည့်နှစ်မှ သူ့ရဲ့ညီမ လေဒီအဂ္ဂနက်ဘေဒင်ပါဝဲလ်ကနေပြီး အမျိုးသမီးတွေအတွက် ကင်းထောက်အဖွဲ့စတင်ခဲ့တယ်။ WAGGGS ကိုတော့ ၁၉၂၆ ခုနှစ်မှာ လန်ဒန်မှာစတင်ပြီးတော့ တည်ထောင်ခဲ့တယ်လို့ ပြောပါတယ်။

WAGGGS ရဲ့ အကြောင်းကို ဖတ်လိုက်ရင် သူ့မှာ Mission၊ Vision ရှိတယ်။ ကမ္ဘာမှာရှိတဲ့ အမျိုးသမီးတွေအတွက် ဘာမျှော်လင့်ထားသလဲဆိုရင် Every girl have potential၊ မိန်းကလေးတိုင်းမှာ ပင်ကိုအရည်အချင်းရှိတယ်။ ဒီပင်ကိုအရည်အချင်းကို အမြင့်ဆုံးရောက်အောင် ပို့ဆောင်ဖို့ဟာ တို့တာဝန်ပဲဆိုတဲ့ Mission ပါ။ ဘာတွေလုပ်နေသလဲဆိုရင် ဒီ WAGGGS အဖွဲ့က အဖွဲ့ဝင်မိန်းကလေးတွေ များလာအောင် ကြိုးပမ်းတယ်။ အဖွဲ့ဝင်မိန်းကလေးတွေကို သင်တန်းမျိုးစုံပေးပါတယ်။

Free Being Me ဆိုရင် လက်ရှိမြန်မာနိုင်ငံမှာလည်း လုပ်နေတယ်။ ကျွန်မတို့က မသွားနိုင်တဲ့အတွက် အွန်လိုင်းကနေ လုပ်ရတယ်။ ခုခေတ်စားနေတာပါ။ မိန်းကလေးတွေဟာ အရှက်အကြောက်ကြီးပြီး ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုနည်းတတ်တယ်။ မိန်းကလေးတွေ ယုံကြည်မှုရှိအောင် ဒီအစီအစဉ်လေး လုပ်ပေးတာပါ။

ခေါင်းဆောင်မှု သင်တန်းတွေပေးတယ်။ မော်လ်ဒိုက်၊ ထိုင်းနိုင်ငံနဲ့ တိုင်ပေကို ကျွန်မတို့ဆီက တစ်ယောက်စီ သွားကြတာရှိတယ်။ နိုင်ငံပေါင်းစုံက ပါပါတယ်။ အဓိကကတော့ နိုင်ငံအသီးသီးမှာရှိတဲ့ အမျိုးသမီးတွေ ခင်မင်ရင်းနှီးအောင်၊ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရှိအောင်နဲ့ ဗဟုသုတ ကြွယ်ဝလာအောင် အမျိုးမျိုးဆောင်ရွက်တာပါ။ အမျိုးသမီးတွေရဲ့ အရည်အချင်း မြင့်အောင် ကြိုးစားနေတာပါ။ ဒါကြောင့် ကျွန်မတို့လည်း WAGGGS ရဲ့ အဖွဲ့ဝင်ဖြစ်ရတာ ဂုဏ်ယူပါတယ်။

**အစီအစဉ်မှူး။** ။ **အာရှပစိဖိတ် ကင်းထောက်အမျိုးသမီးတွေနဲ့ ပတ်သက်ပြီးတော့လည်း ဆွေးနွေးပေးစေလိုပါတယ်။**

**ဒေါက်တာဒေါ်တင်လှကြည်။** ။ WAGGGS မှာ ဒေသငါးခု ခွဲထားတယ်။ ဒီလိုခွဲထားတဲ့အထဲမှာ ကျွန်မတို့က အာရှပစိဖိတ်ဒေသထဲမှာ ပါဝင်တယ်။ ကျွန်မတို့ အာရှပစိဖိတ်ဒေသထဲမှာ နိုင်ငံ ၂၆ နိုင်ငံပါဝင်ပြီး ကျွန်မတို့က ၂၆ ခုမြောက်နိုင်ငံ ဖြစ်ပါတယ်။ မပါသေးတဲ့ နိုင်ငံတွေလည်း ရှိပါတယ်။ ဒီ ၂၆ နိုင်ငံမှာ အသင်းဝင်က ၃ ဒသမ ၆ သန်း ရှိပါတယ်။ ဒီနှစ်မှာ အာရှပစိဖိတ်ဒေသမှာ အဖွဲ့ဝင်လေးသန်းဖြစ်ဖို့ ကြိုးစားနေတယ်လို့ သိရပါတယ်။

ခုနက ဒေါ်ခင်စောဥမ္မာပြောတာကို ဖြည့်စွက်ဆွေးနွေးလိုပါတယ်။ ကျွန်မတို့က အာရှပစိဖိတ်ညီလာခံတွေကိုလည်း ပါဝင်တက်ရောက်ခဲ့ရပါတယ်။ ပထမခရီးစဉ်အဖြစ် (၁၁) ကြိမ်မြောက် ညီလာခံကို တိုကျိုမှာ ပါဝင်တက်ရောက်ခဲ့တယ်။ ဒုတိယခရီးစဉ်က နီပေါမှာပါ။ တတိယခရီးစဉ်က တိုင်ပေမှာ တက်ခဲ့ရပါတယ်။ ပြီးတော့ ကမ္ဘာ့ညီလာခံတွေကိုလည်း တက်ရောက်ရပါတယ်။ ကမ္ဘာ့ညီလာခံ တက်ရောက်မှုကတော့ သုံးခေါက်ရှိပါပြီ။ ပထမက ဟောင်ကောင်၊ ဒုတိယက အိန္ဒိယနဲ့ ဒီနှစ် ယူဂန္ဒာမှာ လုပ်မှာဖြစ်ပါတယ်။ အဲဒီကိုသွားဖို့ ကျွန်မနာမည် ပေးထားပါတယ်။ အဲဒီလိုမျိုးနဲ့ ပြည်ပအတွေ့အကြုံတွေကိုလည်း ယူနေပါတယ်။ ကိုယ့်နိုင်ငံပါဝင်မှု၊ ကိုယ့်နိုင်ငံတိုးတက်မှုအတွက် ကြိုးစားနေပါတယ်။

**အစီအစဉ်မှူး။** ။ **အဖွဲ့ဝင်တွေအနေနဲ့ တိုင်းကျိုးပြည်ပြု လုပ်ငန်းတွေမှာ ဘယ်လိုတွေ ပါဝင်နေတယ်ဆိုတာကိုလည်း ပြောပြစေလိုပါတယ်။**

**ဒေါ်ခင်စောဥမ္မာ။** ။ သဘာဝဘေးအန္တရာယ်တွေ့ကြုံခဲ့ရင် အလှူရှင်၊ စေတနာရှင်တွေရဲ့ လှူဒါန်းမှုတွေကို သွားရောက်လှူဒါန်းပေးမှုတွေ ရှိပါတယ်။ သွားရောက်ပြီး မလှူဒါန်းနိုင်ရင်လည်း ချိတ်ဆက်ပြီး လှူဒါန်းနိုင်အောင် ဆောင်ရွက်ပေးပါတယ်။ ပြီးတော့ တိုက်ပွဲရှောင်စခန်းတွေမှာလည်း လှူဒါန်းကူညီမှုတွေ ဆောင်ရွက်ပါတယ်။ တိုင်းပြု ပြည်ပြု လုပ်ငန်းတစ်ခုအဖြစ် Clean Yangon အနေနဲ့ မြို့တော်စည်ပင်နဲ့ ပူးပေါင်းပြီးလုပ်တာလည်း ရှိပါတယ်။



မြို့ထဲလမ်းကြားထဲက အမှိုက်ရှင်းတာတွေကိုလည်း ကင်းထောက်အဖွဲ့ဝင်တွေက သန့်ရှင်းရေးဆောင်ရွက်တာ ရှိပါတယ်။ အခုဆို နှာခေါင်းစည်းတွေ ဖြန့်ဝေတာ၊ သောက်ရေသန့်ဖြန့်ဝေပေးတာ ဒီလိုကူညီမှုတွေလည်း ရှိပါတယ်။

ကလေးဆေးရုံတွေကို သွားရောက်ပြီး အစားအသောက် လှူတာတွေလည်း ရှိပါတယ်။ ကျေးရွာတွေမှာ ကင်းထောက်အဖွဲ့တွေလည်း ရှိပါတယ်။ သူတို့ကလည်း ရပ်ရွာသန့်ရှင်းရေးအတွက် ဆောင်ရွက်တာရှိပါတယ်။ ရွာဆိုရင်လည်း ရွာမှာ၊ မြို့ဆိုရင်လည်းမြို့မှာ အတတ်နိုင်ဆုံး တိုင်းပြည်အတွက် ဆောင်ရွက်နေပါတယ်။

**အစီအစဉ်မှူး။** ။ **ဒီစကားဝိုင်းရဲ့ အဆုံးသတ်အနေနဲ့ တစ်ဦးချင်းစီကနေ ကင်းထောက်ဖြစ်ရခြင်းရဲ့ အကျိုးကျေးဇူးတွေနဲ့ပတ်သက်ပြီး ပြောပြပေးပါ။**

**ဒေါက်တာဒေါ်ဝင်းကြည်။** ။ ကင်းထောက်ဖြစ်ရတဲ့အတွက် ကျွန်မဘဝမှာ ထူးခြားမှုတွေအများကြီး ရှိပါတယ်။ အများကြီးလည်း ပြောခဲ့ပြီးပါပြီ။ စာရိတ္တကောင်းမွန်ရေး၊ ပေါင်းသင်းဆက်ဆံမှုတွေ ဒါတွေကောင်းမွန်တယ်။ ကျန်တဲ့ဟာ ပြောရမယ်ဆိုရင် ကျွန်မတို့ အဆင့်အတန်းတွေမှာ စာမေးပွဲဖြေရပါတယ်၊ အဲဒီအထဲမှာ First Class Girl Guide ဖြစ်ဖို့အတွက် ရေကူးတတ်ရပါတယ်။ ရေကူးပြရပါတယ်။ နောက်ပြီးတော့ နက္ခတ်ပညာတွေကိုလည်း လေ့လာခဲ့ရတယ်။ တစ်သက်လုံးအသုံးဝင်တဲ့ အလုပ်တစ်ခုအဖြစ် အချက်အပြုတ်ကို သင်ယူခဲ့ရပါတယ်။ ၁၉၅၈ ခုနှစ်က ကျွန်မ မက္ကဆီကိုသွားတော့ အမေရိကားက မိတ်ဆွေတစ်ဦးနဲ့ဆုံခဲ့တာကို ခုထိ အမှတ်တရရှိနေတယ်။ ခုထိလည်း မိတ်ဆွေအနေနဲ့ ရှိခဲ့တယ်။

**ဒေါ်ရီရီတင်။** ။ ဒေသန္တရ ဗဟုသုတတွေ အများကြီးရခဲ့တယ်။ ငယ်ငယ်တုန်းက တက္ကသိုလ်ရိပ်သာလမ်းက ဒေါ်အောင်ဆန်းစုကြည်တို့အိမ်မှာ စခန်းသွားချခဲ့တာရှိတယ်။ ၁၉၆၂ ခုနှစ်မှာ ထိုင်းနိုင်ငံကို ၁၃ ယောက်အဖွဲ့အဖြစ် လေ့လာရေးသွားခဲ့ရတယ်။ ဗဟုသုတအများကြီးရခဲ့တယ်။ ၁၉၆၂ ခုနှစ်မှာ မြစ်ကြီးနားမြို့ကို ကင်းထောက်သင်တန်းအတွက် ရောက်ခဲ့တယ်။ ၁၉၆၃ ခုနှစ်မှာ ပြင်ဦးလွင်ကို သွားရောက်ခဲ့တယ်။ အဲဒီအချိန်က ကင်းထောက်ဖြစ်ခဲ့တဲ့အတွက် သွားခဲ့ရတာတွေက အများကြီးပါပဲ။ ဒီလိုပဲ အခုအထိလည်း ဗဟုသုတ ရှာမှီးလိုတုန်းပါပဲ။ သွားချင်လာချင်တုန်းပါပဲ။

**ဒေါက်တာဒေါ်လှရီရီ။** ။ ကင်းထောက်အမျိုးသမီး လုပ်ခဲ့တဲ့အတွက် အကျိုးကျေးဇူးရှိတာတွေကတော့ အများကြီးပါပဲ။ ကတိသုံးချက်ထဲမှာလည်း ကူညီဖို့အတွက် အများကြီးပါတယ်။ ကျွန်မ အထူးပြောချင်တာက ရဲဘော်ရဲဘက်စိတ်တွေ အများကြီး ပေါ်ပေါက်ခဲ့တာပါ။ စွန့်လွှတ်တတ်တဲ့စိတ်ထားတွေ ပေါ်ပေါက်ခဲ့တယ်။ ကိုယ့်အတွက်ပဲ မစဉ်းစားဘဲ သူများကို ဦးစားပေးတတ်တဲ့ စိတ်ဓာတ်တွေ ပြောင်းလာပါတယ်။ အစ်မ ဒေါ်ဝင်းကြည်ပြောသလို စာမေးပွဲတွေဖြေရတဲ့အတွက် မလျှော့သောဇွဲတွေ ဖြစ်လာတယ်။

ခုခေတ်နဲ့ အများကြီးကွာခြားတာက ဘာသာရေးနဲ့ပတ်သက်ပြီး ဘယ်ဘာသာကိုးကွယ်သလဲလို့ ဘယ်သူ့ကိုမှမမေးဘဲ သူငယ်ချင်းမိတ်ဆွေအဖြစ် တစ်သက်လုံးမိတ်ဆွေ ဖြစ်ခဲ့ကြတယ်။ တောစခန်းတွေ ထွက်တဲ့အခါမှာလည်း ပညာတွေ အများကြီးရတယ်။ ဘာမှမရှိဘဲ တီထွင်တတ်တာတွေ ရှိလာတယ်။ ဥပမာဆိုရင် အိုးတွေမရှိဘဲ ကြက်ဥတစ်လုံးပေးတယ်။ ကြက်ဥကို ဘယ်လိုပြုတ်စားမလဲဆိုတော့ လိမ္မော်သီးကိုခွာ၊ ကြက်ဥကို အဲဒီလိမ္မော်သီးထဲကိုထည့် မီးကင်၊ အဲဒီလို စိတ်ဓာတ်တွေက အများကြီးရှိခဲ့တယ်။ အဲဒီကပါလာတဲ့ မလျှော့သောဇွဲနဲ့ စိတ်ဓာတ်က အများကြီးအကျိုးပြုသွားပါတယ်။

**အစီအစဉ်မှူး။** ။ **ဟုတ်ကဲ့ပါ၊ ကင်းထောက်ကျင့်ဝတ်တွေကိုလည်း ဆက်လက်ဝေမျှပေးပါဦး။**

**ဒေါက်တာဒေါ်တင်လှကြည်။** ။ ကင်းထောက်ကျင့်ဝတ် ၁၀ ချက်က သစ္စာရှိရမယ်၊ ချွေတာတတ်ရမယ်၊ အမြဲပြုံးနေတတ်ရမယ်၊ အချင်းချင်းချစ်ခင်ရမယ် စသဖြင့်ရှိပါတယ်။ ကျွန်မ ကင်းထောက်ဖြစ်တဲ့အခါ ဒီကျင့်ဝတ် ၁၀ ချက်ကို တတ်နိုင်သမျှ စောင့်ထိန်းနိုင်ခဲ့တယ်။ မဝင်းကြည်တို့လောက်တော့ ကျွန်မအဆင့်မမြင့်ခဲ့ဘူး။ တက္ကသိုလ်မှာ ကျွန်မရိန်းဂျား မဖြစ်ခဲ့ဘူး။ ကျွန်မကတော့ Girl Guide ပဲ ဖြစ်ခဲ့တယ်၊ ဒါပေမယ့် ကျွန်မတို့ရဲ့ ခေါင်းဆောင်က ဒီစိတ်ဓာတ်ကို အမြဲသွင်းပေးနေတဲ့အတွက် ဒီနေ့အထိ ကျင့်ဝတ် ၁၀ ချက်ကို ကျွန်မက ထိန်းသိမ်းလို့ရတယ်လို့ ယုံကြည်တယ်။

အမြဲစိတ်ကောင်းစေတနာကောင်းထားတယ်၊ သူများကို သနားတယ်၊ ကူညီချင်တယ်ဆိုတဲ့ စိတ်ဓာတ်တွေ၊ အများနဲ့ ပေါင်းသင်းဆက်ဆံတဲ့အခါမှာလည်း အတော်ကို အလျှော့ပေးဆက်ဆံတတ်သွားတယ်။ အတ္တစိတ်မရှိဘူး၊ ပေးကမ်းချင်တယ် အဲဒီလိုမျိုးဆိုတော့ ကင်းထောက်ဖြစ်ရတာ အင်မတန်ကောင်းပါတယ်။

ကျွန်မယုံကြည်တာကတော့ ကိုယ်နဲ့စတယ်။ ကိုယ့်အသိုင်းအဝိုင်းကို အကျိုးပြုသွားတယ်။ ပြီးတဲ့အခါ ကိုယ့်နိုင်ငံကို အကျိုးပြုသွားတယ်။ နိုင်ငံရဲ့ ခေါင်းဆောင်ကောင်း ဖြစ်သွားမယ်လို့ထင်တယ်။ ဒါကြောင့် အမြဲပြောဖြစ်တယ်။ ဒေါ်အောင်ဆန်းစုကြည်က ကျွန်မသူငယ်ချင်းလည်းဖြစ်၊ သူအခုလုပ်ကိုင်နေတာအားလုံးဟာ ကင်းထောက်စိတ်နဲ့ လုပ်ကိုင်နေတာဖြစ်ပါတယ်။ အဲဒီတော့ ကင်းထောက်ဖြစ်ရခြင်းဟာ အင်မတန်မှ အကျိုးရှိပါတယ်။

**အစီအစဉ်မှူး ။** ။ **ကင်းထောက်ကျင့်ဝတ်နဲ့ ပတ်သက်ပြီးတော့လည်း ဆက်လက်ပြောပြပေးပါဦး။**

**ဒေါ်ခင်စောဥမ္မာ။** ။ ကျွန်မကလည်း ကင်းထောက်ကျင့်ဝတ်ထဲက အချက်သုံးချက်လောက်ကို ကိုယ်တွေ့အနေနဲ့ ပြောကြားချင်ပါတယ်။ တစ်ခုကတော့ အနစ်နာခံတာ ဖြစ်ပါတယ်။ ကျွန်မ ဆရာမဘဝတုန်းက ကျောင်းမှာ အစ်မကြီး ဒေါ်တင်လှကြည်နဲ့ ဆုံခဲ့ပါတယ်။ ဒါပေမယ့် နှစ်ပေါင်းများစွာ မတွေ့ခဲ့ကြဘဲ ကင်းထောက်တွေ့ဆုံပွဲမှာ ပြန်ပြီးတွေ့ဆုံရပါတယ်။ ပြီးတော့ ကံအားလျော်စွာပဲ အစ်မကြီးကို ကင်းထောက်ချုပ်၊ ကျွန်မကို ဒုတိယကင်းထောက်ချုပ်အဖြစ် တာဝန်ပေးအပ်တော့ ဒို့အတူပေါင်းဖက် ကျောချင်းကပ် ရင်ချင်းအပ် စိတ်တူကိုယ်တူ ကင်းထောက်လုပ်ငန်းတွေ အောင်မြင်ဖို့ ပေါင်းကူးတံတားသဖွယ် ဆောင်ရွက်ခဲ့ပါတယ်။ ပြတ်နေတဲ့ Generation ကို ကျွန်မတို့က ဆက်ပေးရပြီး သူတို့ကို ကျွန်မတို့က လက်လွှဲခဲ့ရဖို့ပါ။ အဲဒီအခါ ယူနီဖောင်းတွေ ရွေးတာကအစ စိတ်တူ ကိုယ်တူနဲ့ ကျွန်မက နောက်လိုက်ကောင်းပါ။ အစ်မကြီးရဲ့ လမ်းညွှန်မှုအောက်က အမိန့်နာခံပြီး ဆောင်ရွက်ပါတယ်။

နောက်တစ်ခုက ကျွန်မတို့ ကင်းထောက်ကျင့်ဝတ်ထဲမှာ ညီအစ်မအရင်းသဖွယ် ဖြစ်ရမယ်ဆိုတာလေးပါ။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ကင်းထောက်နာယကကြီးနဲ့ မန္တလေးက ကင်းထောက်အဖွဲ့တွေ တွေ့ဆုံပွဲကို စီစဉ်ကျင်းပပေးခဲ့ရပါတယ်။ အဲဒီလို ကျင်းပတဲ့အခါ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နဲ့ ကျွန်မတို့ စင်ပေါ်မှာ စကားတွေပြောကြတယ်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကင်းထောက်သီချင်းတစ်ပုဒ်ကို အစအဆုံး သီဆိုပြတယ်။ ကျွန်မ နားထောင်ရတာ အားမရပါဘူး။ လက်ထဲမှာလည်း ဖုန်းကမပါဘူး။ “မမရယ် ကျွန်မဖုန်းကလည်းမပါတော့ အသံသွင်းမထားရဘူးဆိုတော့၊ မမက ကိစ္စမရှိဘူးတဲ့၊ ဒါလေးကို ဆိုတတ်တဲ့သူကို ဆိုခိုင်းပြီး ပို့ပေးမယ်”လို့ ကျွန်မကို ပြောလိုက်ပါတယ်။ ဒါကြောင့် ကျွန်မ ဒီနေ့အထိ အဲဒီသီချင်းလေးကို စောင့်နေပါတယ်။

ဒီလို သီဆိုပြတယ်ဆိုတာ အစ်မကြီးက ကျွန်မတို့ကို ကင်းထောက်ညီအစ်မလို ချစ်ခင်လို့ သီဆိုပြတယ်ဆိုတာ လက်ခံယုံကြည်ပါတယ်။ နောက်တစ်ချက်က ကင်းထောက်ဆိုတာ လူတစ်ဖက်သားကို ကူညီတာ၊ ကျွန်မ အနီးဆုံးသာဓကပြပါဆိုရင် ကိုယ့်မိသားစုကိုပဲပြောပါမယ်။ ကျွန်မအဖေရဲ့ အားပေးမှုနဲ့ မေမေကလည်း ကင်းထောက် ဖြစ်ခဲ့ပါတယ်။ အဲဒီခေတ်ကကို အတိုင်ပင်ခံကောင်စီဝင်ပါ။

ကျွန်မအစ်ကိုအကြီးက စိန်ဂျွန်းက Air Scout ပါ။ အစ်ကိုအလတ်နဲ့ မောင်က စိန့်ပေါလ်က Sea Scout ပါ။ တစ်နွယ်ငင်တစ်စင်ပါပြောရရင် ကျွန်မ အမျိုးသားက မြို့မကျောင်းရဲ့ Group Leader ပါ။ ယောက်မကလည်း ကင်းထောက်ပါပဲ။ သားတွေ၊ သမီးတွေလက်ထက် ကင်းထောက်ပြတ်သွားတဲ့ အချိန်မှာ တေဇ၊ လမ်းစဉ်လူငယ်အချိန် ဖြစ်သွားတယ်။ ဒါပေမယ့် ကင်းထောက်ပြန်ပေါ်လာတဲ့ အချိန်ကျတော့

**စာမျက်နှာ ၁၁ သို့ ❖**

# တိရစ္ဆာန်ကူးစက်ရောဂါများကာကွယ်ဖို့ မွေးမြူမှုပုံစံ ပြောင်းလဲစို့

ဒေါက်တာယဉ်မိုးအောင်နှင့်
သုတေသီများ (မွေး/ကု)

နိုင်ငံ့ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) ၏ ၃၀ ရာခိုင်နှုန်းခန့်ကို စိုက်ပျိုးမွေးမြူရေးကဏ္ဍမှရရှိသော်လည်း တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ၊ မွေးမြူရေးဆိုင်ရာ အသိပညာအားနည်းခြင်းကြောင့် တောင်သူလယ်သမားအများစု၏ တိရစ္ဆာန်မွေးမြူရေး (အထူးသဖြင့် – ကျွဲ၊ နွား၊ ဝက်) နှင့်ပတ်သက်သော အကျိုးခံစားခွင့် အလွန်နည်းပါးလှပြီး ၎င်းတို့၏ လူမှုစီးပွားဘဝသည် တိုးတက်သင့်သလောက် တိုးတက်မှုမရရှိခဲ့ပေ။

**တိရစ္ဆာန်ရောဂါဖြစ်ပွားမှုများ တွေ့ရှိလာ**

ထို့ပြင် မြန်မာနိုင်ငံ၏ ကျွဲ၊ နွားကောင်ရေသည် ၂၀၁၈ ခုနှစ် စစ်တမ်းများအရ ၁၁ သန်းခန့်ရှိသော်လည်း မြန်မာနိုင်ငံ၏ သမားရိုးကျ ကျွဲ၊ နွားမွေးမြူမှုပုံစံအရ လွှတ်ကျောင်းမွေးမြူခြင်း၊ မွေးမြူသူ တောင်သူများ၏ တိရစ္ဆာန်ကျန်းမာရေးနှင့်ပတ်သက်၍ အသိပညာအားနည်းခြင်းတို့ကြောင့် နေရာဒေသအနှံ့အပြားတွင် နှစ်စဉ် တိရစ္ဆာန်ရောဂါဖြစ်ပွားမှုများကို တွေ့ရှိလာရသည်။

အချို့တိရစ္ဆာန်ရောဂါများကို ကာကွယ်ဆေးထိုးနှံခြင်းဖြင့် ကြိုတင်ကာကွယ်နိုင်သော်လည်း မွေးမြူသူ တောင်သူများ၏ တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ဆေးထိုးနှံမှုအပေါ် ပူးပေါင်းပါဝင်မှုအားနည်းခြင်းနှင့် ရှေးရိုးစွဲ

**တိရစ္ဆာန်ကူးစက်ရောဂါများကို ကြိုတင်ကာကွယ်ဆေးထိုးနှံခြင်းဖြင့် ကာကွယ်ရမည့်အပြင် မိရိုးဖလာမွေးမြူမှုမှ တစ်ဆင့် ခေတ်မီမွေးမြူမှုပုံစံ ပြောင်းလဲခြင်းဖြင့် တိရစ္ဆာန်၏ ကောင်းကျိုး ချမ်းသာကိုလည်း အထောက်အပံ့ ဖြစ်စေမည်**



အယူအဆများကို မပယ်ဖျက်နိုင်ခြင်းတို့ကြောင့် သမားရိုးကျ မွေးမြူမှုပုံစံများမှသည် ခေတ်မီမွေးမြူမှုပုံစံသို့ မပြောင်းလဲနိုင်သေးပေ။

ဥပမာအားဖြင့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် ရခိုင်ပြည်နယ် မြေပုံမြို့နယ် ရွာသာယာကျေးရွာ၌ ဖြစ်ပွားခဲ့သည့် ကျွဲ၊ နွားလည်ချောင်းကွဲရောဂါကို ကျွဲ၊ နွားများအား အသက် ၆ လမှစ၍ ၆ လ တစ်ကြိမ် ကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါဖြစ်ပွားကျရောက်မှုကို ကာကွယ်နိုင်သော်လည်း ၂၀၁၉ ခုနှစ် အောက်တိုဘာလက မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ဦးဆောင်၍ တိရစ္ဆာန်ကျန်းမာရေးလုပ်သားများ၏ အကူအညီဖြင့် အဆိုပါကျေးရွာသို့ ကာကွယ်ဆေးထိုးဆောင်ရွက်စဉ် ရွာရှိ ကျွဲအချို့သည် ကာကွယ်ဆေးထိုးနှံသည့်ကျေးရွာတွင် ရှိမနေဘဲ တောင်ပေါ်ဒေသ၌ လွှတ်ကျောင်းမွေးမြူထားခြင်းကြောင့် ကာကွယ်ဆေးမထိုးနှံနိုင်ခဲ့ပေ။ ထို့အတွက် အဆိုပါ ကျွဲ၊ နွားများ လည်ချောင်းကွဲရောဂါဖြစ်ပွားသေဆုံးခဲ့သည်။

အလားတူဖြစ်ရပ်မျိုးကို ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် ရခိုင်ပြည်နယ် မင်းပြားနှင့် ရမ်းဗြဲမြို့နယ်နှင့် ၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်တွင် ဖြစ်ပွားပေါ်ပေါက်ခဲ့သည်။

ထိုကဲ့သို့ ကျွဲ၊ နွား လည်ချောင်းကွဲရောဂါဖြစ်ပွားမှုအကြောင်းရင်းကို လေ့လာသုံးသပ်ကြည့်ပါက ရောဂါဖြစ်ကျွဲ၊ နွားများကို သီးခြားခွဲမထားဘဲ စားကျက်လွှတ်ကျောင်းကွင်း၌ အတူတကွလွှတ်ကျောင်းခြင်း၊ ရောဂါဖြင့်သေဆုံးသည့် ကျွဲ၊ နွားများကိုလည်း မီးရှို့ဖျက်ဆီးခြင်းမပြုဘဲ စားသုံးခြင်း၊ တိရစ္ဆာန်ရောဂါဖြစ်ပွားမှုဖြစ်စဉ်ကို သက်ဆိုင်ရာဌာန အာဏာပိုင်သို့ သတင်းပေးပို့မှုအားနည်းခြင်းတို့ကို လေ့လာတွေ့ရှိခဲ့ရသည်။

ထို့ကြောင့် မွေးမြူထားသည့် ကျွဲ၊ နွားများကို လက်ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ရေးဆွဲလျက်ရှိသည့် ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်ပါ နည်းလမ်းအတိုင်း သင့်လျော်သောနေရာတွင် ခြံခတ်မွေးမြူခြင်း၊ ခြံနှင့်ပတ်ဝန်းကျင်ကို သန့်ရှင်းစွာထားခြင်း၊ အလုပ်ခွင်တွင် ခိုင်းစေပြီးနောက် လုံလောက်စွာ အနားပေးခြင်း၊ အစာရေစာ အလုံအလောက်ထောက်ပံ့ပေးခြင်း စသည့် အလေ့အကျင့်ကောင်းများကို ဖော်ဆောင်သွားရမည်ဖြစ်သည်။

သမားရိုးကျ တိရစ္ဆာန်အစာများအပြင် ဖြည့်စွက်စာများ ကျွေးခြင်း၊ အများသုံးစားကျက်များတွင် စုပေါင်းလွှတ်ကျောင်းခြင်းမှ ရှောင်ကြဉ်ခြင်း၊ ပြင်ပနေရာမှ ကျွဲ၊ နွား ဝယ်လာပါက မိမိခြံရှိ တိရစ္ဆာန်များနှင့် ပူးတွဲမထားဘဲ စောင့်ကြည့်ကာလသတ်မှတ်၍ သီးခြားထားခြင်း၊ မေထုန်မဲ့သားစပ်လုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများကို နယ်မြေခံ တိရစ္ဆာန်ဆေးကုဆရာဝန်နှင့်တိုင်ပင်၍ ဆောင်ရွက်ခြင်းတို့ဖြင့် မိမိတို့၏ မိရိုးဖလာမွေးမြူမှုပုံစံကို ခေတ်မီသော မွေးမြူမှုပုံစံသို့ ပြောင်းလဲရမည်ဖြစ်သည်။

သို့မှသာ တိရစ္ဆာန်မျိုးကောင်းမျိုးသန့်များ ပေါ်ထွက်လာပြီး အသားထွက်နှုန်း၊ နို့ထွက်နှုန်းများ ကောင်းမွန်လာကာ တိရစ္ဆာန်ကူးစက်ရောဂါကို ကာကွယ်နိုင်သည့် အကျိုးကျေးဇူးများကို ခံစားရရှိနိုင်မည်ဖြစ်ပေသည်။

**အထောက်အပံ့ဖြစ်စေ**

ထို့ကြောင့် တိရစ္ဆာန်ကူးစက်ရောဂါများကို ကြိုတင်ကာကွယ်ဆေးထိုးနှံခြင်းဖြင့် ကာကွယ်ရမည့်အပြင် မိရိုးဖလာမွေးမြူမှုမှတစ်ဆင့် ခေတ်မီမွေးမြူမှုပုံစံ ပြောင်းလဲခြင်းဖြင့် တိရစ္ဆာန်၏ကောင်းကျိုးချမ်းသာကိုလည်း အထောက်အပံ့ဖြစ်စေမည်ဖြစ်သည်။

ထို့ပြင် တိရစ္ဆာန်ကူးစက်ရောဂါကြောင့် ဖြစ်ပေါ်လာသည့် ကျွဲ၊ နွားဆုံးရှုံးမှုများ၊ သေဆုံးတိရစ္ဆာန်၊ နာမကျန်းတိရစ္ဆာန်များကို ကုသခြင်းကြောင့် ဖြစ်ပေါ်လာသည့် စီးပွားရေးထိခိုက်ဆုံးရှုံးမှုများကိုလည်း လျှော့ချနိုင်ပေမည်။ ထိုကဲ့သို့ ထိခိုက်ဆုံးရှုံးမှုများ လျှော့ချနိုင်သကဲ့သို့ မိမိတို့ မွေးမြူထုတ်လုပ်မှုကဏ္ဍမှ အကျိုးအမြတ် အသီးအပွင့်များကိုလည်း ခံစားနိုင်မည်ဖြစ်ပြီး မွေးမြူသူများ၏ လူမှုစီးပွားဘဝလည်း ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်သောကြောင့် **“တိရစ္ဆာန်ကူးစက်ရောဂါများကာကွယ်ဖို့ မွေးမြူမှုပုံစံပြောင်းလဲစို့”** ဟု တိုက်တွန်းရေးသားအပ်ပါသည်။ ။

## အခြေခံပညာဦးစီးဌာန ၂၀၂၀ ပြည့်နှစ် ဒသမတန်း လူရည်ချွန်စာရင်းအဆက်

*❍ စာမျက်နှာ ၉ မှ*

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁၆၉ | မောင်ပိုင်ဖြိုးသစ်အောင်မိုး | အထက(၁) | လပွတ္တာ | လပွတ္တာ |
| ၁၇၀ | မသက်ဝေဖူး | အထက(၁) | မော်လမြိုင်ကျွန်း | လပွတ္တာ |
| ၁၇၁ | မောင်အေးချမ်းအောင် | အထက(၁) | မအူပင် | မအူပင် |
| ၁၇၂ | မစန္ဒီမျိုးမင်း | အထက(၁) | မအူပင် | မအူပင် |
| ၁၇၃ | မောင်ဘုန်းပြည့်စုံ | အထက(၁) | ဘိုကလေး | ဖျာပုံ |
| ၁၇၄ | မဖြူဖြူမြင့် | အထက(၄) | ဖျာပုံ | ဖျာပုံ |
| ၁၇၅ | မောင်စိုင်းမျိုးမင်းခန့် | ပညာပန်းတိုင် (ကပက) | ပျဉ်းမနား | ဒက္ခိဏ |
| ၁၇၆ | မဝင့်ဝါကျော်စိုး | အထက(၅) | ဇမ္ဗူသီရိ | ဒက္ခိဏ |
| ၁၇၇ | မောင်စည်သူသက်ဟိန်း | CAE(ကပက) | ဥတ္တရသီရိ | ဥတ္တရ |
| ၁၇၈ | မကြွယ်စင်လင်း | CAE(ကပက) | ဥတ္တရသီရိ | ဥတ္တရ |

**❖ စာမျက်နှာ ၁၀ မှ**

ကျွန်မက ကင်းထောက်ဖြစ်တဲ့အတွက် တူမဆရာဝန်မလေးကိုလည်း ကင်းထောက်ဖြစ်စေခဲ့ပါတယ်။

ကျွန်မတို့ Generation လေးဆက်မြောက်ဖြစ်လာတဲ့အထိ စဉ်ဆက်မပြတ် ကျွန်မတို့ဟာ ကင်းထောက်တွေဖြစ်နေပါတယ်။ ဒါကြောင့် ကျွန်မတို့ဟာ အိမ်မှာ ကင်းထောက်စိတ်ဓာတ်တွေ ရှိနေတယ်။ ကင်းထောက်စိတ်ဓာတ်က အရေးအကြီးဆုံးပါပဲ။

ကင်းထောက်အဖွဲ့တွေ ပြန်လည်ဖွဲ့စည်းတဲ့အခါကလေးတွေဖွဲ့စည်းတဲ့အတွက် မိခင်တွေက သူတို့လည်း ကင်းထောက်ဖြစ်ချင်ပါတယ်လို့ ဆိုတဲ့အတွက် မိခင်တွေကိုပါ ဖွဲ့ပေးခဲ့ပါတယ်။ အိမ်ထောင်တစ်ခုမှာ အနည်းဆုံးတော့ သမီးကင်းထောက်၊ အမေကင်းထောက်တော့ ဖြစ်နေပါပြီ။ အိမ်ထောင်တစ်ခုမှာ ကင်းထောက်ပါလာမယ်၊ တစ်မြို့နယ်မှာ ကင်းထောက်ပါလာမယ်၊ တစ်တိုင်းပြည်လုံး ကင်းထောက်တွေဖြစ်လာကြမယ်ဆိုရင် ကင်းထောက်စိတ်ဓာတ်တွေရှိတဲ့ ကျွန်မတို့ အနာဂတ်လူငယ်တွေဟာ အင်မတန်စိတ်ထားမြင့်မြတ်ပြီး အကျင့်စာရိတ္တကောင်းသော၊ ခေါင်းဆောင်စိတ်ဓာတ်ရှိသော၊ ကူညီတတ်၊ အမိန့်နာခံတတ်၊ ပတ်ဝန်းကျင်ကို လေ့လာအကဲခတ်တတ်သော၊ ဘာသာတရား ရိုသေကိုင်းရှိုင်းတတ်သော ကင်းထောက်စိတ်ဓာတ်နဲ့ ကြီးပြင်းလာကြမယ့်သူတွေက နိုင်ငံ့ခေါင်းဆောင်ကောင်းတွေ ဖြစ်လာမှာမို့ ဒါတွေက ကင်းထောက်ဖြစ်ရခြင်းရဲ့ အကျိုးရလဒ်တွေပဲလို့ ပြောချင်ပါတယ်။

**အစီအစဉ်မှူး။ ။ ဒီနေ့ စကားဝိုင်းကနေ ကင်းထောက်တွေ ထားရှိရမယ့် စိတ်ဓာတ်၊ ကျင့်ဝတ်၊ ကတိသစ္စာ ဒါတွေဟာ လူတစ်ဦးချင်းစီကနေ အဖွဲ့တစ်ခု၊ အဖွဲ့တစ်ခုကနေ တစ်နိုင်ငံလုံးမှာရှိတဲ့ နိုင်ငံသူနိုင်ငံသားတွေအထိ အပြန်အလှန်အကျိုးပြုနေတာကို တွေ့ရှိရတယ်၊ မှတ်သားရပါတယ်။ ကင်းထောက်စိတ်ဓာတ်တွေ၊ စောင့်စည်းရမယ့် ကျင့်ဝတ်သိက္ခာတွေနဲ့ပတ်သက်ပြီးတော့ သိရှိအောင် ဆွေးနွေးပေးကြတဲ့ ဆရာမတွေအားလုံးကို ကျေးဇူးတင်ပါတယ်လို့ ပြောကြားလိုပါတယ်။ ။**



## မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်

**နေပြည်တော် မတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

မိုး/ဇလ

## ဗုဒ္ဓဘာသာဝင် ဘုရားဖူးများအတွက် ပုဂံ-လုမ္ဗိနီ တိုက်ရိုက်လေကြောင်းခရီးစဉ် ပြေးဆွဲရန် စီစဉ်

**ဖနောင်ပင် မတ် ၂**

လာအိုလေကြောင်းပို့ဆောင်ရေး အာဏာပိုင်များက ဗုဒ္ဓဘာသာဝင်ဘုရားဖူးများအတွက် ပုဂံနှင့် နီပေါနိုင်ငံ လုမ္ဗိနီကြား တိုက်ရိုက်လေကြောင်းခရီးစဉ်များပြေးဆွဲရန် စီစဉ်နေကြောင်း မြန်မာနိုင်ငံ၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။

"ကမ္ဘောဒီးယားနိုင်ငံ၊ အန်ကောဝပ်၊ မြန်မာနိုင်ငံ ပုဂံ၊ နီပေါနိုင်ငံ လုမ္ဗိနီ၊ အိန္ဒိယနိုင်ငံ ဂယာနဲ့ သီရိလင်္ကာနိုင်ငံ ဗုဒ္ဓမြတ်စွယ်တော်ကနေ ရွှေတိဂုံဘုရားကို ဘုရားဖူးခရီးစဉ်တစ်ခု ကျွန်တော်တို့ စီစဉ်နေပါတယ်။ လာမယ့် မေလကျရင် လုမ္ဗိနီမှာ အပြည်ပြည်ဆိုင်ရာလေဆိပ်တစ်ခု ဖွင့်လှစ်မယ်လို့ ကျွန်တော်တို့ သိရပါတယ်။ ဒါကြောင့် ဗုဒ္ဓဘုရားရှင် ဖွားမြင်တော်မူရာ လုမ္ဗိနီကို သွားရောက်လည်ပတ်ဖို့ မြန်မာဘုရားဖူးတွေအတွက် ပိုပြီးလွယ်ကူလာပါလိမ့်မယ်။ အောက်တိုဘာလမှာစတင်မယ့် အန်ကောဝပ်-ပုဂံ တိုက်ရိုက်လေကြောင်းခရီးစဉ်ကတစ်ဆင့် လုမ္ဗိနီကို ခရီးစဉ်တစ်ခု မိတ်ဆက်ပေးဖို့ ကျွန်တော်တို့ ကြိုးစားနေပါတယ်" ဟု ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်လတ်က ပြောကြားသည်။

မြန်မာနှင့် နီပေါနိုင်ငံသည် ၂၀၁၉ ခုနှစ်အတွင်း ခရီးသွားကဏ္ဍမြှင့်တင်ရန် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ပြီး နီပေါနိုင်ငံက တိုင်းပြည်အတွင်းရှိ ခရီးသွားနယ်မြေများကို မိတ်ဆက်ပေးရန် "နီပေါခရီးသွားနှစ် ၂၀၂၀" စီမံချက်ကို ကြေညာခဲ့သည်။ နီပေါနိုင်ငံ၌ ကမ္ဘာလှည့်ခရီးသွားများ သွားရောက်ရန် စိတ်ဝင်စားဖွယ်ရာ နေရာများစွာရှိပြီး လုမ္ဗိနီမှာ မြန်မာဘုရားဖူးများစွာ သွားရောက်လည်ပတ်သည့် နေရာတစ်ခုဖြစ်သည်။

နီပေါနိုင်ငံက ကမ္ဘာလှည့်ခရီးသွားများ၊ ဗုဒ္ဓဘာသာဝင်ဘုရားဖူးများအတွက် လုမ္ဗိနီတွင် "သိဒ္ဓတ္ထဂေါတမ" အပြည်ပြည်ဆိုင်ရာလေဆိပ်ကိုဖွင့်လှစ်ရန် စီစဉ်လျက်ရှိသည်။

ကိုးကား-သည်ဖနောင်ပင်ပို့စ်၊ ဘာသာပြန်-ကျော်ထိုက်စိုး

## ဆီးရီးယားအရေးနှင့်ပတ်သက်၍ တူရကီနှင့်ပူးပေါင်းဆောင်ရွက်ရေးအရေးကြီးဟု ရုရှားပြောကြား

**မော်စကို မတ် ၂**

ဆီးရီးယားနိုင်ငံတွင် မြင့်တက်လျက်ရှိသည့်တင်းမာမှုများနှင့်ပတ်သက်၍ တူရကီနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရေးသည် ထိပ်တန်းဦးစားပေးဖြစ်ကြောင်း ရုရှားနိုင်ငံက မတ် ၂ ရက်တွင် ပြောကြားသည်။

တူရကီ မိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်မှုကို ရုရှားနိုင်ငံက အလေးထားကြောင်း ရုရှားအစိုးရပြောရေးဆိုခွင့်ရပုဂ္ဂိုလ် ဒီမီထရီပက်စ်ကော့က မော်စကိုမြို့၌ ပြုလုပ်မည့် ဗလာဒီမာပူတင်နှင့် အာဒိုဂန်တို့၏ အစည်းအဝေးမတိုင်မီ ပြောကြားသည်။

သမ္မတနှစ်ဦးတို့အစည်းအဝေး ကျင်းပမည်ဖြစ်ကြောင်း ကြေညာချက်သည် ဆီးရီးယားနိုင်ငံ မြောက်ပိုင်းရှိ အီဒလစ်ပြည်နယ်တွင် တင်းမာမှုများ တစ်ရှိန်ထိုးမြင့်တက်လာပြီးနောက် ထွက်ပေါ်လာခြင်းဖြစ်သည်။ အဆိုပါပြည်နယ်အတွင်း ရုရှားက ထောက်ပံ့နေသည့် ဆီးရီးယားတပ်မတော်ကို အပြည့်အဝ ထိုးစစ်ဆင်မည်ဟု တူရကီက ကြေညာထားသည်။

ရုရှားနှင့် တူရကီတို့သည် ဆက်သွယ်မှုလမ်းကြောင်းများကို ဖွင့်ထားကြောင်း၊ မိမိတို့၏ တပ်မတော်များသည် ဆက်သွယ်မှု အမြဲရှိကြောင်း၊ သမ္မတ ပူတင်နှင့် သမ္မတ အာဒိုဂန်တို့ ဆွေးနွေးညှိနှိုင်းရန်အတွက် မိမိတို့ အာရုံစူးစိုက်ဆောင်ရွက်နေကြောင်း ပက်စ်ကော့က သတင်းထောက်များကို ပြောကြားသည်။

ဆီးရီးယား ပဋိပက္ခနှင့်ပတ်သက်၍ ဆန့်ကျင်ဘက်သဘောထားရှိကြသော်လည်း တူရကီနှင့် ရုရှားတို့သည် အတိတ်ကာလက ရင်းရင်းနှီးနှီး ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ တူရကီနှင့် ရုရှားတို့သည် ၂၀၁၈ ခုနှစ်တွင် ရုရှားနိုင်ငံတောင်ပိုင်း ဆိုချီမြို့၌ သဘောတူစာချုပ်တစ်ခု လက်မှတ်ရေးထိုးခဲ့ကြသည်။ အဆိုပါစာချုပ်အရ တူရကီနိုင်ငံ၏ ပိုင်နက်နယ်မြေအတွင်းသို့ ဒုက္ခသည်များ ထပ်မံမဝင်ရောက်စေရန်နှင့် ဆီးရီးယား၏ထိုးစစ်ကို ကာကွယ်ရန်အတွက် အီဒလစ်ပြည်နယ်တွင် တူရကီနိုင်ငံက စစ်ဘက်စောင့်ကြည့်ရေးစခန်း ၁၂ ခု တည်ဆောက်နိုင်ခဲ့သည်။

သို့သော်လည်း အီဒလစ်ပြည်နယ်ကို သိမ်းပိုက်ရန်အတွက် ရုရှား၏ ပံ့ပိုးကူညီမှုဖြင့် ဆီးရီးယားတပ်မတော်၏ မကြာသေးမီက စစ်ဆင်ရေးများသည် ၂၀၁၁ ခုနှစ်က ဆီးရီးယားတွင် တိုက်ခိုက်မှုများ စတင်ချိန်နောက်ပိုင်း အဆိုးရွားဆုံး လူသားချင်းစာနာ ထောက်ထားမှုပြဿနာနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်စေခဲ့သည်။



တူရကီသမ္မတ အာဒိုဂန်နှင့် ရုရှားသမ္မတ ပူတင်

ကိုးကား -အေအက်ဖ်ပီ၊ ဘာသာပြန် -အောင်ဇော်လင်း



## ဥရောပသမဂ္ဂနှင့်ဗြိတိန်တို့ ကုန်သွယ်ရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေး

**လန်ဒန် မတ် ၂**

ဥရောပသမဂ္ဂနှင့်ဗြိတိန်မှ ကုန်သွယ်ရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးသူများသည် ဘရက်ဆဲမြို့တွင် ဘရက်ဆစ်အလွန်ကာလ နှစ်ဖက်ဆက်ဆံရေးနှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့ကြသော်လည်း သဘောတူညီချက်ရရှိရန် အလှမ်းဝေးကွာခဲ့သည်။ ယခုညှိနှိုင်းမှုများအား ဗြိတိန်ဥရောပသမဂ္ဂမှ နုတ်ထွက်အပြီး တစ်လခန့်အကြာမှ စတင်ခဲ့သည်။ ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်အနေဖြင့် ဘရက်ဆစ်အရေးကို ဆောင်ရွက်ခဲ့သည်။ ဥရောပသမဂ္ဂနှင့်ဗြိတိန်တို့အနေဖြင့် ဇွန်လ၌ကျင်းပမည့် နှစ်ဖက် အကြား ထိပ်သီးဆွေးနွေးပွဲများအတွင်းဘရက်ဆစ်အပြီး မည်သို့ဆက်လက် ဆောင်ရွက်မည်ကို ဆုံးဖြတ်ရန်ရှိနေသည်။

စေ့စပ်ညှိနှိုင်းမှုများအတွင်း ဥရောပသမဂ္ဂနှင့် ဗြိတိန်တို့အကြား အချင်းချင်းမယုံကြည်မှုများနှင့် ယမန်နှစ်နှောင်းပိုင်းကရရှိခဲ့သော အလွတ်သဘောတူညီချက်များ အပေါ်ချမှတ်ထားသော ရည်မှန်းချက်များကို တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် ချိုးဖောက်ကြောင်း စွပ်စွဲချက်များရှိခဲ့သည်။ ဥရောပသမဂ္ဂမှ စံသတ်မှတ်ထားသော အလုပ်သမားရေးရာ၊ အခွန်ရေးရာ၊ သဘာဝပတ်ဝန်းကျင်နှင့် နိုင်ငံတော်မှ ထောက်ပံ့ငွေကိစ္စရပ်တို့တွင် ဗြိတိန်မှ လျှော့ချခြင်းတို့ကို တားဆီးနိုင်ရန် ပြဋ္ဌာန်းချက်များကို လွှန်ခဲ့သော သီတင်းပတ်အတွင်း အထူးပြုပြဋ္ဌာန်းခဲ့သည်။

**စစ်ဆေးရန်အချက်**

ဘရက်ဆစ်အရေး သဘောတူညီချက်ရှိ ပြဋ္ဌာန်းချက်တစ်ခုတွင် အိုင်းရစ်ပင်လယ်ပြင်ကိုဖြတ်သန်းပြီး မြောက်ပိုင်းအိုင်ယာလန်သို့ပို့ဆောင်မည့် ဗြိတိန်ကုန်ပစ္စည်းများအား စစ်ဆေးရန်အချက်ပါဝင်သော်လည်း ဘောရစ်ဂျွန်ဆင်ကမူ မလိုအပ်ကြောင်း ပြောကြားသည်။

ကိုးကား-အေအက်ဖ်ပီ

ဘာသာပြန်-စိုးသူရ

## မြောက်ကိုရီးယားက ဂျပန်ပင်လယ်အတွင်းသို့ ဒုံးကျည်နှစ်စင်း ပစ်လွှတ်ခဲ့ဟု တောင်ကိုရီးယားပြော

**ဆိုးလ် မတ် ၂**

မြောက်ကိုရီးယားနိုင်ငံသည် မတ် ၂ ရက်တွင် ဂျပန်ပင်လယ်အတွင်းသို့ ဒုံးကျည်နှစ်စင်း ပစ်လွှတ်ခဲ့ကြောင်း တောင်ကိုရီးယား ပူးတွဲစစ်ဦးစီးချုပ်များက ပြောကြားလိုက်သည်။ ဒုံးကျည်များကို မြောက်ကိုရီးယားနိုင်ငံအရှေ့ပိုင်း ဝမ်ဆန်မြို့တော်အနီးမှ ပစ်လွှတ်ခဲ့သည်ဟု ၎င်းတို့က ပြောကြားသည်။

တောင်ကိုရီးယားတပ်မတော်က သတင်းအချက်အလက်များပိုမိုရရှိရန် အမေရိကန်တပ်မတော်နှင့် လက်တွဲဆောင်ရွက်လျက်ရှိသည်။ မြောက်ကိုရီးယားနိုင်ငံက ယနေ့ မွန်းတည့်ချိန်နောက်ပိုင်းတွင် ဒုံးကျည်များ ပစ်လွှတ်ခဲ့ကြောင်း၊ အဆိုပါဒုံးကျည်များမှာ ဂျပန်နိုင်ငံ၏ အထူးစီးပွားရေးဇုန်အတွင်း ကျရောက်ခြင်းရှိ၊ မရှိ အတည်မပြုခဲ့ကြောင်း ဂျပန်အစိုးရက ပြောကြားသည်။ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က အမြောက်ပစ်လေ့ကျင့်မှုတစ်ခုကို စစ်ဆေးပြီးနောက် သုံးရက်အကြာတွင် ဒုံးကျည်ပစ်လွှတ်မှုများ ပြုလုပ်လာခြင်းဖြစ်သည်။ ယခု ဒုံးကျည်များမှာ ပြီးခဲ့သည့်နှစ် နိုဝင်ဘာလနောက်ပိုင်း မြောက်ကိုရီးယားနိုင်ငံကပစ်လွှတ်သည့် ပထမဆုံးသောဒုံးကျည်များ ဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံသည် ပြီးခဲ့သည့်နှစ်က တာတိုပစ်ဒုံးကျည်များအပါအဝင် ဒုံးကျည် ၁၃ စင်း ပစ်လွှတ်ခဲ့သည်။ မြောက်ကိုရီးယားနိုင်ငံသည် ပြီးခဲ့သည့်နှစ် အောက်တိုဘာလအတွင်းက သုံးနှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ရေငုပ်သင်္ဘောမှပစ်လွှတ်ရသော ဒုံးကျည်တစ်စင်း (SLBM) ကို ပစ်လွှတ်ခဲ့သည်။

ကိုးကား-အင်န်အိတ်ချ်ကေ

ဘာသာပြန်-ကျော်ထိုက်စိုး



# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများက တင်သွင်းတင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၁ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅ ဒသမ ၉၅၀ သန်း)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုငါးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇ ဒသမ ၁၄၀ သန်း) စုစုပေါင်း တားဆီးမှု ခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၃ ဒသမ ၀၉ သန်း) အား သိမ်းဆည်းရမိကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၁ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်စဉ် မိုင်တိုင် (၁၉၉/၄) ပိန်းဆာရွာအနီးတွင် မိုးကာဖြင့် ဖုံးအုပ်ရပ်တန့်ထားသော ခြောက်ဘီးယာဉ်အား စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားမဝင်သယ်ဆောင်လာသော အမိုနီယံနိုက်ထရိတ် (40 kg) ဝင် ဓာတ်မြေဩဇာ ၂၁၅ အိတ်၊ ပိုတက်ဆီယမ်နိုက်ထရိတ် (50 kg) ဝင် Root Power တံဆိပ်ပါ ၁၅ အိတ်၊ တရုတ်နိုင်ငံထုတ် 816 တံဆိပ်ပါ (40 kg) ဝင် ယူရီးယား အိတ် ၂၀၊ Carbon Energy တံဆိပ်ပါ (1X20kg) Fertilizer အရည် ၁၀ ပုံးနှင့် ပစ္စည်းသယ်ဆောင်လာသည့် ယာဉ်တစ်စီးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



မတ် ၁ ရက် ညနေပိုင်းက တာမွေမြို့နယ် မလွှကုန်း ဒွေးကြွယ် (က)ရပ်ကွက် ဇောတိကလမ်းရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ တာမွေမြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူးသန်းဆွေက ရပ်ကွက်နေပြည်သူများအား မှုခင်းလျော့နည်းကျဆင်းရေး အသိပညာပေး ဟောပြောစဉ်။ ကိုဌေး

## ကောလင်းမြို့နယ်၌ ရွှေပါဝင်သည့် ဖြုန်းမြေစာအိတ်များ သိမ်းဆည်းရမိ

**ကောလင်း မတ် ၂**

ကောလင်းမြို့နယ်တွင် မတ် ၁ ရက် မွန်းလွဲ ၁၂ ခွဲခန့်က ရဲအုပ်အောင်ဆန်းထူးနှင့်အဖွဲ့သည် ရှမ်းကလုံးကျေးရွာနှင့် ပျားတစ်ရာတောင်သွားကားလမ်းပေါ်တွင် ထွန်းလင်းအောင် အောက်ကလုံးကျေးရွာ ကောလင်းမြို့နယ်နေသူ မောင်းနှင်လာသောယာဉ်အား စစ်ဆေးရာ ယာဉ်ပေါ်တွင် ရွှေပါဝင်သည့် ဖြုန်းမြေစာအိတ် ၄၉ အိတ်ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းအား သတ္တုတွင်းဥပဒေအရ အရေးယူထားကြောင်းသိရသည်။ **အေးမြသက်ထား**

## ဗန်းမောက်မြို့နယ်အတွင်းမှ တရားမဝင်ရွှေသတ္တုတူးဖော်သူ ဖမ်းမိ

**ဗန်းမောက် မတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် လယ်ဦးကျေးရွာအနီး လယ်ကွက်အတွင်း၌ တရားမဝင်ရွှေသတ္တုတူးဖော်သူကို ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၁ ရက် ညနေ ၆ နာရီခွဲခန့်တွင် ဗန်းမောက်မြို့မရဲစခန်းမှ ဒုရဲအုပ်အောင်နိုင်ထိုက် ဦးစီးသောအဖွဲ့သည် သတင်းအရ ဗန်းမောက်မြို့နယ် လယ်ဦးကျေးရွာအနီးရှိ လယ်ကွင်းအတွင်း၌ လယ်ဦးကျေးရွာနေ ဦးပေါက်စနီ(ခ)ဦးအုံးရွှေအား ရွှေတူးဖော်ရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများနှင့်အတူ တရားမဝင်ရွှေတူးဖော်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ဗန်းမောက်မြို့မရဲစခန်းက ရွှေသတ္တုဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

## ဂန့်ဂေါ-ကလေးကားလမ်းတွင် မော်တော်ယာဉ်တစ်စီး မီးလောင်

**ဂန့်ဂေါ မတ် ၂**

ဂန့်ဂေါ-ကလေး ကားလမ်း ဂန့်ဂေါမြို့နယ် ကျွန်းဒတ်ကျေးရွာအနီးတွင် မတ် ၁ ရက် ည ၁၁ နာရီခွဲခန့်က ယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျော်မြင့် မောင်းနှင်သည့်ယာဉ်သည် ရန်ကုန်မြို့မှ ကလေးမြို့သို့ သွားရောက်စဉ် ကျွန်းဒတ်ကျေးရွာအနီးအရောက်၌ ကားဘီးပြုတ်ထွက်သွားရာ အပူလွန်၍ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်းနှင့် ဆီတိုင်ကီသို့ ကူးစက်လောင်ကျွမ်းပြီး ယာဉ်ပေါ်ပါ ကွမ်းသီးအိတ်များ၊ ကားတာယာများ၊ ကြမ်းခင်း၊ ဘော်ဒီများအား ဆက်လက်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ကျော်မြင့်အား ဂန့်ဂေါမြို့မစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**စိန်ကျော်**



ဖေဖော်ဝါရီ ၂၇ ရက်က ဒဂုံတောင်မြို့နယ် (၂၃) ရပ်ကွက် စက်မှုဇုန် (၁) ရှိ ကော်မတီရုံးခန်းမ၌ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမိုးဇော်ဆွေ လုပ်ငန်းရှင်များနှင့် ဝန်ထမ်းများအား မှုခင်းကြိုတင်ကာကွယ်ရေးနှင့် ဓာတုပစ္စည်း၊ ဆက်စပ်ပစ္စည်းများနှင့်ပတ်သက်၍ အသိပညာပေး ဟောပြောစဉ်။ ကိုဇော်

## ကသာမြို့နယ်အတွင်းမှ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**ကသာ မတ် ၂**

နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဇော်မင်းထွန်း ဦးစီးသောအဖွဲ့သည် မတ် ၂ ရက် နံနက် ၉ နာရီခန့်တွင် ကသာမြို့နယ် အင်းဒရန့်ကျေးရွာအနီး ပျဉ်းကတိုးစိုက်ခင်းအတွင်း တွေ့ရှိသူ ဒုန်းအော့ကျေးရွာနေ မင်းဇော်(ခ) ချောဖြူအားစစ်ဆေးရာ ၎င်းထံမှ စိတ်ကြွဆေးပြား ၁၆၉ ပြားနှင့် အရိုးအသွား ကိုးလက်မခန့်ရှိ ဓားဦးချွန်တစ်ချောင်း တွေ့ရှိရသဖြင့် မူးယစ်ဆေးဝါးဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အလားတူ ယင်းနေ့ ၁၁ နာရီ ၄၅ မိနစ်ခန့်က ဒုရဲအုပ်ဇော်မင်းထွန်းနှင့်အဖွဲ့သည် ကသာမြို့နယ် ထောက်တလီကျေးရွာအနီး တောမလမ်းတွင် သတင်းအရ စောင့်ဆိုင်းနေစဉ် ထောက်တလီကျေးရွာနေ လှအေးအား ရပ်တန့်စစ်ဆေးရာ ၎င်းထံမှ ဘိန်းဖြူ ၃ ဒသမ ၅ ဂရမ် ရှာဖွေတွေ့ရှိရသဖြင့် မူးယစ်ဆေးဝါးဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

## ဆီဆိုင်-မဘိမ်းမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ



အိုက်မောင်အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် မတ် ၂**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁ ရက် မွန်းလွဲ ၂ နာရီတွင် ဆီဆိုင်မြို့နယ် ဆိုက်ခေါင်စံပြကျေးရွာရှိ တိုက်နယ်ဆေးရုံအနီး ကားလမ်းတွင် သန်းထွန်း မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကို သိမ်းဆည်းရမိသည်။

အလားတူ ယင်းနေ့ နံနက် ၁၁ နာရီခန့်က မဘိမ်းမြို့နယ် မအူကုန်းကျေးရွာအုပ်စု အလယ်ရွာကျေးရွာအနီး တောလမ်းဘေးတွင် တွေ့ရှိသူ အိုက်မောင်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀၀၊ လက်ကိုင်ဖုန်းတစ်လုံးနှင့် ဆိုင်ကယ်တစ်စီးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



# ကျိုတိုမှပေးစာများ - ၁၈

# အီနိုရှီးမားကျွန်းသို့ အလည်တစ်ခေါက်

■ အောင်အောင် IR

စာရေးသူ တိုကျိုမြို့တော်သို့ ရောက်ရှိလည်ပတ်နေသည်မှာ ခုနစ်ရက်ပြည့်ခဲ့ပြီ ဖြစ်သည်။ မနက်ဖြန် ရှစ်ရက်မြောက်နေ့တွင် တိုကျိုမြို့တော်အနီးရှိ ဂျပန်နိုင်ငံ၏ ဒုတိယ အကြီးမားဆုံးမြို့ဖြစ်သည့် ယိုကိုဟားမားသို့ သွားရောက်လည်ပတ်မည် ဖြစ်သည်။ ယိုကိုဟားမားသို့ မသွားမီလမ်းတွင် ကမာကူရ ဘုရားသို့ဝင်ရောက်လည်ပတ်မည် ဖြစ်သည်။ သို့ဖြစ်ရာ တိုကျို-ကမာကူရ-ယိုကိုဟားမား ခရီးစဉ်ထပ်ဆွဲရသည်။ ကမာကူရသို့ သွားရောက်ခြင်းသည် အဓိကဘုရားဖူးခြင်း ဖြစ်ရာ ဘုရားကြီးအားကြည်ညိုပြီးလျှင် ကမာကူရခရီးစဉ် ပြီးဆုံးပြီဖြစ်သည်။ သို့ဖြစ်ရာ တိုကျိုမှ မနက်ထွက်၊ ကမာကူရ ဘုရားဆီဝင်၊ ယိုကိုဟားမားဆက်သွားလျှင် နေ့တစ်ဝက်အတွင်း ယိုကိုဟားမားသို့ ရောက်ရှိမည် ဖြစ်သည်။ စာရေးသူက တိုကျိုမှထွက်သည်နှင့် တစ်နေကုန်လမ်းမှာ ဝင်ရောက်လည်ပတ်လိုသည်။ ယိုကိုဟားမားသို့ ညနေပိုင်းမှ ရောက်လိုသည်။ ကမာကူရ ဘုရားအနီးတွင် လည်ပတ်စရာနေရာအချို့ ရှိသော်လည်း ထို့ထက် စိတ်ဝင်စားစရာ ကောင်းသည့် လမ်းခရီးတစ်လျှောက် မြို့ရွာများသို့ သွားရောက်လည်ပတ်လိုသည်။ အင်တာနက်မှာ ရှာကြည့်တော့ တိုကျို-ယိုကိုဟားမားအကြား ထင်ရှားသော လည်ပတ်စရာ နေရာနှစ်ခုရှိသည်။ ၎င်းတို့မှာ ကမာကူရဘုရားနှင့် အီနိုရှီးမားကျွန်းတို့ ဖြစ်သည်။

**အီနိုရှီးမားကျွန်း (Enoshima)**

အီနိုရှီးမားကျွန်းသည် ဂျပန်နိုင်ငံ ကာနာဂါဝါခရိုင် (Kanagawa Prefecture) ဖူဂျီဆာဝါမြို့ (Fujisawa)၊ ရှိုနန်ပင်လယ်ကမ်းခြေ (Shōnan coast) မလှမ်းမကမ်းတွင် တည်ရှိသော သုည ဒသမ ၁၄ စတုရန်းကီလိုမီတာ (သုည ဒသမ ၁၆ စတုရန်းမိုင်) ကျယ်ဝန်းသော သာယာလှပသည့် ကျွန်းငယ်လေး တစ်ကျွန်းဖြစ်သည်။ အီနိုရှီးမားကျွန်းတည်ရှိရာ ဖူဂျီဆာဝါမြို့သည် သာယာလှပသော ပင်လယ်ကမ်းခြေမြို့တစ်မြို့ဖြစ်ပြီး ပစိဖိတ်သမုဒ္ဒရာ (Pacific Ocean) ၏ ဆာဂါမိပင်လယ်အော် (Sagami Bay) တွင် တည်ရှိသည်။ မြို့နှင့်ကျွန်းကို ၃၈၉ မီတာ (၁၂၇၆ ပေ) အရှည်ရှိသည့် အီနိုရှီးမား ဘန်တန်ဘာရှီတံတား (Enoshima Bentenbashi Bridge) ဖြင့် ချိတ်ဆက်ထားသည်။ ရာသီဥတုကြည်လင်သော နေ့များတွင် တံတားပေါ်မှကြည့်လျှင် ပင်လယ်ရေပြင်ကို ဖြတ်ပြီး ဖူဂျီမီးတောင်ကို ကောင်းစွာမြင်တွေ့ရသည်။ အီနိုရှီးမားသည် တိုကျို၊ ယိုကိုဟားမား မြို့များနှင့် နီးကပ်သဖြင့် အဆိုပါ မြို့ကြီးများ၏ နွေရာသီပင်လယ် အပန်းဖြေကျွန်း အဖြစ်လည်း လူသိများသည်။

ကျွန်းပေါ်တွင် ထင်ရှားသောလည်ပတ်စရာနေရာများမှာ ကျွန်းတောင်ကုန်းမြင့်ပေါ်တွင်တည်ရှိသည့် ၅၅၂ ခုနှစ်တွင် တည်ဆောက်သည့် ပင်လယ်နတ်ဘုရား ဘန်ဇေတင်န် (sea deity Benzaiten) အား ရည်စူးသည့် အီနိုရှီးမားနတ်ကွန်း (Enoshima Shrine-Hetsunomiya)၊ ၁၈၈၀ ပြည့်နှစ်တွင် ဗြိတိသျှလူမျိုးကုန်သည် ဆမ်မြူရယ် ကော့ကင်း (Samuel Cocking) တည်ထောင်ခဲ့သည့် ဆမ်မြူရယ်ကော့ကင်း ရုက္ခဗေဒဥယျာဉ် (Samuel Cocking Garden)၊ အီနိုရှီးမားကျွန်း၏ အဓိကအမှတ်အသားတစ်ခုဖြစ်သည့် မီးပြတိုက်မျှော်စင် (Enoshima Sea Candle/ Enoshima Lighthouse Observation Tower) နှင့် ရာစုနှစ်ပေါင်းများစွာ လှိုင်းများတိုက်စားရာမှ ဖြစ်ပေါ်လာသော အီဝါယာဂူများ (Iwaya Caves)



ဂျပန်နိုင်ငံ ကာနာဂါဝါခရိုင် ဖူဂျီဆာဝါမြို့ ရှိုနန်ပင်လယ်ကမ်းခြေ မလှမ်းမကမ်းတွင် တည်ရှိသော အီနိုရှီးမားကျွန်း။

ဖြစ်သည်။ ထို့အပြင် အခြားနတ်ကွန်းငယ်များ၊ ပန်းခြံငယ်များ၊ ဘုရားကျောင်းစသဖြင့် လည်ပတ်စရာနေရာများလည်း ရှိပါသည်။ လာရောက်လည်ပတ်သူများ အဓိကသွားရောက်ကြသည့် နေရာများမှာ နတ်ကွန်း၊ ရုက္ခဗေဒဥယျာဉ်နှင့် မီးပြတိုက်မျှော်စင်တို့ ဖြစ်သည်ဟု သိရသည်။

**ကိုယ်တွေ့ အီနိုရှီးမားကျွန်း**

အီနိုရှီးမားကျွန်း အတွေ့အကြုံများ အကြောင်းမရေးသားမီ တိုကျိုမှ အီနိုရှီးမားသို့ မည်သို့ရောက်ရှိနိုင်သည်ကို ဦးစွာရေးသားလိုပါသည်။ စာရေးသူ တိုကျိုမှ အီနိုရှီးမားသို့ မသွားမီ တည်းခိုခန်းကောင်တာမှ ဝန်ထမ်းအမျိုးသမီးလေးတစ်ဦးနှင့် ခရီးစဉ်လမ်းကြောင်း တိုင်ပင်ရာ တိုကျိုမှ ကမာကူရသို့ တိုက်ရိုက်မသွားဘဲ လမ်းတွင် အီနိုရှီးမားကျွန်းသို့ ဝင်ရောက်လည်ပတ်နိုင်ကြောင်း၊ အီနိုရှီးမားသည် တိုကျိုမှ ကမာကူရသို့သွားသည့် ရထားလမ်းကြောင်းပေါ်တွင်ရှိကြောင်း၊ အီနိုရှီးမားကျွန်းသို့ ဝင်ရောက်လည်ပတ်ပြီး ကမာကူရဘုရားသို့ ဆက်သွားပါက တစ်နေ့တည်း ဒေသတွင်း ထင်ရှားသည့်နေရာ နှစ်နေရာစလုံးသို့ ရောက်ရှိမည်ဖြစ်ကြောင်း၊ ထို့နောက် ကမာကူရမှ ယိုကိုဟားမားသို့ ဆက်သွားနိုင်ကြောင်း၊ တစ်နေ့တည်းနှင့် အဆင်ပြေကြောင်း ပြောပါသည်။ ဆိုရလျှင် အီနိုရှီးမားခရီးစဉ်သည် တိုကျိုမြို့ပြင် နယ်ဘူတာရုံများတွင် အပြောင်းအလဲ ပြုလုပ်ရမည်ဖြစ်ရာ အနည်းငယ်တော့ ရှုပ်ထွေးမှုရှိပါသည်။ စာရေးသူတွင်လည်း ကျောပိုးအိတ်၊ အဝတ်လက်ဆွဲအိတ်၊ စက္ကူလက်ဆွဲအိတ်တို့ပါရှိရာ အနည်းငယ်စိတ်ရှုပ်ထွေးစရာဖြစ်ပါသည်။ သို့သော် ကမာကူရ ဘုရားမဖူးမီ ပင်လယ်ကမ်းခြေကျွန်းကလေးဆီ သွားရောက်လိုစိတ်က မတားဆီးနိုင်ပြီ။

အဆိုပါ လမ်းညွှန်အတိုင်း စာရေးသူ ရထားဖြင့် ရှင်ဂျုကုမှ ဖူဂျီဆာဝါသို့ အိုဒါ့ကျူလိုင်းဖြင့် သွားခဲ့ရာ တစ်နာရီခန့်ကြာမြင့်ပြီး ရထားခ ၅၈၇ ယန်း ကျသင့်ပါသည်။ ဖူဂျီဆာဝါ ဘူတာတွင် ရထားပြောင်းစီးရသည်။ ဒီနေရာမှာ နည်းနည်းရှုပ်ချင်ပါသည်။ အတိအကျဆိုရလျှင် ဖူဂျီဆာဝါဘူတာရုံမှာ နှစ်ရုံ ရှိသည်။ အိုဒါ့ကျူ ဖူဂျီဆာဝါဘူတာရုံ (Odakyu Fujisawa Station) နှင့် အန်နိုဒင် ဖူဂျီဆာဝါဘူတာရုံ (Enoden Fujisawa Station) တို့ ဖြစ်သည်။ (ဘူတာရုံများတွင် အင်္ဂလိပ်လို Fujisawa Station ဟုသာ ဖော်ပြထားပါသည်။ မသေချာပါက မီးရထားဘူတာရုံ ဝန်ထမ်းများအား မေးမြန်းနိုင်ပါသည်) သို့ဖြစ်ရာ ဖူဂျီဆာဝါ ဘူတာရုံတွင် ရထားပြောင်းစီးရုံတင် မဟုတ်ဘဲ ဘူတာပါ ပြောင်းစီးရသည်။ (အိုဒါ့ကျူ) ဖူဂျီဆာဝါဘူတာရုံမှ (အန်နိုဒင်) ဖူဂျီဆာဝါ ဘူတာရုံသို့ သွားရသည်။ ဘူတာရုံနှစ်ခုမှာ ဟိုဘက်၊ ဒီဘက်သာဖြစ်ပြီး သုံး၊ လေးမိနစ်ခန့်သာ လမ်းလျှောက်ရပါသည်။ (အန်နိုဒင်) ဖူဂျီဆာဝါမှ အီနိုရှီးမားသို့ အန်နိုဒင်လိုင်းဖြင့် နောက်ထပ် ၁၅ မိနစ်ခန့်စီးရပြီး ရထားခ ယန်း ၂၂၀ ထပ်မံကျသင့်ပါသည်။ (အန်နိုဒင်) ဖူဂျီဆာဝါဘူတာမှ အီနိုရှီးမားဘူတာအထိ ဘူတာရုံ ခြောက်ခုရှိပြီး ၎င်းတို့မှာ Fujisawa Station၊ Ishigami Station၊ Yanagikoji Station၊ Kugenuma Station၊ Shonan-kaigan Koen Station နှင့် Enoshima Station တို့ ဖြစ်ကြပါသည်။ အီနိုရှီးမားဘူတာမှ နောက်ထပ်ခြောက်ဘူတာခန့် ဆက်စီးလျှင် ကမာကူရာဘုရားအနီးရှိ ဟာဆဲဘူတာ (Hase Station) သို့ ရောက်ရှိမည် ဖြစ်ပါသည်။

ဖူဂျီဆာဝါဘူတာမှ အီနိုရှီးမားဘူတာသို့အသွား ရထားပေါ်မှမြင်တွေ့ရသော အတွေ့အကြုံများမှာ မမေ့နိုင်စရာပင် ဖြစ်ပါသည်။ အီနိုရှီးမားနှင့် ကမာကူရ ဧရိယာများမှာ ပင်လယ်ကမ်းခြေဒေသများဖြစ်ပြီး ရှိုနန်ပင်လယ်ကမ်းခြေဧရိယာ (The Shonan area)



အီနိုရှီးမားမီးပြတိုက်မျှော်စင်။

အဖြစ် လူသိများသည်။ သို့ဖြစ်ရာ ဖူဂျီဆာဝါမှ အီနိုရှီးမားနှင့် အီနိုရှီးမားမှ ကမာကူရသို့ သွားသော လျှပ်စစ်ရထား (Enoshima Electric Railway/ Enoden Line) သည် ပင်လယ်ကမ်းခြေတစ်လျှောက်မှ ခုတ်မောင်းခြင်းဖြစ်ရာ လူသူ၊ တိုက်တာထူထပ်လှသော တိုကျိုမြို့ကြီးတွင် တစ်ပတ်ခန့်လည်ပတ်ပြီး ရုတ်တရက် ကျေးလက်၊ နယ်မြို့ရှုခင်းများနှင့် အဆုံးအစမဲ့ ပင်လယ်ကြီးကို ရထားပေါ်မှ ဘေး၊ ဘယ်-ညာ အနီးကပ်မြင်တွေ့ရသည့်အခါ တစ်ဘူတာဝင်၊ တစ်ဘူတာထွက် ရထားစီးနင်းလိုက်ပါရင်း စွန့်စားရသော ရုပ်ရှင်ကားတစ်ကား သို့မဟုတ် ရှေးကာလ ရုပ်ရှင်ကားတစ်ကားတွင် ကိုယ်တိုင်ပါဝင်သရုပ်ဆောင်နေရသကဲ့သို့ ခံစားစိတ်မျိုး ဖြစ်စေခဲ့သည်။ ခရီးသွားဝက်ဘ်ဆိုက်အချို့တွင် ထိုရထားစီးအတွေ့အကြုံကိုပင် အီနိုရှီးမား- ကမာကူရခရီးစဉ်၏ ဆွဲဆောင်မှု တစ်ရပ်အနေဖြင့် ထည့်သွင်းဖော်ပြကြသည်။

ဖူဂျီဆာဝါမှ အီနိုရှီးမား ရထားလမ်း တစ်လျှောက် မြို့ပြကျေးရွာရှုခင်းများ၊ ပင်လယ်များကို ဓာတ်ပုံရိုက်မှတ်တမ်းတင်ရင်း ရထားသည် အီနိုရှီမားဘူတာရုံသို့ ချင်းနင်းဝင်ရောက်လာတော့သည်။ အီနိုရှီးမားဘူတာရုံရှိ ပစ္စည်းများထားသိုရာနေရာ (Locker Room) တွင်ပါလာသော ကျောပိုးအိတ်နှင့် လက်ဆွဲအိတ်များကို ထားရှိပြီးနောက် စာရေးသူသည် လွတ်လပ်ပေါ့ပါးစွာဖြင့် အီနိုရှီးမားကျွန်းသို့ လည်ပတ်ခြင်းကို စတင်ရန် အသင့်ဖြစ်နေခဲ့ပါပြီ။ ဘူတာရုံမှ ၁၀ မိနစ်ခန့် လမ်းလျှောက်လျှင် ကျွန်းကလေးဆီသို့ ရောက်ရှိမည်ဖြစ်သည်။ အီနိုရှီးမားကျွန်းသည် ဖူဂျီဆာဝါမြို့၏ အစိတ်အပိုင်းတစ်ခုအဖြစ် တည်ရှိသည်ဖြစ်ရာ ကျွန်းနှင့်မြို့ကို ရှည်လျားသော ကွန်ကရစ်တံတားတစ်ခုဖြင့် ချိတ်ဆက်ထားသည်ကို အဝေးမှပင် မြင်တွေ့နေရသည်။ စာရေးသူ ကျွန်းကလေးဆီသို့ တိုက်ရိုက်မသွားဘဲ ကမ်းခြေအနီးရှိ ပန်းခြံသို့ ဝင်ရောက်ကာ ပန်းခြံနှင့် မလှမ်းမကမ်းတွင် ရှိသော ငါးထုတ်လုပ်ရေးစက်ရုံ ဂိုဒေါင်တစ်ခုသို့ သွားရောက်လေ့လာခဲ့သည်။ ဂိုဒေါင်အပြင်မှပင် ဂိုဒေါင်အနီးရှိ ငါးဖမ်းသင်္ဘောများ၊ ဂိုဒေါင်အတွင်း အလုပ်သမားများ ငါးပုံးများနှင့် လှုပ်ရှားလုပ်ဆောင်နေမှုများကို လေ့လာကြည့်ရှုခဲ့သည်။ ထို့နောက် ဂိုဒေါင်တည်ရှိရာ ကမ်းခြေဘက်ခြမ်းမှ သန့်ရှင်းလတ်ဆတ်သော ပင်လယ်လေများရှူရှိုက်ရင်း အီနိုရှီးမားကျွန်း တစ်ခုလုံးအား ပင်လယ်နောက်ခံနှင့် စိတ်တိုင်းကျ ကြည့်ရှုပြီးနောက် ပန်းခြံကိုဖြတ်လျက် ဘန်တန်ဘာရှီတံတားပေါ်မှတစ်ဆင့် ကျွန်းကလေးဆီ သွားရောက်ခဲ့သည်။

တံတားပေါ် လမ်းလျှောက်ရင်း ရာသီဥတုမှာ အတန်ငယ်ကြည်လင်နေသဖြင့် ပင်လယ်ရေပြင်ကိုဖြတ်ပြီး အဝေးတိမ်တောင်၊ တိမ်တိုက်များအကြားမှ အပေါ်ပိုင်း ငွေနှင်းဖြူများ လွှမ်းခြုံထားသော ဖူဂျီမီးတောင်ကို တွေ့မြင်ခဲ့ရသည်။ မနေ့ကပင် ဖူဂျီမီးတောင်သို့ သွားရောက်ခဲ့သည်ဖြစ်ရာ ယခုလို နောက်တစ်နေ့ ဖူဂျီမီးတောင်ကို ပင်လယ်နောက်ခံဖြင့် အဝေးမှထပ်မံမြင်တွေ့ရသည်မှာ ကြည်နူးဖို့ကောင်းလှပါသည်။ တံတားအဆုံးတွင် အီနိုရှီးမားကျွန်းအဝင် အမှတ်အသားဖြစ်သည့် အတန်အသင့်ကြီးမားလှသော အစိမ်းရောင်ကြေးနတ်ကွန်း အဝင်ဂိတ် (Bronze Torii Gate) အား တွေ့မြင်ရမည်ဖြစ်ပြီး ဂိတ်ကြီးအား ကျော်လွန်လာလျှင် လက်ဆောင်ပစ္စည်းများ အဓိကရောင်းချသော ဈေးဆိုင်အများအပြားရှိသော လမ်းကျဉ်း (Benzaiten Nakamise Street) လေးရှိပါသည်။ ထိုလမ်းအဆုံးတွင် ကျွန်း၏ အဓိကနတ်ကွန်းဖြစ်သော အီနိုရှီးမားနတ်ကွန်း၏ လိမ္မော်ရောင်အဝင်ဂိတ် ရှိပါသည်။ နတ်ကွန်း၏ အဝင်ဂိတ်မှ နတ်ကွန်းဆီသို့ လှေကားထစ်ပေါင်းများစွာ တက်ရပြီး အဆိုပါ လှေကားထစ်များအပေါ်မှ နောက်ဘက်ရှိ ဈေးလမ်းကျဉ်းကလေးအား နောက်ပြန်လှည့်ကြည့်လျှင် ဈေးလမ်းတစ်ခုလုံးကို မြို့နောက်ခံဖြင့် စီးမိုးမြင်တွေ့ရမည် ဖြစ်သည်။ နတ်ကွန်းအတွင်း ဖူဂျီဆာဝါမြို့အား အပေါ်စီးမှ ရှုမြင်နိုင်သော ရှုခင်းကြည့်နေရာနှစ်နေရာရှိပြီး ထိုနေရာများမှ ကြည့်လျှင် ကျွန်းတစ်ဖက်ထိပ်အစွန်းရှိ အဖြူရောင်မီးပြတိုက်ငယ် (Shonan Port Lighthouse) နှင့် ကျွန်းပေါ်ရှိ ဂျပန်နိုင်ငံတွင် ကျင်းပမည့် ၂၀၂၀ အိုလံပစ်ပြိုင်ပွဲ ရွက်လှေအားကစား ပြိုင်ပွဲပြုလုပ်မည့် အီနိုရှီးမား ရွက်လှေဆိပ် (Enoshima Yacht Harbor) ကိုလည်း မြင်တွေ့ရမည်ဖြစ်သည်။

နတ်ကွန်းအထိမှာ ဝင်ကြေးပေးရန် မလိုသော်လည်း ကျွန်းအတွင်းပိုင်း ရုက္ခဗေဒဥယျာဉ်နှင့် မီးပြတိုက်မျှော်စင်တို့ဆီသို့ သွားရောက်လိုပါက ဝင်ကြေးပေးရပါသည်။ ရုက္ခဗေဒဥယျာဉ်သို့ဝင်ကြေးမှာ ယန်း ၂၀၀ ဖြစ်ပြီး မီးပြတိုက်မျှော်စင်ဝင်ကြေးမှာ ယန်း ၅၀၀ ဖြစ်ပါသည်။ ဂျပန်နိုင်ငံတွင် မည်သည့်နေရာသွားသွား ပန်းများကို မကြာခဏ မြင်တွေ့နေရသည်ဖြစ်ရာ အဆိုပါ ပန်းဥယျာဉ်မှာ သာမန်အခြေအနေသာ ဖြစ်ပါသည်။ စိတ်ဝင်စားဖို့ကောင်းသည်မှာ မီးပြတိုက် ဖြစ်ပါသည်။ သံမဏိတိုင်ကြီးများ ပတ်လည်ကာရံထားပြီး အတွင်းမျှော်စင် အဆောက်အဦအား ဘေးပတ်လည်မှ လက်ရန်းပါသော သံလှေကားများဖြင့် ရစ်ခွေထားသည့် ပုံသဏ္ဍာန်ဖြစ်ပါသည်။ အမြင့် မီတာ ၆၀ (၁၉၂ ဒသမ၂ ပေ) ရှိပြီး ပင်လယ်ရေမျက်နှာပြင်အထက် ၁၁၉ ဒသမ ၆ မီတာ (၃၉၂ ဒသမ ၄ ပေ) တွင် တည်ရှိပါသည်။ မျှော်စင်အပေါ် ရှုခင်းကြည့်ဆောင် မှန်ခန်းပတ်လည်မှ ကြည့်လျှင် ပစိဖိတ်သမုဒ္ဒရာကြီးအား အနီးဝန်းကျင်ကျွန်းများနှင့်အတူ မျက်စိတစ်ဆုံးမြင်တွေ့ရမည် ဖြစ်ပြီး ရာသီဥတုသာယာချိန်များတွင် ဖူဂျီမီးတောင်နှင့် တိုကျိုမြို့တော်၏ အမြင့်ဆုံး မျှော်စင်အဆောက်အဦများဖြစ်သော တိုကျိုတာဝါနှင့် တိုကျိုစကိုင်းထရီးတာဝါတို့ကိုလည်း မြင်တွေ့နိုင်ပါသည်။ စာရေးသူရောက်ရှိချိန်တွင်ပင် ရာသီဥတုအသင့်အတင့် သာယာနေခဲ့သည်ဖြစ်ရာ မီးပြတိုက်ပေါ်မှ ဖူဂျီမီးတောင်နှင့် တိုကျိုတာဝါများကို တိုကျိုမြို့တော်ကြီး၏ အထပ်မြင့်အဆောက်အဦများအကြား မှုန်ပျပျနောက်ခံဖြင့် မြင်တွေ့ခဲ့ရသည်။ စာရေးသူ မျှော်စင်သို့ အတက်တွင် ဓာတ်လှေကားဖြင့်တက်ခဲ့ပြီး အဆင်းတွင်သံကြောင်လိမ် လှေကားမှတစ်ဆင့် ဆင်းခဲ့သည်။

အီနိုရှီးမားကျွန်းမှအပြန် ရထားဘူတာရုံအနီးရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် နေ့လယ်စာငါးအစိမ်းနှင့် ထမင်း (Sashimi) ဝင်ရောက်စားသုံးခဲ့ရာ ယန်း ၁၁၀၀ ပေးရပြီး အီနိုရှီးမားငါးမှာ အထူးပင်အရသာရှိလှပါသည်။ ထို့နောက် အီနိုရှီးမားဘူတာမှ ကမာကူရာဘုရားနှင့် အနီးဆုံးဘူတာဖြစ်သော ဟာဆဲဘူတာရုံသို့ ရထားဖြင့် ဆက်လက်ထွက်ခွာခဲ့ပါသည်။ ။

# လူမွဲခံယူခြင်းဆိုင်ရာဥပဒေ ပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

( စ ) ပုဒ်မခွဲ (ဃ) ပုဒ်မခွဲငယ် (၂) အရ ညွှန်ကြားသည့်အမိန့်ချမှတ်ရာတွင် ထိုမြီစားနှင့်ပတ်သက်၍ ချမှတ်ခဲ့သော ဆိုင်းငံ့မိန့်ကို သတ်မှတ်သည့်ကာလအတိုင်းအတာအထိ ဆက်လက်အကျိုးသက်ရောက်စေရန် အမိန့် သို့မဟုတ် ဆိုင်းငံ့မိန့်အသစ်တစ်ရပ်ကို ထည့်သွင်းချမှတ်နိုင်သည်။

(ဆ) ပုဒ်မခွဲ (ဃ) ပုဒ်မခွဲငယ် (၂) နှင့်အညီ အမိန့်ချမှတ်ခြင်း သို့မဟုတ် ပုဒ်မခွဲ (ဃ) ပုဒ်မခွဲငယ် (၁) အရဖြစ်စေ ပုဒ်မခွဲ (င) အရဖြစ်စေ မြီရှင်များ၏ ယခင်သဘောတူညီချက်ကို ပြန်လည်ရုပ်သိမ်းခြင်း သို့မဟုတ် ရပ်ဆိုင်းခြင်းပြုလုပ်ရာတွင် တရားရုံးသည် အောက်ပါဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ သင့်လျော်သည်ဟုထင်မြင်ယူဆသည့် နောက်ဆက်တွဲညွှန်ကြားသည့်အမိန့်များ ချမှတ်နိုင်သည်–

(၁) မြီရှင်များက အတည်ပြုထားသည့် အစီအစဉ်အရ ဆောင်ရွက်ခဲ့သည့်ကိစ္စရပ်များ၊

(၂) ထိုကိစ္စရပ်များကိုဆောင်ရွက်စဉ်က မြီစားနှင့်စပ်လျဉ်း၍ ဆိုင်းငံ့မိန့် အတည်ဖြစ်နေခဲ့မည်ဆိုပါက ဆောင်ရွက်နိုင်ခဲ့မည်မဟုတ်သော ကိစ္စရပ်များအပေါ် ဆောင်ရွက်ချက်များ။

( ဇ ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များအရမှတစ်ပါး ထိုသဘောတူညီချက်ရရှိရန် ဆောင်ရွက်ရာတွင်ဖြစ်စေ၊ ထိုသို့ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ဖြစ်စေ နည်းလမ်းမကျမှုတစ်ရပ်ရပ်ကြောင့် ဤအခန်းပါ ပြဋ္ဌာန်းချက်များအရ မြီရှင်များကပေးခဲ့သော အတည်ပြုချက်သည် ပျက်ပြယ်ခြင်းမရှိစေရ။

**မမှန်မကန်တင်ပြခြင်း**

၂၄၁။(က) မြီစားသည် အစီအစဉ်အပေါ် မြီရှင်များ၏ သဘောတူညီချက်ရရှိရန်အတွက် အောက်ပါတစ်ခုခုကို ပြုလုပ်လျှင် ဤပုဒ်မပါပြစ်မှုကို ကျူးလွန်ရာရောက်သည် –

(၁) မမှန်မကန်တင်ပြခြင်း၊

(၂) လိမ်လည်လှည့်ဖြားလိုသောသဘောဖြင့် ဆောင်ရွက်ခြင်း သို့မဟုတ် ဆောင်ရွက်ရန် ပျက်ကွက်ခြင်း။

( ခ ) မြီစား၏အဆိုပြုချက်ကို မြီရှင်များမှ အတည်ပြုခဲ့ခြင်းမရှိသော်လည်း ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်များသည် မြီစားအပေါ် အကျိုးသက်ရောက်စေရမည်။

( ဂ ) မြီစားသည် ဤပုဒ်မအရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ၎င်းအား ခုနစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းငါးဆယ်အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**တာဝန်ပျက်ကွက်သောမြီစားအား တရားစွဲဆိုခြင်း**

၂၄၂။ (က) အစီအစဉ်ကို မြီရှင်များက အတည်ပြုသည့်အခါ ဤပုဒ်မသည် သက်ဆိုင်စေရမည်။

( ခ ) အစီအစဉ်နှင့်စပ်လျဉ်း၍ မြီစားသည် ပြစ်မှုကြောင်းအရ တာဝန်ရှိသည်ဟုတွေ့ရှိရလျှင် အဆိုပြုခံရသူ သို့မဟုတ် ကြီးကြပ်သူသည် အောက်ပါအတိုင်း ချက်ချင်းအရေးယူဆောင်ရွက်ရမည်–

(၁) မှတ်ပုံတင်အရာရှိထံသို့ အစီရင်ခံတိုင်ကြားခြင်း၊

(၂) လိုအပ်သည့် အချက်အလက်များနှင့် စာရွက်စာတမ်းအထောက်အထားများကို မှတ်ပုံတင်အရာရှိထံ ပေးအပ်ခြင်းနှင့် လိုအပ်သလို အထောက်အကူပြုဆောင်ရွက်ပေးခြင်း၊

(၃) လိုအပ်သော အခြားအကူအညီများကိုပေးခြင်း။

**အစီအစဉ်များ သတ်မှတ်ကာလမတိုင်မီပြီးဆုံးခြင်း**

၂၄၃။ ဤအခန်းပါ ပြဋ္ဌာန်းချက်များအလို့ငှာ မြီရှင်များက အတည်ပြုခဲ့သည့် အစီအစဉ်တစ်ရပ်သည် ပုဒ်မ ၂၃၉ ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် (၁) နှင့်အညီ တာဝန်ရှိသူများအားလုံးနှင့်ပတ်သက်၍ အပြည့်အဝ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမရှိသေးမီ အကျိုးသက်ရောက်မှုရပ်စဲသွားသည့်အခါ ယင်းအစီအစဉ်သည် သတ်မှတ်ကာလမတိုင်မီ ပြီးဆုံးသွားသည်ဟု မှတ်ယူရမည်။

**အတည်ပြုထားသည့်အစီအစဉ်ကို အကောင်အထည်ဖော်ခြင်းနှင့် ကြီးကြပ်ခြင်း**

၂၄၄။ (က) အစီအစဉ်ကို မြီရှင်များက ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ အတည်ပြုသည့်အခါ ဤပုဒ်မသည် သက်ဆိုင်စေရမည်။

( ခ ) အစီအစဉ်နှင့်စပ်လျဉ်းသည့် လုပ်ငန်းတာဝန်များအား လက်ရှိထမ်းဆောင်နေသော အဆိုပြုခံရသူအား အစီအစဉ်ကြီးကြပ်သူဟု ခေါ်တွင်စေရမည်။

( ဂ ) မြီစားကိုယ်တိုင်ဖြစ်စေ၊ မြီရှင်တစ်ဦးဦး သို့မဟုတ် အခြားအကျိုးသက်ဆိုင်သူတစ်ဦးဦးကဖြစ်စေ အစီအစဉ်ကြီးကြပ်သူ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှု သို့မဟုတ် ဆုံးဖြတ်ချက်အပေါ် ကျေနပ်မှုမရှိပါက လျှောက်ထားနိုင်ပြီး တရားရုံးသည် အောက်ပါ အမိန့်တစ်ရပ်ရပ် ချမှတ်နိုင်သည်–

(၁) အစီအစဉ်ကြီးကြပ်သူ၏ပြုလုပ်မှု သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း၊

(၂) အစီအစဉ်ကြီးကြပ်သူအား ညွှန်ကြားခြင်း၊

(၃) သင့်လျော်သည်ဟုထင်မြင်သည့် အခြားအမိန့်တစ်ရပ်ရပ် ချမှတ်ခြင်း။

(ဃ) အစီအစဉ်ကြီးကြပ်သူသည် အစီအစဉ်အရ ဆောင်ရွက်ရာတွင် ပေါ်ပေါက်လာသည့်ကိစ္စနှင့်စပ်လျဉ်း၍ တရားရုံးမှ ညွှန်ကြားပေးရန် လျှောက်ထားနိုင်သည်။

( င ) တရားရုံးသည် အောက်ပါအခြေအနေများတွင် အစီအစဉ်ကြီးကြပ်သူ၏နေရာတွင် အစားထိုးခန့်ထားရန် သို့မဟုတ် လစ်လပ်နေသော အစီအစဉ်ကြီးကြပ်သူနေရာတွင် ခန့်ထားရန် အပိုင်း (၃) အရ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူအဖြစ် အရည်အချင်းရှိသူအား မည်သည့်အချိန်တွင်မဆို အမိန့်ထုတ်ပြန်၍ ခန့်ထားနိုင်သည်–

(၁) အစီအစဉ်ကြီးကြပ်သူ၏ လုပ်ငန်းတာဝန်များအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အခြားတစ်ဦးကို ခန့်ထားရန် သင့်လျော်ခြင်း၊

(၂) တရားရုံး၏ အကူအညီရယူခြင်းမပြုဘဲ ထိုသို့ခန့်ထားမှုတစ်ရပ်ကို ဆောင်ရွက်ရန်အတွက် မသင့်လျော်သည့်အခါ သို့မဟုတ် အခက်အခဲရှိသည့်အခါ သို့မဟုတ် လက်တွေ့ဆောင်ရွက်ရန် မဖြစ်နိုင်ခြင်း။

( စ ) အစီအစဉ်ကြီးကြပ်သူ၏ အခွင့်အာဏာကို ကျင့်သုံးဆောင်ရွက်သူ အရေအတွက်ကို တိုးမြှင့်ရန် သို့မဟုတ် ထိုသို့သောလုပ်ငန်းတာဝန်များကို ကျင့်သုံးဆောင်ရွက်နေသူ တစ်ဦးထက်မကရှိသည့် အနေအထား၌ ထိုသူများအနက်မှ တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသောသူများကို အစားထိုးခန့်အပ်ရန်အတွက် တရားရုံးသည် ပုဒ်မခွဲ (င) တွင် အပ်နှင်းထားသောအာဏာကို ကျင့်သုံးဆောင်ရွက်နိုင်သည်။

## အခန်း(၂)

## တစ်သီးပုဂ္ဂလ လူမွဲခံယူခြင်းဆိုင်ရာမှုခင်းများ

**လူမွဲအဖြစ်ခံယူစေသည့်အမိန့်ချမှတ်ပေးရန် လျှောက်လွှာတင်သွင်းခွင့်ရှိသူ**

၂၄၅။ (က) အောက်ပါပုဂ္ဂိုလ်များသည် သာမန်လူပုဂ္ဂိုလ်တစ်ဦးအပေါ် လူမွဲအဖြစ်ခံယူစေသည့်အမိန့်ချမှတ်ပေးရန် လျှောက်ထားနိုင်သည်–

(၁) တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော မြီရှင်များ၊

(၂) မြီစားကိုယ်တိုင်။

( ခ ) ပုဒ်မခွဲ (က) အရ ဖော်ပြထားသူတစ်ဦးဦးမှ လျှောက်ထားလာသည့်အခါ တရားရုံးသည် မြီစားအား လူမွဲအဖြစ်ခံယူစေသည့်အမိန့် ချမှတ်နိုင်သည်။

**မြီစားဖြစ်သူနှင့်ပတ်သက်၍ လိုအပ်ချက်**

၂၄၆။ (က) ပုဒ်မ ၂၄၅ နှင့်အညီ လျှောက်ထားရာတွင် မြီစားသည် အောက်ပါပုဂ္ဂိုလ်တစ်ဦးဦး ဖြစ်ရမည် –

(၁) နိုင်ငံတော်အတွင်း၌ တရားဝင်နေထိုင်သူ၊

(၂) ဤပုဒ်မအရ လျှောက်လွှာတင်သွင်းသည့်နေ့တွင် နိုင်ငံတော်အတွင်း၌ရှိနေသူ၊

(၃) လျှောက်လွှာတင်သွင်းသည့်နေ့မှစ၍ လွန်ခဲ့သည့် သုံးနှစ်အတွင်း နိုင်ငံတော်အတွင်း၌ ပုံမှန်နေထိုင်သူ သို့မဟုတ် နေရပ်လိပ်စာရှိသူ သို့မဟုတ် နိုင်ငံတော်အတွင်း၌ စီးပွားရေးလုပ်ငန်းလုပ်ကိုင်နေသူ။

( ခ ) ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၃) အရ နိုင်ငံတော်အတွင်း၌ စီးပွားရေးလုပ်ငန်း လုပ်ကိုင်နေသူဆိုသည့်စကားရပ်တွင် အောက်ပါကိစ္စတစ်ရပ်ရပ်အား လုပ်ကိုင်နေသူလည်း ပါဝင်စေရမည်–

(၁) အစုစပ် သို့မဟုတ် စီးပွားရေးလုပ်ငန်းတွင် အဖွဲ့ဝင်အဖြစ်ပါဝင်လုပ်ကိုင်နေသူ၊

(၂) ထိုအစုစပ် သို့မဟုတ် စီးပွားရေးလုပ်ငန်းတစ်ရပ်အတွက် အေးဂျင့် သို့မဟုတ် မန်နေဂျာအဖြစ်လုပ်ကိုင်နေသူ။

**လူမွဲအဖြစ်ခံယူစေသည့်အမိန့်ချမှတ်ပေးရန် လျှောက်လွှာနှင့်စပ်လျဉ်း၍ အခြားသတ်မှတ်ချက်များ**

၂၄၇။ (က) လျှောက်လွှာကို တရားရုံး၏ခွင့်ပြုချက်မရရှိဘဲ ပြန်လည်ရုပ်သိမ်းခြင်း မပြုရ။

( ခ ) လျှောက်လွှာမှာ ဤဥပဒေ သို့မဟုတ် နည်းဥပဒေများကို ဆန့်ကျင်နေကြောင်း သို့မဟုတ် အခြားသင့်လျော်သည့် အကြောင်းတစ်ရပ်ရပ်ရှိနေကြောင်း တွေ့ရှိရပြီး သင့်လျော်သည်ဟုလည်းထင်မြင်လျှင် တရားရုံးသည် အဆိုပါလျှောက်လွှာကို ပလပ်ခြင်း သို့မဟုတ် ထိုလျှောက်လွှာအရ စွဲဆိုထားမှုကို ဆိုင်းငံ့ခြင်းပြုနိုင်သည်။

( ဂ ) ပုဒ်မခွဲ (ခ) အရ ဆိုင်းငံ့မိန့်ချမှတ်ရာတွင် သင့်လျော်သည်ဟုထင်မြင်ယူဆသော စည်းကမ်းချက်များကို ထည့်သွင်းသတ်မှတ်နိုင်သည်။

**လူမွဲအဖြစ်ခံယူစေသည့်အမိန့်ချမှတ်ပေးရန် မြီရှင်များ၏လျှောက်လွှာ မြီရှင်များမှလျှောက်ထားရန် အကြောင်းအချက်များ**

၂၄၈။ (က) ပုဒ်မ ၂၄၅ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁) အရ မြီရှင်တစ်ဦးက တင်သွင်းသော လျှောက်လွှာသည် မြီစားကပေးဆပ်ရန်တင်ရှိနေသည့် တစ်ရပ် သို့မဟုတ် တစ်ရပ်ထက်ပိုသော ကြွေးမြီများနှင့် သက်ဆိုင်စေရမည့်အပြင် တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော လျှောက်ထားသူ မြီရှင်များသည် မြီစားအပေါ် တင်ရှိနေသော တစ်ရပ် သို့မဟုတ် တစ်ရပ်ထက်ပိုသော ကြွေးမြီကို ရရန်ရှိသူဖြစ်ရမည်။

( ခ ) မြီရှင်တစ်ဦးကတင်သွင်းသော လျှောက်လွှာတွင် ဖော်ပြတောင်းဆိုသော ကြွေးမြီတစ်ရပ်သည် လျှောက်ထားချိန်၌ အောက်ပါအခြေအနေများနှင့် ကိုက်ညီမှသာ တရားရုံးသို့လျှောက်ထားနိုင်သည်–

(၁) ကြွေးမြီတစ်ရပ်၏ပမာဏ သို့မဟုတ် ကြွေးမြီများ၏ စုစုပေါင်းပမာဏသည် နည်းဥပဒေများတွင် ဖော်ပြသတ်မှတ်ထားသည့် ပမာဏနှင့်ညီမျှသော သို့မဟုတ် ကျော်လွန်သော ပမာဏရှိခြင်း၊

(၂) ကြွေးမြီ သို့မဟုတ် ကြွေးမြီတစ်ရပ်ချင်းစီသည် လျှောက်ထားသည့် တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော မြီရှင်များအား ချက်ချင်း သို့မဟုတ် သေချာသော အနာဂတ်အချိန်ကာလတစ်ခု၌ ပေးချေရမည့် စာရင်းရှင်းလင်းထားပြီးဖြစ်သော ကြွေးမြီပမာဏ တစ်ရပ်အတွက်ဖြစ်ခြင်း၊

(၃) ကြွေးမြီသည် အာမခံအကျိုးခံစားခွင့်မရှိသော ကြွေးမြီ သို့မဟုတ် ပုဒ်မ ၂၅၁ နှင့် သက်ဆိုင်ခြင်းမရှိသည့် ကြွေးမြီဖြစ်ခြင်း၊

(၄) ကြွေးမြီ သို့မဟုတ် ကြွေးမြီတစ်ရပ်ချင်းစီသည် မြီစားက ပြန်လည်ပေးဆပ်နိုင်ခြင်းမရှိသော ကြွေးမြီ သို့မဟုတ် ပြန်လည်ပေးဆပ်ရန် ကျိုးကြောင်းဆီလျော်သော အလားအလာမရှိသည့် ကြွေးမြီဖြစ်ခြင်း၊

(၅) ကြွေးမြီ သို့မဟုတ် ကြွေးမြီတစ်ရပ်ချင်းစီနှင့်စပ်လျဉ်း၍ ပြန်လည်ပေးဆပ်ရန် ပျက်ကွက်ပါက လူမွဲအဖြစ်ခံယူစေသည့်အမိန့်ချမှတ်ပေးရန် လျှောက်ထားမည်ဖြစ်ကြောင်း ပုဒ်မ ၂၅၀ အရ ပေးပို့ထားသော အကြောင်းကြားစာကို ပယ်ဖျက်ပေးရန် လျှောက်ထားမှုမရှိခြင်း။

( ဂ ) လျှောက်ထားချိန်၌ မြီစားသည် အောက်ဖော်ပြပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့လျှင် လူမွဲအဖြစ်ခံယူစေသည့်အမိန့် ချမှတ်ပေးရန် လျှောက်လွှာကို မြီရှင်က တရားရုံးသို့ တင်သွင်းနိုင်သည်–

(၁) အပိုင်း (၆) ပါ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်အရ ဆောင်ရွက်ရန်တာဝန်များ၊

(၂) အပိုင်း (၈)၊ အခန်း (၁) ပါ မိမိဆန္ဒအလျောက် အစီအစဉ်အရ ဆောင်ရွက်ရန်တာဝန်များ။

**ကြွေးမြီပေးဆပ်နိုင်သည့် အရည်အချင်းမရှိခြင်း၏အဓိပ္ပာယ်**

၂၄၉။ (က) ပုဒ်မ ၂၄၈ ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် (၄) ပါ ပြဋ္ဌာန်းချက်များအလို့ငှာ ချက်ချင်းပေးချေရမည့် ကြွေးမြီသည် အောက်ပါအခြေအနေ တစ်ရပ်ရပ်နှင့် အကျုံးဝင်လျှင် မြီစားသည် ထိုကြွေးမြီကို ပြန်လည်ပေးနိုင်သည့်အရည်အချင်းမရှိဟု မှတ်ယူရမည်–

(၁) ပုဒ်မ ၂၅၀ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁) အရ အကြောင်းကြားစာ ပေးပို့သည့်နေ့မှ အနည်းဆုံး ၂၁ ရက် ကုန်လွန်ပြီးသော်လည်း ထိုအကြောင်းကြားစာကို ထိုမြီစားမှ လိုက်နာဆောင်ရွက်ခြင်းမရှိသည့်အပြင် ယင်းအကြောင်းကြားစာကို ပယ်ဖျက်ပေးရန် လျှောက်ထားခဲ့ခြင်းလည်းမရှိခြင်း၊

(၂) ကြွေးမြီနှင့်စပ်လျဉ်း၍ တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော လျှောက်ထားသူ မြီရှင်များကိုအသာပေးခဲ့သည့် တရားရုံး၏ အမိန့် သို့မဟုတ် စီရင်ချက်အရ ဥပဒေနှင့်အညီ အတည်ပြုရာတွင် အားလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို အတည်ပြုဆောင်ရွက်နိုင်ခြင်းမရှိကြောင်း ပြန်လည်တင်ပြလာခြင်း။

( ခ ) ကြွေးမြီရရန်ရှိသော လျှောက်ထားသူမြီရှင်က မြီစားအပေါ် ပုဒ်မ ၂၅၀ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၂) အရ အကြောင်းကြားစာကို ပေးပို့သည့်နေ့မှ အနည်းဆုံး ၂၁ ရက် ကုန်လွန်ပြီးဖြစ်သော်လည်း ထိုအကြောင်းကြားစာကို မြီစားက လိုက်နာဆောင်ရွက်ခြင်းမရှိသည့်အပြင် ယင်းအကြောင်းကြားစာသည် ပယ်ဖျက်ခဲ့ခြင်းမရှိလျှင် ပုဒ်မ ၂၄၈ ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် (၄) ပါ ပြဋ္ဌာန်းချက်အလို့ငှာ ပြန်လည်ပေးဆပ်ရန် ကျိုးကြောင်းဆီလျော်သောအလားအလာမရှိသည့် ကြွေးမြီဖြစ်သည်ဟု မှတ်ယူရမည်။ **စာမျက်နှာ ၁၇ သို့ ★**

★ စာမျက်နှာ ၁၆ မှ

**လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ပေးရန် လျှောက်ထားမည်ဖြစ်ကြောင်း အကြောင်းကြားစာ**

၂၅၀။ (က) အကြောင်းကြားစာတွင် မြီရှင်က အောက်ပါအကြောင်းအရာ တစ်ရပ်ရပ်ကို နည်းဥပဒေများတွင် သတ်မှတ်ထားသောပုံစံဖြင့် ရေးသားပေးပို့နိုင်သည်–

(၁) အကြောင်းကြားစာ ပေးပို့သည့်နေ့မှစ၍ ၂၁ ရက်အတွင်း မြီရှင်ကျေနပ်စေရန်အတွက် ကြွေးမြီကို ပေးဆပ်ရန် သို့မဟုတ် အာမခံချက်ပေးရန် သို့မဟုတ် ညှိနှိုင်းရန်ဖြစ်ခြင်း၊

(၂) ပေးဆပ်ရန် အချိန်စေ့ရောက်သည့်အခါ ကြွေးမြီကိုပေးဆပ်ရန် ကျိုးကြောင်းဆီလျော်သည့် အလားအလာရှိကြောင်းကို မြီရှင်အား ကျေနပ်အောင် ဆောင်ရွက်ပေးရန်ဖြစ်ခြင်း။

( ခ ) အကြောင်းကြားစာကို နည်းဥပဒေများတွင် ပြဋ္ဌာန်းထားချက်များနှင့်အညီ မြီစားအပေါ် ချအပ်ရမည်။

( ဂ ) အကြောင်းကြားစာတွင် ဖော်ပြထားသော ကြွေးမြီပမာဏသည် အမှန်တကယ် အချိန်စေ့ရောက်သော ကြွေးမြီပမာဏထက် ကျော်လွန်နေသော်လည်း ထိုသို့အလွဲတင်ပြသည်ဆိုသောအချက်ကြောင့် အကြောင်းကြားစာ တရားမဝင်ကြောင်း ငြင်းဆိုသည့် ပြန်ကြားစာကို မြီစားက ထိုမြီရှင်ထံသို့ ငွေပေးချေရန် သတ်မှတ်ထားသော အချိန်အတွင်း ပြန်လည်ပေးပို့ခြင်းမပြုပါက လူမွဲခံယူခြင်းဆိုင်ရာအကြောင်းကြားစာသည် အတည်ဖြစ်သည်ဟု မှတ်ယူရမည်။

(ဃ) လူမွဲခံယူခြင်းဆိုင်ရာ အကြောင်းကြားစာတွင် ဖော်ပြတောင်းဆိုထားသော ကြွေးမြီပမာဏသည် အမှန်တကယ်ကျသင့်သော ပမာဏထက်ကျော်လွန်နေသည့်အပြင် ထိုမြီစားက ထိုမြီရှင်ထံသို့ ပုဒ်မခွဲ (ဂ) နှင့်အညီ အကြောင်းကြားစာပေးပို့ခဲ့ခြင်းမရှိသည့် အနေအထားတွင် ထိုကြွေးမြီကို ပေးဆပ်ရန်အတွက် ခွင့်ပြုထားသော သတ်မှတ်ကာလအတွင်း ပေးဆပ်ရမည့် ကြွေးမြီပမာဏအမှန်အား အကြောင်းကြားစာတွင် ဖော်ပြခဲ့ပါက မြီစားအနေဖြင့် အကြောင်းကြားစာကို လိုက်နာဆောင်ရွက်ခဲ့သည်ဟု ယူဆနိုင်သော ဆောင်ရွက်ချက်များကို ငွေပေးချေရန် သတ်မှတ်ကာလအတွင်း ပြုလုပ်ခဲ့လျှင် မြီစားသည် ယင်းအကြောင်းကြားစာအား လိုက်နာဆောင်ရွက်ခဲ့ပြီး ဖြစ်သည်ဟု မှတ်ယူနိုင်သည်။

( င ) သတ်မှတ်ချက်များနှင့်အညီ ပေးပို့သော အကြောင်းကြားစာကို သတ်မှတ်ကာလ ကုန်ဆုံးခြင်းမရှိမီ ပယ်ဖျက်ပေးရန် လျှောက်ထားလာသည့်အခါ တရားရုံးသည် ထိုအကြောင်းကြားစာကို လိုက်နာဆောင်ရွက်ရန်အတွက် အချိန်ကို တိုးချဲ့သတ်မှတ်ပေးနိုင်သည်။

( စ ) သတ်မှတ်ချက်များနှင့်အညီ ပေးပို့သော အကြောင်းကြားစာကို သတ်မှတ်ကာလ မကုန်ဆုံးမီ ပြန်လှန်တောင်းဆိုမှု သို့မဟုတ် ခုနှိမ်မှု သို့မဟုတ် အပြန်အလှန်စွဲဆိုမှုရှိကြောင်း အကြောင်းပြချက်ဖြင့် ထိုအကြောင်းကြားစာကို ပယ်ဖျက်ပေးရန် မြီစားက တရားရုံးသို့ လျှောက်ထားခဲ့ပြီး ထိုသတ်မှတ်ကာလမကုန်ဆုံးမီအတွင်း ယင်းပြန်လှန်တောင်းဆိုမှု သို့မဟုတ် ခုနှိမ်မှု သို့မဟုတ် အပြန်အလှန်စွဲဆိုမှုတစ်ရပ်နှင့်စပ်လျဉ်း၍ တရားရုံးက ဆုံးဖြတ်ခြင်းမပြုသေးသည့်အခါ သတ်မှတ်ထားသောကာလ အပါအဝင် တရားရုံးမှ ဆုံးဖြတ်ချက်ချမှတ်ပေးသည့် နေ့ရက်အထိ တိုးချဲ့သတ်မှတ်ပေးသည်ဟု မှတ်ယူရမည်။

**အာမခံအကျိုးခံစားခွင့်ရှိသော ကြွေးမြီ**

၂၅၁။ (က) အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် မြီရှင်၏ လျှောက်လွှာပါ ကြွေးမြီ သို့မဟုတ် ကြွေးမြီများအနက် တစ်ရပ်ရပ်သည် အာမခံအကျိုးခံစားခွင့်ရှိသော ကြွေးမြီဖြစ်သည်ဟု မမှတ်ယူရ–

(၁) လူမွဲအဖြစ်ခံယူစေသည့်အမိန့်ချမှတ်သည့်ကိစ္စ၌ အာမခံအကျိုးခံစားခွင့်ရ မြီရှင်က ၎င်း၏အာမခံအကျိုးခံစားခွင့်ကို အခြားမြီရှင်များအားလုံး၏ အကျိုးအတွက် စွန့်လွှတ်ရန် ဆန္ဒရှိကြောင်း ဖော်ပြချက်ပါဝင်သည့် လျှောက်လွှာဖြစ်ခြင်း၊

(၂) ကြွေးမြီတစ်ရပ်၏ အာမခံအကျိုးခံစားခွင့်ရှိသော အစိတ်အပိုင်းနှင့်စပ်လျဉ်း၍ တောင်းခံခြင်းမဟုတ်ကြောင်း ဖော်ပြထားသည့်အပြင် ထိုကြွေးမြီ၏ အာမခံအကျိုးခံစားခွင့်ရှိသော အစိတ်အပိုင်းအတွက် ပေးထားသောအာမခံနှင့်စပ်လျဉ်း၍ လျှောက်လွှာတင်သွင်းသည့်နေ့ရက်၌ရှိသော ခန့်မှန်းခြေတန်ဖိုးနှင့်စပ်လျဉ်း၍ ထိုသူက ပြုလုပ်သော ဖော်ပြချက်ပါရှိသည့် လျှောက်လွှာဖြစ်ခြင်း။

( ခ ) ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၂) တွင် အကျုံးဝင်သောကိစ္စ၌ ကြွေးမြီတစ်ရပ်၏ အာမခံအကျိုးခံစားခွင့်ရှိသော ကြွေးမြီအစိတ်အပိုင်းနှင့် အာမခံအကျိုးခံစားခွင့်မရှိသော ကြွေးမြီအစိတ်အပိုင်းများသည် ဤဥပဒေပုဒ်မ ၂၄၈ မှ ၂၅၀ ပါပြဋ္ဌာန်းချက်များအလို့ငှာ သီးခြားကြွေးမြီများအဖြစ် မှတ်ယူရမည်။

**ဆောလျင်စွာ လျှောက်ထားခြင်း**

၂၅၂။ အကြောင်းကြားစာ ပေးပို့တောင်းခံခဲ့သော ကြွေးမြီနှင့်စပ်လျဉ်း၍ ယင်းကြွေးမြီအားလုံးကို သို့မဟုတ် တစ်စိတ်တစ်ပိုင်းကိုတောင်းဆိုရန် မြီရှင်တစ်ဦးက လူမွဲအဖြစ်ခံယူစေသည့်အမိန့်ချမှတ်ပေးရန် လျှောက်လွှာတင်သွင်းသည့်ကိစ္စတွင် မြီစားပိုင်ပစ္စည်း သို့မဟုတ် ၎င်းပိုင်ပစ္စည်းများအနက်မှ ပစ္စည်းတစ်ရပ်၏တန်ဖိုးသည် သတ်မှတ်ကာလအတွင်း၌ သိသာစွာ လျော့နည်းသွားရန် အမှန်တကယ် အလားအလာရှိကြောင်း လျှောက်လွှာတွင် ဖော်ပြပါရှိလျှင် သတ်မှတ်ကာလ ၂၁ ရက် မကုန်ဆုံးမီအတွင်း ထိုလျှောက်ထားချက်ကို တင်သွင်းနိုင်သည်။

**မြီရှင်၏ လျှောက်လွှာနှင့်စပ်လျဉ်း၍ ဆောင်ရွက်သည့်မူခင်း**

၂၅၃။ (က) ဤပုဒ်မအရ တရားရုံးသို့တင်သွင်းသည့် မြီရှင်၏လျှောက်လွှာကို နည်းဥပဒေများတွင် သတ်မှတ်ထားသောပုံစံအတိုင်း တင်သွင်းရမည်ဖြစ်ပြီး သတ်မှတ်ထားသည့်ရုံးခွန်ကိုလည်း ထမ်းဆောင်ရမည်။

( ခ ) လျှောက်လွှာတွင် ပုဒ်မ ၂၄၈ ပုဒ်မခွဲ ( ခ ) ပုဒ်မခွဲငယ် (၁) ပါ ပြဋ္ဌာန်းချက်များအလို့ငှာ သတ်မှတ်ထားသော ပမာဏထက်ကျော်လွန်နေသော ကြွေးမြီကို မြီစားက ပေးဆပ်ရန်ရှိကြောင်း ဖော်ပြချက်ကို လျှောက်ထားသည့် မြီရှင် သို့မဟုတ် ကိုယ်စားလှယ်၏ ကျမ်းကျိန်ချက်ဖြင့် တင်ပြရမည်။

( ဂ ) အကြောင်းကြားစာကို မြီစားက လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည့်အတွက် လျှောက်လွှာတင်သွင်းသည့်အခါ ထိုလျှောက်လွှာနှင့်အတူ အကြောင်းကြားစာကို နည်းလမ်းတကျချအပ်ခဲ့ကြောင်းနှင့် မြီစားက လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့ကြောင်း သက်သေခံချက်များ ပူးတွဲပါရှိရမည်။

(ဃ) အပိုင်း (၆) လုပ်ငန်း ပြန်လည်ထူထောင်ရေးအစီအစဉ် သို့မဟုတ် မိမိဆန္ဒအလျောက် အစီအစဉ်တစ်ရပ်ရပ်အရ ဆောင်ရွက်ရမည့် မြီစား၏လုပ်ငန်းတာဝန်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့်အတွက် လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ပေးရန် လျှောက်လွှာကို တင်သွင်းသည့်အခါ လျှောက်လွှာနှင့်အတူ မြီစားမှ မည်သို့မည်ပုံ ပျက်ကွက်ခဲ့ကြောင်း အသေးစိတ်ဖော်ပြချက်အား ထည့်သွင်းဖော်ပြရမည်။

( င ) တရားရုံးမှ ထိုလျှောက်လွှာအပေါ် ကြားနာရန်အတွက် ရုံးချိန်းပေးသည့်နေ့ရက်မတိုင်မီ အနည်းဆုံး အလုပ်လုပ်ကိုင်ရက် ၅ ရက် ကြိုတင်၍ နည်းဥပဒေများဖြင့်သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တရားရုံးသို့ ဤပုဒ်မအရ လျှောက်ထားခဲ့သည့် လျှောက်လွှာအား မှန်ကန်ကြောင်း ကျမ်းကျိန်လွှာမိတ္တူ၊ ပုဒ်မ ၂၅၀ အရ အကြောင်းကြားစာတို့နှင့်အတူ မြီစားထံသို့ ပေးပို့ရမည်။

( စ ) တင်သွင်းသည့်လျှောက်လွှာပါ ကြွေးမြီသည် အောက်ပါကြွေးမြီတစ်ရပ်ရပ်ဖြစ်ကြောင်း ယုံကြည်ရန်အကြောင်းရှိမှသာလျှင် တရားရုံးသည် လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ရမည် –

(၁) ထိုကြွေးမြီသည် လျှောက်လွှာတင်သွင်းသောနေ့တွင် ပေးဆပ်ရန်ရှိသည့် ကြွေးမြီကို ပေးဆပ်ခြင်း သို့မဟုတ် အာမခံတင်သွင်းခြင်း သို့မဟုတ် ညှိနှိုင်းခြင်းမပြုသည့် ကြွေးမြီဖြစ်ခြင်း၊

(၂) ပြန်လည်ပေးဆပ်ရန် အချိန်ကျရောက်သော်လည်း ထိုမြီစားအနေဖြင့် ယင်းကို ပြန်လည်ပေးဆပ်ရန် ကျိုးကြောင်းဆီလျော်သော အလားအလာမရှိသည့် ကြွေးမြီဖြစ်ခြင်း။

(ဆ) ပုဒ်မ ၂၄၈ အရ လျှောက်ထားသည့်ကိစ္စတွင် တရားရုံးသည် အကြောင်းကြားစာချအပ်သည့်နေ့မှ ၂၁ ရက် မကုန်ဆုံးမီ အချိန်ကာလအတွင်း လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ခြင်း မပြုရ။

( ဇ ) မြီစားအနေဖြင့် ၎င်း၏ကြွေးမြီများကို ပြန်လည်ပေးဆပ်လိမ့်မည်ဖြစ်ကြောင်း ကျေနပ်မှုရှိလျှင် သို့မဟုတ် အောက်ပါအခြေအနေများနှင့် ကိုက်ညီကြောင်း ယုံကြည်ကျေနပ်လျှင် တရားရုံးသည် လျှောက်ထားလာသည့် လူမွဲခံယူခြင်းဆိုင်ရာလျှောက်လွှာကို ပလပ်နိုင်သည်–

(၁) လျှောက်လွှာတွင်ဖော်ပြထားသည့် ကြွေးမြီအတွက် အာမခံချက်ပေးခြင်း သို့မဟုတ် ညှိနှိုင်းခြင်းပြုရန်အတွက် မြီစားသည် ကမ်းလှမ်းချက်တစ်ရပ်ကို ပြုလုပ်ခဲ့ခြင်း၊

(၂) အထက်ပါကမ်းလှမ်းချက်ကို တစ်ဖက်မှသဘောတူလက်ခံခဲ့သဖြင့် လျှောက်ထားမှုကို ပယ်ဖျက်ရန် အမှန်တကယ်လိုအပ်ခြင်း၊

(၃) ထိုကမ်းလှမ်းချက်ကို ကျိုးကြောင်းဆီလျော်မှုမရှိဘဲ မြီရှင်က ငြင်းပယ်ခဲ့ခြင်း။

သို့ရာတွင် တရားရုံးသည် ဤပုဒ်မခွဲပါ ပြဋ္ဌာန်းချက်များအလို့ငှာ မြီစားမှ ၎င်း၏ ကြွေးမြီကို ပြန်လည်ပေးဆပ်လိမ့်မည် ဟုတ်မဟုတ် သုံးသပ်ရာ၌ မြီစားထံတွင် တည်ရှိနေဆဲဖြစ်သော ကြွေးမြီများနှင့် ပေါ်ပေါက်လာမည့် တာဝန်ရှိမှုများကိုလည်း ထည့်သွင်းစဉ်းစားရမည်။

**မြီစားသည် မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်းဖြစ်လျှင်**

၂၅၄။ (က) လျှောက်ထားခံရသူမြီစားသည် မိုက်ခရို၊ အသေးစားနှင့် အလတ်စား လုပ်ငန်းတစ်ရပ်အား မိမိတစ်ဦးတည်းပိုင်အဖြစ်ဖြစ်စေ၊ အခြားသူများနှင့် အစုစပ်လုပ်ငန်းအဖြစ်ဖြစ်စေ လုပ်ကိုင်သော လုပ်ငန်းရှင်ဖြစ်ကြောင်းပေါ်ပေါက်လျှင် တရားရုံးသည် ယင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ အပိုင်း (၆) လုပ်ငန်းစဉ်တစ်ရပ် စတင်ရန်အတွက် အမိန့်ချမှတ်နိုင်သည်။

( ခ ) ဤပုဒ်မအရ လျှောက်ထားမှုတစ်ရပ်ကို မြီစားကိုယ်တိုင်ဖြစ်စေ၊ မိုက်ခရို၊ အသေးစားနှင့် အလတ်စား လုပ်ငန်းရှင်တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသောသူများမှဖြစ်စေ၊ မြီရှင်တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသူများကဖြစ်စေ တရားရုံးသို့ လျှောက်ထားနိုင်သည့်အပြင် တရားရုံးအနေဖြင့်လည်း သင့်သည် ထင်မြင်သည့် အမိန့်တစ်ရပ်ရပ် ချမှတ်နိုင်သည်။

( ဂ ) တရားရုံးသည် ပုဒ်မခွဲ(က) အရ အောက်ပါအမိန့်တစ်ရပ်ရပ် ချမှတ်ရမည်။

(၁) အပိုင်း(၆) လုပ်ငန်းစဉ်အရ ဆောင်ရွက်ရန်ရှိသည်များကို ဆောင်ရွက်နေစဉ်ကာလအတွင်းဖြစ်လျှင် ထိုမြီရှင်၏ လျှောက်ထားချက်ကို ရွှေ့ဆိုင်းသည့်အမိန့်၊

(၂) မြီရှင်၏ လျှောက်ထားချက်ကို ပလပ်သည့်အမိန့်။

**မြီရှင်၏လျှောက်ထားချက်အရ ယုံမှတ်အပ်နှံခြင်းခံရသူ သို့မဟုတ် တရားဝင်ပစ္စည်းထိန်းကို ခန့်အပ်ခြင်း**

၂၅၅။ (က) မြီရှင်၏လျှောက်ထားမှုကြောင့် လူမွဲအဖြစ်ခံယူစေရန် အမိန့်ကို ချမှတ်ရာတွင် လူမွဲပိုင်ပစ္စည်းများနှင့်စပ်လျဉ်း၍ ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် တရားရုံးသည် တရားဝင်ပစ္စည်းထိန်းကိုဖြစ်စေ၊ ဤဥပဒေအပိုင်း (၃) အရ သတ်မှတ်ထားသော အရည်အချင်းရှိသည့် လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူကိုဖြစ်စေ ခန့်အပ်ရမည်။

( ခ ) ပုဒ်မခွဲ (က) အရ ခန့်အပ်ခြင်းခံရသူသည် (တရားဝင်ပစ္စည်းထိန်းမှလွဲ၍) ထိုသို့ခန့်ထားခြင်းကို လက်ခံကြောင်း စာဖြင့်ရေးသားသဘောတူရမည်ဖြစ်ပြီး ယင်းသို့ သဘောတူကြောင်းကို တရားရုံးသို့ တင်ပြရမည်။ ထိုသို့ခန့်ထားခြင်းကို သဘောတူကြောင်း စာဖြင့်ရေးသား တင်ပြခြင်းမရှိလျှင် တရားရုံးသည် တရားဝင်ပစ္စည်းထိန်းအား ပုဒ်မ ၂၅၆ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း မြီရှင်များအစည်းအဝေးကို ခေါ်ယူကျင်းပနိုင်ရန်အတွက် ယာယီပစ္စည်းထိန်းအဖြစ် ခန့်အပ်ရမည်။

( ဂ ) ထိုအမိန့်ကိုချမှတ်ခြင်းမပြုမီ အပိုင်း (၆) လုပ်ငန်းစဉ်ကို လုပ်ဆောင်နေသော လုပ်ငန်းတစ်ရပ်၏ လုပ်ငန်းရှင်တစ်ဦးနှင့် ပတ်သက်၍ လူမွဲအဖြစ်ခံယူစေရန် အမိန့်ကိုချမှတ်ရာတွင် တရားရုံးသည် ပြန်လည်ထူထောင်ရေးအကြံပေးကို လူမွဲပိုင်ပစ္စည်းများနှင့်စပ်လျဉ်း၍ ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ပြောင်းလဲခန့်အပ်နိုင်သည်။ သို့ရာတွင် ထိုသူ၏သဘောတူညီချက်ရယူခြင်းမပြုဘဲ ခန့်အပ်ခြင်းမပြုရ။

**တရားဝင်ပစ္စည်းထိန်းအဖြစ် ခန့်အပ်ခြင်း**

၂၅၆။ (က) တရားရုံးမှ တရားဝင်ပစ္စည်းထိန်းအား ပုဒ်မ ၂၅၅ အရ ယာယီပစ္စည်းထိန်းအဖြစ် ခန့်အပ်ခဲ့လျှင် ၎င်းသည် အောက်ပါကိစ္စတစ်ရပ်ရပ် အလို့ငှာ မြီရှင်များ အစည်းအဝေးတစ်ရပ်ကို ခေါ်ယူကျင်းပရမည်–

(၁) တရားဝင်ပစ္စည်းထိန်း၏နေရာတွင် လူမွဲပိုင်ပစ္စည်းများနှင့်စပ်လျဉ်း၍ ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ဆောင်ရွက်ရန် အပိုင်း (၃) ပါ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူအဖြစ် အရည်အချင်းရှိသော လူတစ်ဦးကို ရွေးချယ်ခြင်း၊

(၂) ထိုတရားဝင်ပစ္စည်းထိန်းအား ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ခန့်အပ်ခြင်း။

( ခ ) လူမွဲအဖြစ်ခံယူစေသည့်အမိန့် ချမှတ်သည့်နေ့မှ ၂၁ ရက်ထက် နောက်မကျစေဘဲ ပုဒ်မခွဲ (က) အရ မြီရှင်များ အစည်းအဝေးကို ကျင်းပရန် ဆင့်ခေါ်ရမည်။

( ဂ ) ပုဒ်မခွဲ (က) အရ မြီရှင်များအစည်းအဝေးကျင်းပရန် အောက်ပါအတိုင်း ဆောင်ရွက်ရမည် –

(၁) ထိုအစည်းအဝေးကျင်းပမည့်နေ့ရက်မတိုင်မီ အလုပ်လုပ်ကိုင်ရက် ၅ ရက်ထက် နောက်မကျစေဘဲ မြီရှင်များထံသို့ စာဖြင့်ရေးသား၍ နည်းဥပဒေများဖြင့် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ အကြောင်းကြားခြင်း၊

(၂) နည်းဥပဒေများဖြင့် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ကြေညာခြင်း၊

(၃) နည်းဥပဒေများဖြင့် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ အစည်းအဝေးကို ကျင်းပခြင်း။

**(ဆက်လက်ဖော်ပြပါမည်)**

## တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် ကွန်ကရစ်လမ်းသစ်ဖွင့်

**ကမမောင်း မတ် ၂**

တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ် ကမမောင်းမြို့ အမှတ်(၃)ရပ်ကွက် သံလွင်လမ်းသွယ် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၂ ရက် နံနက် ၉ နာရီခွဲက ကျင်းပသည်။

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ကွန်ကရစ်လမ်းသစ်အား ကြည့်ရှုသည်။

အဆိုပါကွန်ကရစ်လမ်းမှာ အရှည်ပေ ၁၁၉၀၊ အကျယ် ၁၆ ပေ၊ အမြင့် ခြောက်လက်မဖြစ်ကြောင်း သိရသည်။

**ကမမောင်း(ပြန်/ဆက်)**





## မူဆယ်မြို့၌ တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် မြေအသုံးချ၊ မျိုးစေ့နှင့် သီးနှံကာကွယ်ရေးဓာတ်ခွဲခန်းများ ဖွင့်လှစ်

**မူဆယ် မတ် ၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့၌ တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် မြေအသုံးချဓာတ်ခွဲခန်း၊ မျိုးစေ့ဓာတ်ခွဲခန်းနှင့် သီးနှံကာကွယ်ရေးဓာတ်ခွဲခန်း ဖွင့်လှစ်ခြင်း အခမ်းအနားကို မတ် ၂ ရက် နံနက် ၉ နာရီက မူဆယ်မြို့ (၁၀၅)မိုင် မိုင်းယု စိုက်ပျိုးရေးရုံးဝင်း၌ ကျင်းပသည်။

### ဓာတ်ခွဲစစ်ဆေးရန်

တရုတ်နိုင်ငံဘက်မှ မူဆယ်မြို့ (၁၀၅)မိုင် နယ်စပ်ဂိတ်များသို့ တင်သွင်းလာသည့် မှတ်ပုံတင်ထားသော မြေဩဇာများ၏ အရည်အသွေးများကို စံချိန်စံညွှန်း ကိုက်ညီမှု ရှိ/မရှိ ဓာတ်ခွဲစစ်ဆေးနိုင်ရန်၊ စိုက်ပျိုးမြေနှင့် ရေ ချဉ်၊ ငန်နှုန်းများ၊ မြေဆီလွှာတွင်ပါဝင်သည့် အပင်အာဟာရဓာတ်များကို ဓာတ်ခွဲစစ်ဆေးရန်နှင့် တရုတ်နိုင်ငံဘက်မှ နယ်စပ်ဂိတ်များသို့ တင်သွင်းလာသော မှတ်ပုံတင်ထားသည့် မျိုးစေ့များ၏ အရည်အသွေး၊ လက္ခဏာနှင့် မျိုးသန့်စင်မှု၊ အရည်အသွေးပြည့်မီမှု ရှိ၊ မရှိ စစ်ဆေးနိုင်ရန် ရည်ရွယ်၍ မူဆယ်မြို့၌ ဓာတ်ခွဲခန်းကို ဖွင့်လှစ်ရခြင်းဖြစ်သည်။

အဆိုပါ ဓာတ်ခွဲခန်းတွင် မြေအသုံးချဓာတ်ခွဲခန်း၊ မျိုးစေ့ဓာတ်ခွဲခန်း၊ ပိုးမွှားဓာတ်ခွဲခန်းနှင့် အခြားဓာတ်ခွဲပစ္စည်းများကို တပ်ဆင်ထားသည်။

### လှည့်လည်ကြည့်ရှု

အဆိုပါဓာတ်ခွဲခန်း ဖွင့်လှစ်ခြင်းအခမ်းအနားကို ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်သိန်း၊ မူဆယ်ခရိုင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်စိုးသန့်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဥက္ကာ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသူရန်၊ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးကျော်မြင့်ဇော်၊ မူဆယ်-နမ့်ခမ်းကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ ဦးစိုင်းနွံနှင့် မူဆယ်ခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဒေါ်နန်းလွင်လွင်စိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဓာတ်ခွဲခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

မြန်မာနိုင်ငံတစ်ဝန်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့၌ ဓာတ်ခွဲခန်းများကို ဖွင့်လှစ်ခဲ့ရာမူဆယ်မြို့၌ ၁၁ ခုမြောက် ဓာတ်ခွဲခန်းကိုဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဆလိုင်းဇန်ရိုးထန်**
**(ပြန်/ဆက်)**

## ကယားပြည်နယ်၌ မြေငှားဂရန်၊ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပေးအပ်

**လွိုင်ကော် မတ် ၂**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဒေသခံပြည်သူများအား တွေ့ဆုံပွဲနှင့် မြို့မြေငှားဂရန်၊ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇) ပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၉ ရက် ညနေ ၃ နာရီက လွိုင်ကော်မြို့ သီရိမင်္ဂလာခန်းမ၌ ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ်က မြို့နေပြည်သူများအနေဖြင့် မြေငှားဂရန်များရရှိခြင်းအားဖြင့် စိတ်ပိုင်းဆိုင်ရာ လုံခြုံမှု၊ ရုပ်ပိုင်းဆိုင်ရာလုံခြုံမှုများရရှိစေခြင်း၊ မြေပိုင်ဆိုင်မှုအထောက်အထားများ အခိုင်အမာရရှိစေခြင်းအားဖြင့် မိမိတို့စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် အထောက်အကူပြုလာနိုင်ခြင်း၊ မြေယာအငြင်းပွားမှုအရှုပ်အရှင်းဖြစ်ပွားမှုများမှ ကင်းဝေးပြီး မိမိတို့၏ လူနေမှုဘဝ လုံခြုံမှုရရှိနိုင်ခြင်း၊ ပြည်နယ်အစိုးရအနေဖြင့် ပြည်သူလူထုများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်သူကရွေးချယ်ထားသည့် အစိုးရတစ်ရပ်ဖြစ်သည်နှင့်အညီ အစွမ်းကုန်ဖြည့်ဆည်းဆောင်ရွက်ပေးရန် အမြဲကြိုးစားဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မြို့မြေငှားဂရန် ၄၉ ဦး၊ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇) တောင်သူ ၄၃ ဦး စုစုပေါင်း ၉၂ ဦးအား ပေးအပ်သည်။ **နန်းဆွေဆွေအေး(ပြန်/ဆက်)**

## မေတ္တာရိပ်အမျိုးသမီးစောင့်ရှောက်ရေးဂေဟာနှင့် သက်မွေးပညာသင်တန်းကျောင်းအတွက် အလှူငွေပေးအပ်

**ရွှေဘို မတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ မေတ္တာရိပ် အမျိုးသမီးစောင့်ရှောက်ရေးဂေဟာနှင့် သက်မွေးပညာသင်တန်းကျောင်းသို့ အလှူငွေကျပ်သိန်း ၁၂၁၀ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို မတ် ၂ ရက် နံနက် ၉ နာရီက ကျင်းပသည်။

စတော့ဟုမ်း ကမ္ဘာ့ငြိမ်းချမ်းရေးဆုရှင် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဒေါက်တာသောဘိတ IBEC ဆရာတော်က လှူဒါန်းပေးအပ်ရခြင်းအကြောင်းကို မိန့်မှာကြားခဲ့ပြီး သင်တန်းကျောင်းအုပ်နှင့် တာဝန်ရှိသူများထံသို့ အလှူငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ အလှူရှင် ဦးခင်မောင်အေး (ဥက္ကဋ္ဌ၊ CB Bank)+ဒေါ်ဝင့်ရည်အေး (ဥက္ကဋ္ဌ၊ KMA Foundaion) တို့မှ ရွှေဘိုမြို့ မေတ္တာရိပ်အမျိုးသမီးစောင့်ရှောက်ရေးဂေဟာနှင့် သက်မွေးပညာသင်တန်းကျောင်းအတွက် အလှူငွေကျပ်သိန်း ၁၀၀၀ ကိုလည်းကောင်း၊ တောင်သမန်သစ္စာကုမ္ပဏီ ဦးကျော်မြင့်မိသားစုနှင့် စိမ်းရတနာသိုက်ကုမ္ပဏီ ဦးကျော်ထွန်းမိသားစုတို့က အလှူငွေကျပ်သိန်း ၁၀၀ စီကိုလည်းကောင်း ပေးအပ်ရာ သင်တန်းကျောင်းနာယကကြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ သင်တန်းကျောင်းဥက္ကဋ္ဌ ဦးမောင်ကိုနှင့် သင်တန်းကျောင်းအုပ်ကြီး ဒေါ်တင့်တင့်(ခ)ဒေါ်ချူးချူးတို့က လက်ခံရယူသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသောအလှူရှင်များက အဆိုပါ ရွှေဘိုမြို့ မေတ္တာရိပ်အမျိုးသမီးစောင့်ရှောက်ရေးဂေဟာနှင့် သက်မွေးပညာသင်တန်းကျောင်းအတွင်းရှိ ကွန်ပျူတာခန်းမ၊ ပန်းချီပြခန်းတို့ကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

**ထွန်းကိုကို(ယင်းမာပင်)**



## လယ်ယာမြေ ၆၃၇၆ ဧက အကျိုးပြုမည့် ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်

**ရေစကြို မတ် ၂**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ငတရောက်ကျေးရွာ၊ မိုးကွဲကျေးရွာ၊ ကံဦးကျေးရွာ၊ တောင်ကုန်းကျေးရွာ၊ မဲကုန်းကျေးရွာနှင့် မိဖုရားကျေးရွာတို့မှ ဒေသခံတောင်သူများ လယ်ယာကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် လယ်ယာမြေ ၆၃၇၆ ဧကအတွက် အကျိုးပြုမည့် လမ်းအရှည်ငါးမိုင် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်လျက်ရှိရာ ၈၂ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးသွားပြီဖြစ်ကြောင်း ရေစကြိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးမှ သိရသည်။

လမ်းအရှည် ငါးမိုင်အား လမ်းအကျယ် ၁၂ ပေ၊ ဒုတစ်ပေကိုးလက်မ မြေနီကျောက်စရစ် ကျေးလက်ကုန်ထုတ်လမ်းအမျိုးအစား ဖောက်လုပ်ခြင်းဖြစ်ပြီး ယခုအခါ ကျေးလက်ကုန်ထုတ်လမ်းအရှည်လေးမိုင်အထိ ဖောက်လုပ်ပြီးစီးသွားပြီဖြစ်၍ လုပ်ငန်းပြီးစီးမှုအနေဖြင့် ၈၂ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

ယင်းကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးသွားပါက ရေစကြိုမြို့နယ် ငတရောက်ကျေးရွာ၊ မိုးကွဲကျေးရွာ၊ ကံဦးကျေးရွာ၊ တောင်ကုန်းကျေးရွာ၊ မဲကုန်းကျေးရွာနှင့် မိဖုရားကျေးရွာတို့မှ ဒေသခံတောင်သူ ၁၆၆၁၄ ဦး လယ်ယာမြေ ၆၃၇၆ ဧကအား လယ်ယာကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးပြုနိုင်မည့်အပြင် လယ်ယာမြေများမှထွက်ရှိသော သီးနှံထွက်ကုန်များကို ဈေးကွက်သို့ အချိန်ကုန်လူပင်ပန်းသက်သာစွာ အချိန်မီတင်ပို့ရောင်းချသွားနိုင်မည်ဖြစ်ကြောင်း ရေစကြိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်မာထံမှ သိရသည်။

**ရဲဝင်းနိုင်**
**(ညောင်ဦး)**

## နွားအလှပြိုင်ပွဲနှင့် လှည်းယဉ်ကျေးပြိုင်ပွဲ ကျင်းပ

**ရေကြည် မတ် ၂**

တောင်သူလယ်သမားနေ့ ဂုဏ်ပြုအထိမ်းအမှတ်အဖြစ် ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ကွင်းသုံးဆင့်ကျေးရွာအုပ်စုတွင် မတ် ၂ ရက် နံနက်ပိုင်းက မြန်မာ့ရိုးရာ နွားအလှ ပြိုင်ပွဲနှင့် လှည်းယဉ်ကျေးပြိုင်ပွဲ ကျင်းပသည်။

ရေကြည်မြို့နယ်၊ ပန်းတနော်မြို့နယ်၊ အင်္ဂပူမြို့နယ်၊ ဓနုဖြူမြို့နယ်၊ လေးမျက်နှာမြို့နယ်၊ မြန်အောင်မြို့နယ်တို့မှ လာရောက်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲကို မတ် ၂ ရက်မှ ၄ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ဆန်းတင့် (ရေကြည်)**

# ကိုရီးယား-မြန်မာချစ်ကြည်ရေး(ဒလ)တံတားတည်ဆောက်မှု ရန်ကုန်ဘက်ခြမ်းနှင့် ဒလဘက်ခြမ်းတို့၌ ဘိုးပိုင်တူးဖော်ခြင်း ၉၀ ရာခိုင်နှုန်းပြီးစီး

**ရန်ကုန် မတ် ၂**

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်းမနှင့် ဒလမြို့နယ် ဗိုလ်မင်းရောင်လမ်းမတို့သို့ ဆက်သွယ်တည်ဆောက်လျက်ရှိသော ကိုရီးယား-မြန်မာချစ်ကြည်ရေး (ဒလ)မြစ်ကူးတံတား တည်ဆောက်နေမှု ဒလဘက်ခြမ်း၌ ဘိုးပိုင်တူးဖော်ခြင်းလုပ်ငန်း ၉၀ ရာခိုင်နှုန်းနှင့် ရန်ကုန်ဘက်ခြမ်း၌ ဘိုးပိုင်တူးဖော်ခြင်းလုပ်ငန်း ၈၅ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ သိရသည်။

"ဘိုးပိုင်တူးဖော်ခြင်းလုပ်ငန်းအနေနဲ့ ဒလဘက်ခြမ်းက စုစုပေါင်း ဘိုးပိုင် ၁၁၇ လုံးမှာ ၁၃လုံးပဲကျန်ရှိတော့တယ်၊ ၁၀၄ လုံးတူးပြီးသွားပြီး ဘိုးပိုင်လုပ်ငန်းရဲ့ ၉၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ပါတယ်၊ ရန်ကုန်ဘက်ခြမ်းမှာ ချဉ်းကပ်တံတားက ၅၈ လုံး တူးဖော်ရမှာ ရှစ်လုံးပဲကျန်တော့တယ်၊ ဘိုးပိုင်လုပ်ငန်းရဲ့ ၈၅ ရာခိုင်နှုန်း ပြီးစီးသွားပြီး ပင်မတံတားအနေနဲ့ ရက်အနည်းငယ်အတွင်းမှာ ပင်မတံတားရဲ့ ဒလဘက်ခြမ်း ဘိုးပိုင်တူးခြင်းကို စတင်တူးဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်၊ မတ်လအလယ်လောက်မှာ ရန်ကုန်ဘက်ခြမ်းရဲ့ ပင်မတံတား ဘိုးပိုင် စတင်တူးဖော်တဲ့လုပ်ငန်းကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကောင်းချိုက မတ် ၂ ရက် နံနက်က ပြောကြားသည်။

လက်ရှိအချိန်တွင် ရန်ကုန်မြစ်အတွင်း ပင်မတံတားတည်ဆောက်ရေးအတွက် ချဉ်းကပ်ယာယီတံတား တည်ဆောက်ခြင်းလုပ်ငန်းများကို CCECC Myanmar ကုမ္ပဏီက တည်ဆောက်ပြီးစီး၍ ပင်မတံတား ဘိုးပိုင်တူးဖော်ခြင်းလုပ်ငန်းများကို မကြာမီ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရေလယ်ပင်မတံတား ဘိုးပိုင်တူးဖော်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ရာ တံတားစီမံကိန်းဧရိယာမြစ်အတွင်း ရေလမ်းကြောင်းဖြင့် ဖြတ်သန်းသွားလာမည့် သင်္ဘောများနှင့် ရေယာဉ်များသည် သတ်မှတ်ထားသည့် ရေလမ်းကြောင်းအတိုင်းဖြင့် မီးနီနှစ်လုံး၊ မီးစိမ်းနှစ်လုံးကြားမှ ဖြတ်သန်းမောင်းနှင်ရမည်ဖြစ်ပြီး ဇော်ယာကို ဒလဘက်ခြမ်းတွင် အနီနှစ်လုံး၊ အဝါနှစ်လုံးနှင့် ရန်ကုန်ဘက်ခြမ်းတွင် အစိမ်းနှစ်လုံး၊ အဝါနှစ်လုံး ချထားသတ်မှတ်ထားကြောင်း သိရသည်။

ဒလတံတားစီမံကိန်းမှာ စုစုပေါင်း တံတားအရှည် ၁၈၆၇ မီတာ၊ အကျယ် ၂၆ ဒသမ ၅ မီတာ၊ လေးလမ်းသွားတံတား၊ ဘိုးပိုင်အုတ်မြစ်၊ သံကူကွန်ကရစ် ကိုယ်ထည်အပေါ်တွင် သံမဏိကြိုးဆိုင်းတံတားဖြစ်ပြီး တံတား၏ ခံနိုင်ဝန်မှာ ၇၅ တန်ဖြစ်ကြောင်း၊ ကိုရီးယားသမ္မတနိုင်ငံမှ ချေးငွေ အမေရိကန်ဒေါ်လာ ၁၅၇ ဒသမ ၈၃သန်း၊ မြန်မာအစိုးရမှ ထည့်ဝင်ငွေ အမေရိကန်ဒေါ်လာ ၃၀ ဒသမ ၃၄ သန်း စုစုပေါင်း ၁၈၈ ဒသမ ၁၇ သန်းဖြင့် တည်ဆောက်ခြင်းဖြစ်ကာ ၂၀၁၉ ခုနှစ် မေလတွင် တည်ဆောက်ရေးလုပ်ငန်းများ စတင်ပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် ဆောင်ရွက်ပြီးစီးမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ သိရသည်။

**နိုင်လင်းကျော်(ဒလ)**



# ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ပဲခူး မတ် ၂**

ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၉ ရက် နံနက် ၉ နာရီက အဆိုပါရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဥပဒေချုပ် ဦးအုန်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး ပဲခူးခရိုင်၊ တောင်ငူခရိုင်၊ ပြည်ခရိုင်၊ သာယာဝတီခရိုင် ဥပဒေရုံးများနှင့် မြို့နယ်ဥပဒေရုံးများကို ကြီးကြပ်ဆောင်ရွက်ရသော ဒုတိယတိုင်းဒေသကြီး ဥပဒေအရာရှိများက လုပ်ငန်းဆိုင်ရာများကို မှာကြားခဲ့သည်။ ထို့နောက်ခရိုင်နှင့် မြို့နယ်ဥပဒေအရာရှိများ၏ တင်ပြဆွေးနွေးချက်များကို တိုင်းဒေသကြီးဥပဒေအရာရှိက ပြန်လည်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စာရေးဝန်ထမ်းအခြေခံသင်တန်း အမှတ်(၁၆၂)တွင် စံပြဆုရရှိသူတစ်ဦးအား တိုင်းဒေသကြီးဥပဒေချုပ် ဦးအုန်းမြင့်က ဆုပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အသီးသီးရှိ ဥပဒေအရာရှိ ၈၀ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

၀၇၅

# မြန်မာ့ကြက်သွန်နီ ဘင်္ဂလားဒေ့ရှ်သို့ တင်ပို့မှုမြင့်တက်

**ရန်ကုန် မတ် ၂**

အိန္ဒိယနိုင်ငံက ဘင်္ဂလားဒေ့ရှ်သို့ ကြက်သွန်နီတင်ပို့မှု ပိတ်ပင်လိုက်သဖြင့် မြန်မာ့ကြက်သွန်နီ ဘင်္ဂလားဒေ့ရှ်သို့ တင်ပို့မှုမှာ မြင့်တက်လျက်ရှိကြောင်း မောင်တောနယ်စပ်ကုန်သွယ်ရေးဇုန်ရှိ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

"အရင်နှစ်တွေတုန်းကတော့ ဒီလောက်တင်ပို့တာမများပါဘူး။ ဒီနှစ်ကတော့ သိသိသာသာ တိုးတက်လာတာပါ။ ဒီနှစ်အိန္ဒိယဘက်မှာ မိုးမကောင်းတော့ သီးနှံအထွက်တွေ ကျဆင်းတယ်။ ဒီအတွက် ဘင်္ဂလားဒေ့ရှ်ကို အိန္ဒိယက ကြက်သွန်နီတင်ပို့မှုကိုလည်း ပိတ်လိုက်တယ်။ မြန်မာဘက်မှ ကြက်သွန်နီတွေကို ဘင်္ဂလားဒေ့ရှ်က ပိုပြီးတင်လာပါတယ်။ ဒါကြောင့်မြန်မာ့ကြက်သွန်နီ တင်ပို့မှု မြင့်တက်သွားတာဖြစ်ပါတယ်"ဟု မောင်တောနယ်စပ်ကုန်သွယ်ရေးဇုန်မှ တာဝန်ရှိသူက ပြောကြားသည်။



နယ်စပ်ကုန်သွယ်ရေးဇုန်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ကြက်သွန်နီ တင်ပို့မှုမှာ ၂၀၁၉ - ၂၀၂၀ဘဏ္ဍာနှစ် အောက်တိုဘာလတွင် ကြက်သွန်နီတန်ချိန် ၁၁၇၅ တန် (တန်ဖိုးအမေရိကန်ဒေါ်လာ ၆၉၆၆၀)၊ နိုဝင်ဘာလက ၁၀၇၄ တန် (တန်ဖိုးအမေရိကန်ဒေါ်လာ ၁၁၃၀၀၀)၊ ဒီဇင်ဘာလ တန်ချိန် ၇၆၁ တန် (တန်ဖိုး အမေရိကန်ဒေါ်လာ ၁၀၂၀၀၀၀)၊ ဇန်နဝါရီလ တန်ချိန် ၁၁၀၂ တန် (တန်ဖိုး အမေရိကန်ဒေါ်လာ ၁၀၃၀၀၀၀)၊ ဖေဖော်ဝါရီလ ၁၆၁၃ တန် (တန်ဖိုး အမေရိကန်ဒေါ်လာ ၁၃၃၀၀၀၀) ရှိကြောင်း သိရသည်။

မြန်မာ့ကြက်သွန်နီ ဘင်္ဂလားဒေ့ရှ်သို့ တင်ပို့မှုမြင့်တက်နေသော်လည်း တစ်ပိဿာကျပ် ၁၅၀၀ အထိ ကျဆင်းလာကြောင်း၊ ယခင်က တစ်ပိဿာကျပ် ၃၀၀၀ အထိ ဈေးတက်ခဲ့ကြောင်း၊ အကြောင်းမှာ မိုးကြက်သွန်များ လှိုင်လှိုင်ပေါ်လာခြင်းကြောင့်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံပြည်တွင်းဈေးကွက်များတွင်လည်း ကြက်သွန်နီဈေးမှာ မိုးကြက်သွန်များလှိုင်လှိုင်ပေါ်၍ ဈေးကျဆင်းလာကြောင်း၊ သို့သော်လည်း ဘင်္ဂလားဒေ့ရှ်သို့ ကြက်သွန်နီတင်ပို့မှုမှာ အားကောင်းလျက်ရှိကြောင်း သိရသည်။

**မြင့်မောင်**



# ဓာတ်မှန်စက်ဝယ်ယူရန်နှင့် ဆေးရုံတက်လူနာများအား အလှူငွေပေးအပ်

**မိုင်းယု မတ် ၂**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယုမြို့တွင် ကားကြီးကွင်းနှင့် ဈေးတည်ဆောက်ရန်အတွက် မြေနေရာ ပန္နက်တင် မင်္ဂလာအခမ်းအနားကို မတ် ၁ ရက် နံနက်ပိုင်းက ကျင်းပရာ ပြည်နယ် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဦးစိုင်းရှဲန်တစ်လုံ၊ စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်းနှင့်အဖွဲ့ဝင်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအိုက်ခမ်းလှိုင်၊ တာချီလိတ်မြို့ ဒု-ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နိုင်၊ မိုင်းယောင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်း၊ မြန်မာဖောင်ဒါကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများက အဆောက်အဦဆောက်လုပ်မည့်နေရာ အသီးသီးတို့တွင် ပန္နက်တင်ပေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးများနှင့်အဖွဲ့သည် မိုင်းယုမြို့ ပြည်သူ့ဆေးရုံ တည်ဆောက်ထားမှုနှင့် ဆေးရုံသုံးစက်ပစ္စည်းလိုအပ်ချက် အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးကာ ပြည်နယ်လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဦးစိုင်းရှဲန်တစ်လုံက ငွေကျပ် ၁၀ သိန်း၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်းက ငွေကျပ် ၁၀ သိန်းနှင့် ခရိုင်အဆင့်၊ မြို့နယ်အဆင့်၊ မြို့အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာမှ လှူဒါန်းရရှိငွေ ကျပ် ၇၄ သိန်း စုစုပေါင်း ၉၄ သိန်းကျော်ကို ဆေးရုံအတွက်လိုအပ်သည့် ဓာတ်မှန်စက်ဝယ်ယူရန် မိုင်းယုတိုက်နယ်ဆရာဝန်နှင့် လက်ထောက် တိုက်နယ်ဆရာဝန်တို့ထံ ပေးအပ်လှူဒါန်းခဲ့ပြီး ဆေးရုံတက်လူနာများအား အလှူငွေများ ပေးအပ်လှူဒါန်းကာ အားပေးစကားများပြောကြားခဲ့ကြောင်း သိရသည်။

**ကိုကိုနိုင်(မိုင်းယု)**

# ရာဖေးလ်နာဒယ် မက္ကဆီကိုအိုးပင်းတင်းနစ်ဖလားဆွတ်ခူး

ကမ္ဘာ့နံပါတ်(၂)အဆင့်ရှိ ရာဖေးလ်နာဒယ်ဟာ မက္ကဆီကိုအိုးပင်းအမျိုးသားတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ တေလာဖရစ်ဇ်ကို အနိုင်ရရှိခဲ့တာကြောင့် ရာဖေးလ်နာဒယ်အနေနဲ့ သူ့ရဲ့တင်းနစ်ကစားသမားဘဝမှာ တတိယအကြိမ်မြောက် မက္ကဆီကို အိုးပင်းတင်းနစ်ဆုဖလားကို ရယူနိုင်ခဲ့ပြီဖြစ်ပါတယ်။



စပိန်တင်းနစ်အကျော်အမော် ရာဖေးလ်နာဒယ်ဟာ ၂၀၀၅ ခုနှစ်နဲ့ ၂၀၁၃ ခုနှစ်တို့မှာ မက္ကဆီကို အိုးပင်းတင်းနစ်ဆုဖလားတွေကို ရယူနိုင်ခဲ့တာဖြစ်ပါတယ်။ ရာဖေးလ်နာဒယ်ဟာ တေလာဖရစ်ဇ်ကို ၆-၃၊ ၆-၂ နဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။ မက္ကဆီကို အိုးပင်းအမျိုးသမီးတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲမှာတော့ ဟီတာဝက်ဆင်က ရယူဆွတ်ခူးနိုင်ခဲ့တာ ဖြစ်ပါတယ်။

ဗြိတိန်တင်းနစ်မယ် ဟီတာဝက်ဆင်ဟာ မက္ကဆီကို အိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ ကနေဒါတင်းနစ်မယ်ဖာနန်ဒက်ဇ်ကို ၆-၄၊ ၆-၇(၈-၁၀)၊ ၆-၁ နဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။




❖ မန်စီးတီးအသင်းမှ

နည်းပြဂွါဒီယိုလာရဲ့ မန်စီးတီးအသင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက ပြည်တွင်းဆုဖလားသုံးလုံးကို ဘောလုံးရာသီတစ်ခုတည်းမှာ ရယူနိုင်ခဲ့တာကြောင့် သမိုင်းဝင်ခဲ့တဲ့အသင်းလည်း ဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက ပရီမီယာလိဂ်ဖလား၊ အက်ဖ်အေဖလားနဲ့ အီးအက်ဖ်အယ်လ်ဖလားတို့ကို ရယူသိမ်းပိုက်နိုင်ခဲ့တာလည်းဖြစ်ပါတယ်။ မန်စီးတီးအသင်းဟာ လီဗာပူးအသင်းပြီးရင် အီးအက်ဖ်အယ်လ်ဖလားကို သုံးနှစ်ဆက်တိုက် ရယူဆွတ်ခူးနိုင်ခဲ့တဲ့ ဒုတိယမြောက်အသင်းဖြစ်ပြီး လီဗာပူးအသင်းဟာ ၁၉၈၀-၈၁ ရာသီကနေ ၁၉၈၃-၈၄ ဘောလုံးရာသီအတွင်း ဘောလုံးရာသီဆက်တိုက်အီးအက်ဖ်အယ်လ်ဖလားကို ရယူဆွတ်ခူးနိုင်ခဲ့တာ ဖြစ်ပါတယ်။

**ငွေကြယ် - ရေးသားသည်**

# စီရိုနယ်လ်ဒိုက ဂျူဗင်တပ်အသင်းနှင့် လမ်းခွဲမည်မဟုတ်ဟုဆို




တိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ လက်ရှိကလပ်အသင်းမှာ ပျော်ရွှင်မှုရရှိနေတာကြောင့် ဂျူဗင်တပ်အသင်းနဲ့ လမ်းခွဲမှာမဟုတ်ဘဲ ဒေးဗစ်ဘက်ခမ်းရဲ့ အင်တာမီယာမီအသင်းဆီလည်း ပြောင်းရွှေ့ကစားမှာမဟုတ်ဘူးလို့ ဆိုပါတယ်။

တိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ ပြီးခဲ့တဲ့တစ်ပတ်က သူ့ရဲ့ကစားသမားဘဝ ပွဲပေါင်း ၁၀၀၀ ပြည့်မြောက်ခဲ့တာဖြစ်ပြီး ဂျူဗင်တပ်အသင်းက SPAL အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တဲ့ပွဲစဉ်မှာ ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် အီတလီစီးရီးအေပွဲစဉ် ၁၁ ပွဲဆက်တိုက်ဂိုးသွင်းယူနိုင်ခဲ့တဲ့ ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့တာ ဖြစ်ပါတယ်။

စီရိုနယ်လ်ဒိုဟာ ၂၀၀၃ ခုနှစ်က စပို့တင်းလစ္စဘွန်းအသင်းကနေ မန်ယူအသင်းဆီ ပြောင်းရွှေ့ခဲ့ပြီး ရီးယဲလ်မက်ဒရစ်အသင်းမှာလည်း ကိုးနှစ်ကြာ ဖြတ်သန်းခဲ့သူ ဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ဘောလုံးရာသီမစတင်မီမှာတော့ ရီးယဲလ်မက်ဒရစ်အသင်းကနေ ဂျူဗင်တပ်အသင်းဆီ ပြောင်းရွှေ့ခဲ့တာ ဖြစ်ပါတယ်။

လက်ရှိမှာ ဒေးဗစ်ဘက်ခမ်းရဲ့ အင်တာမီယာမီအသင်းက ခေါ်ယူဖို့ စိတ်ဝင်စားနေပေမယ့် ၂၀၂၂ ခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလအထိ ဂျူဗင်တပ်အသင်းနဲ့ စာချုပ်ချုပ်ဆိုထားတာဖြစ်လို့ အီတလီစီးရီးအေမှာပဲ ဆက်ရှိနေမယ်လို့ စီရိုနယ်လ်ဒိုက ပြောကြားထားပါတယ်။

## အနုပညာ



# အဖွဲ့အစည်းရှစ်ခုသို့ ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေး အလှူငွေ လှူဒါန်းခဲ့တဲ့ လီမင်ဟို

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့မင်းသားတစ်ဦးဖြစ်သူ လီမင်ဟိုဟာ ဒေသတွင်းမှာ လတ်တလော ဖြစ်ပွားလျက်ရှိတဲ့ ကိုရိုနာဗိုင်းရပ်စ် တိုက်ဖျက်ရေးလုပ်ငန်းတွေအတွက် ကိုရီးယားဝမ် သန်း ၃၀၀ ကို အဖွဲ့အစည်းရှစ်ခုထံ လှူဒါန်းပေးခဲ့ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အခြားသော အနုပညာရှင်တွေ များစွာကလည်း ကိုရိုနာဗိုင်းရပ်စ် တိုက်ဖျက်ရေးလုပ်ငန်းတွေ လုပ်ဆောင်နိုင်ဖို့ရာ အလှူငွေတွေ လှူဒါန်းပါဝင်ခဲ့ကြပါတယ်။ လီမင်ဟိုကတော့ ဝမ်းသန်း ၃၀၀ ကို အဖွဲ့အစည်းရှစ်ခုထံ လှူဒါန်းခဲ့ရာမှာ အများစုဟာ ကလေးသူငယ်စောင့်ရှောက်ရေးဆိုင်ရာ အဖွဲ့တွေဖြစ်ကြောင်းလည်း သိရပါတယ်။ မင်းသားဟာ ဝင်ငွေနည်းပါးတဲ့ မိသားစုတွေက ကလေးသူငယ်တွေကို ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုတွေပေးနိုင်ဖို့ရာ ယခုလို လှူဒါန်းခဲ့တာ ဖြစ်ကြောင်းလည်း သိရပါတယ်။

**အေးပြည့် - စုစည်းသည်**

# ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးအတွက် EXO အဖွဲ့ဝင်များ လှူဒါန်း

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ EXO အဖွဲ့ဝင်တွေဟာလည်း ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးလုပ်ငန်းတွေအတွက် အလှူငွေတွေ ထည့်ဝင်ခဲ့ကြပါတယ်။

အဖွဲ့ဝင်တွေဟာ တစ်ဦးစီ သီးခြားလှူဒါန်းခဲ့ကြတာဖြစ်ပြီး နောက်ဆုံးလှူဒါန်းခဲ့တဲ့ အဖွဲ့ဝင်ကတော့ ခါအီဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မတ် ၂ ရက်မှာ ခါအီဟာ ဟုတ်ဘရစ်ချ်အမျိုးသား သဘာဝဘေးကူညီကယ်ဆယ်ရေးအဖွဲ့ကို အလှူငွေအဖြစ် ကိုရီးယားဝမ် သန်း ၅၀ လှူဒါန်းခဲ့တာ ဖြစ်ပါတယ်။

အခြားသော အဖွဲ့ဝင်တွေဖြစ်ကြတဲ့ ချန်ယိုး၊ လေးနဲ့ ဆူဟိုတို့လည်း ပါဝင်လှူဒါန်းခဲ့ကြပြီး ပြီးခဲ့တဲ့လအတွင်း လှူဒါန်းခဲ့တာ ဖြစ်တယ်လို့ သိရပါတယ်။

# ကိုဗစ် -၁၉ နဲ့ပတ်သက်ပြီး စောင့်ကြည့်ခံနေရတဲ့ ချောင်ဟာ

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ တေးသံရှင်တစ်ဦးဖြစ်သူ ချောင်ဟာဟာ သူ့ရဲ့ဝန်ထမ်းနှစ်ဦး ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရကြောင်း တွေ့ရှိခဲ့ရပြီးနောက် ပေ့ါပ်ကြယ်ပွင့်ကိုလည်း ကူစက်ခြင်း ရှိ၊ မရှိ စစ်ဆေးခဲ့ပါတယ်။ ကူးစက်ခံရခြင်းမရှိပေမယ့် ကိုရီးယားစင်တာ ရောဂါထိန်းချုပ်ကာကွယ်ရေးဌာနရဲ့ တောင်းဆိုမှုကြောင့် စောင့်ကြည့်လူနာအဖြစ် သတ်မှတ်ထားကြောင်း အေဂျင်စီရဲ့ ပြောကြားချက်ကို ကိုးကားကာ အေးရှားဝမ်းဒေ့ါကွန်းက ရေးသားဖော်ပြခဲ့ပါတယ်။

ချောင်ဟာဟာ ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၄ ရက်အထိ အီတလီမှာ ပြုလုပ်ခဲ့တဲ့ မီလန်ဖက်ရှင်သီတင်းပတ်ကို တက်ရောက်ခဲ့တဲ့ တောင်ကိုရီးယား ကြယ်ပွင့်တွေအနက် တစ်ဦးဖြစ်ပါတယ်။ အီတလီဟာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု အများဆုံးနိုင်ငံတွေထဲက တစ်နိုင်ငံ ဖြစ်နေပြီး လူစုလူဝေး ပြုလုပ်ခြင်းတွေကို တာဝန်ရှိသူတွေက တားမြစ်ထားပေမယ့် ဖက်ရှင်သီတင်းပတ်ကိုတော့ ပြီးဆုံးအောင် ပြုလုပ်ခဲ့ပါတယ်။



ယင်း ဖက်ရှင်သီတင်းပတ်မှာ ကိုရီးယားကြယ်ပွင့်တွေ များစွာတက်ရောက်ခဲ့ပါတယ်။ ဒီအထဲမှာ တစ်ဦးအပါအဝင်ဖြစ်တဲ့ ချောင်ဟာနဲ့အတူ လိုက်ပါသွားခဲ့တဲ့ ဝန်ထမ်းနှစ်ဦးဟာ ကိုရိုနာကူးစက်ခံရကြောင်း တွေ့ရှိခဲ့တာဖြစ်ပါတယ်။ ချောင်ဟာကိုတော့ အီတလီက အပြန်မှာ ရောဂါကူးစက်ခံရခြင်း ရှိ၊ မရှိစစ်ဆေးခဲ့ပြီး ကူးစက်ခံရခြင်းမရှိကြောင်း ပေ့ါပ်ကြယ်ပွင့်ရဲ့ အေဂျင်စီက ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

မီလန်ဖက်ရှင်သီတင်းပတ်ကို အခြားသော ကျော်ကြားတဲ့ တောင်ကိုရီးယားကြယ်ပွင့်တွေလည်း တက်ရောက်ခဲ့ကြပါတယ်။ ဆောင်းဟောကို၊ ပွဲခ်မင်ယောင်း၊ အိုင်ယူ၊ BLACK PINK အဖွဲ့ဝင် လီဆာတို့လည်း တက်ရောက်ခဲ့ကြပါတယ်။ ပရိသတ်တွေက ကြယ်ပွင့်တွေရဲ့ ကျန်းမာရေးအခြေအနေနဲ့ပတ်သက်ပြီး စိုးရိမ်မှုတွေ ရှိနေပေမယ့် အဆိုပါ ကြယ်ပွင့်တွေရဲ့ အေဂျင်စီတွေက ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခြင်း ရှိ၊ မရှိအပေါ် လက်ရှိအချိန်အထိတော့ တစ်စုံတစ်ရာ ထုတ်ဖော်ပြောကြားခြင်း မရှိသေးဘူးလို့လည်း သိရပါတယ်။

## ရှေးဟောင်းသမိုင်းဝင် ပေါ်ကြိုမုဋ္ဌောစေတီတော်ကြီး ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပ

**သီပေါ မတ် ၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ပေါ်ကြိုကျေးရွာရှိ ရှေးဟောင်းသမိုင်းဝင် ပေါ်ကြိုမုဋ္ဌောစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို မတ် ၁ ရက် နံနက်ပိုင်းက စတင်ကျင်းပသည်။

''မတ် ၁ ရက်မှ ၈ ရက်အထိ ပွဲတော်ကို ကျင်းပမှာဖြစ်ပြီး ဆုတောင်းပြည့် ပေါ်ကြိုမုဋ္ဌောစေတီတော်မြတ်ကြီးအတွင်း စံပယ်တော်မူတဲ့ ရုပ်ပွားတော် လေးဆူကိုလည်း အများပြည်သူ ဖူးမြော်အပူဇော်ခံနိုင်စေဖို့ စေတီတော်အတွင်း ပင့်ထားပါတယ်''ဟု ပွဲတော်ကျင်းပရေးကော်မတီဝင် ဦးစိုင်းသာလှိုင်က ပြောကြားသည်။

ရှေးဟောင်းသမိုင်းဝင်ပေါ်ကြိုမုဋ္ဌောစေတီတော်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို အနယ်နယ်အရပ်ရပ်ရှိ တိုင်းရင်းသားပေါင်းစုံ လာရောက်ဘုရားဖူးလေ့ရှိကြသဖြင့် ၁၂ ပွဲဈေးသည်များက ဈေးလာဖွင့်ကြခြင်းဖြစ်ကြောင်း၊ အဝတ်အထည်များ၊ လယ်ယာသုံးပစ္စည်းများ၊ ရှမ်းရိုးရာမုန့်ပဲသရေစာများ၊ ငါးချဉ်များ လာရောက်ရောင်းချကြကြောင်း သိရသည်။

ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ပြည်သူအများသွားလာမှု လွယ်ကူစေရန်အတွက် မြန်မာ့မီးရထားက မန္တလေး-လားရှိုး ပြေးဆွဲသည့် အစုန်အဆန်ရထားများကို ရပ်တန့်ကာ ဘူတာဖွင့်လှစ်ပေးထားကြောင်း သိရသည်။ **မမ(လားရှိုး)**



## ပုသိမ်ကြီးမြို့နယ်ရှိ ရွှေစာရံဗုဒ္ဓပူဇနိယပွဲ

**မန္တလေး မတ် ၂**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရွှေစာရံကျေးရွာအနီးရှိ ရွှေစာရံဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ် တပေါင်းလပြည့်မှ လပြည့်ကျော် ၉ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ပွဲတော်မတိုင်မီကပင်လာရောက်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိသည်။

ပွဲတော်ရက်မဟုတ်သေးသော်လည်း ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်ဖြစ်သည့်အတွက် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများလာရောက်ကြကြောင်း၊ ပွဲတော် ဈေးဆိုင်တန်းများတွင် မြန်မာ့ရိုးရာအစားအစာများ၊ တောင်သူအသုံးအဆောင်ပစ္စည်းများ၊ ထန်းရွက်ဖြင့် ပြုလုပ်သောပစ္စည်းများရောင်းချလျက်ရှိကြောင်း၊ ရှမ်းတိုင်းရင်းသားရိုးရာအဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများ၊ ရှမ်းဒေသထွက်ကုန်များ၊ ဆေးဖက်ဝင်သစ်မြစ်၊ သစ်ဥ၊ သစ်ဖု၊ ဆေးပင်ငယ်များ ရောင်းချလျက်ရှိကြောင်း၊ ဒုဋ္ဌဝတီမြစ်အတွင်း၌လည်း ငှက်လှေစီးသူများ၊ ရေကစားသူများဖြင့် စည်ကားလျက်ရှိကြောင်း ရွှေစာရံစေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးပြေငြိမ်းထံမှ သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## အင်းတော်ကြီးရွှေမဉ္ဇူရေလယ်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲ ကျင်းပ

**အင်းတော်ကြီး မတ် ၂**

ကချင်ပြည်နယ် အင်းတော်ကြီးဒေသရှိ သမိုင်းဝင်အင်းတော်ကြီး ရွှေမဉ္ဇူရေလယ်စေတီတော်မြတ်ကြီး၏ (၁၅၁) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲအခမ်းအနားကို မတ် ၁ ရက် နံနက် ၈ နာရီခွဲက အင်းတော်ကြီးစေတီတော်အဝင်မုခ်ဦး၌ ကျင်းပသည်။

ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲတွင် ဆရာတော် သံဃာတော်များ၊ ကချင်ပြည်နယ်အစိုးရအဖွဲ့မှတာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဧဝိတဒါနအဖြစ် အင်းတော်ကြီးအင်းအတွင်းသို့ ထိုင်းမျိုးစိတ်တာပီယနိငါးခုံးမအကောင်ရေ ၁၂၀၀၀ ကို လွှတ်ပေးခဲ့ကြကြောင်း သိရသည်။ **ဝင်းနိုင်**

## မြောင်းမြမြို့နယ်၌ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်


**မြောင်းမြ မတ် ၂**

ပြည်သူများ၏ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးရေးအတွက် မြောင်းမြမြို့နယ် ဌာနဆိုင်ရာများနှင့် မြို့နယ်ပြည်သူ့ဝန်ဆောင်မှုရုံး (OSS)မှ တာဝန်ရှိသူများသည် ရွှေ့လျားဝန်ဆောင်မှုလုပ်ငန်းကို ဖေဖော်ဝါရီ ၂၆ ရက် နံနက်ပိုင်းက မြောင်းမြမြို့နယ် ရှမ်းရေကျော်ကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်မှုတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေက ဒေသခံ ကျေးရွာပြည်သူများနှင့်တွေ့ဆုံ၍ ကျေးရွာအရောက် ရွှေ့လျားဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ရှင်းလင်းပြောကြားပြီး မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်ပေးမှုများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအခြေအနေများကို ရှင်းလင်းပြောကြားသည်။ တက်ရောက်လာသူများက မိမိတို့ကျေးရွာဒေသအတွင်း ကျေးလက်မီးလင်းရေး၊ ကျေးရွာချင်းဆက် လမ်းပန်းဆက်သွယ်ရေး၊ ကျေးရွာကျောင်းအဆင့်တိုးမြှင့်ရေး၊ ကျေးလက်ကျန်းမာရေးဆေးပေးခန်းရရှိရေးတို့ကို ဆွေးနွေးမေးမြန်းရာ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည် ရှင်းလင်းဆွေးနွေးကြသည်။



ထို့နောက် ဒေသခံကျေးရွာပြည်သူများအား မြောင်းမြခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာမေပြုံးလှဲ့ယဉ်၊ ဒေါက်တာအိခင်ခင်နှင့် ကျန်းမာရေးဝန်ထမ်းများနှင့် ဖြူစင်စေတနာ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့က အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးရာ အထွေထွေဆေးကုသမှု ၆၈ ဦး၊ မျက်စိဝေဒနာရှင် နှစ်ဦး၊ မြောင်းမြဆေးရုံကြီးသို့ ညွှန်းပို့လူနာ ငါးဦး စုစုပေါင်း ၇၅ ဦးတို့အား အခမဲ့ ဆေးကုသပေးနိုင်ခဲ့သည်။ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ဦးစီးဌာနက နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုစာရင်းကိစ္စများ ဆောင်ရွက်ပေးခြင်း စသည့်ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ကိုအောင်**



## ရွှေသောင်ယံကမ်းခြေ၌ ရုံးပိတ်ရက်များအတွင်း ပြည်သူများလာရောက်လည်ပတ် အပန်းဖြေ

**ရွှေသောင်ယံ မတ် ၂**

ဧရာဝတီတိုင်းဒေသကြီး ရွှေသောင်ယံမြို့ကမ်းခြေ တွင် ရုံးပိတ်ရက်များအတွင်း အပန်းဖြေလိုသူများသည် ညအိပ်သော်လည်းကောင်း၊ ချောင်းသာကမ်းခြေမှတစ်ဆင့် နေ့ချင်းပြန်သော်လည်းကောင်း လာရောက်လည်ပတ်ကြသည်။

ရွှေသောင်ယံကမ်းခြေတွင် ရေများသန့်ရှင်း ကြည်လင်ခြင်း၊ ကမ်းခြေရှည်လျားပြီး ဖွံ့ဖြိုးစကမ်းခြေဖြစ်သည့်အတွက် ဧည့်သည်များ များပြားစွာ ရှုပ်ထွေးမှုမရှိခြင်း၊ ကမ်းခြေ၏ သဘာဝအလှများမှာ လူများ၏ပြုပြင်မှုမပါဘဲ ပုံမှန်အတိုင်းရှိနေခြင်း၊ ပင်လယ်တွင်းသို့ ထိုးဝင်နေသည့် လှပသောသောင်ခုံရှိနေခြင်း၊ သဘာဝအတိုင်း ခရု၊ ကဏန်းများကို တွေ့နိုင်သည့် ကျောက်ခဲ၊ ကျောက်ဆောင်များရှိသည့်အတွက် သဘာဝအလှများကို လေ့လာလိုသူများ၊ ရုပ်ရှင်၊ ဗီဒီယိုရိုက်ကူးရေးအဖွဲ့သားများ၊ အပန်းဖြေလိုသူများမှာ ရွှေသောင်ယံရှိ ဟိုတယ်တို့တွင် ညအိပ်တည်းခိုကြသည်။ **ကိုကိုမောင် (ရွှေသောင်ယံ)**

## နိုင်ငံခြားသားခရီးသွားဧည့်သည်များ တာချီလိတ်နယ်စပ်မှ တစ်ပတ်အတွင်း ၁၅၂၈၄ ဦး ဝင်ရောက်လည်ပတ်

**တာချီလိတ် မတ် ၂**

တာချီလိတ်နယ်စပ်ဝင်ပေါက်မှတစ်ဆင့် နိုင်ငံခြားသားခရီးသွားဧည့်သည်များ နေ့စဉ်ဝင်ရောက်လည်ပတ်လျက်ရှိရာ ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၇ ရက်အထိ ထိုင်းနိုင်ငံသားအများစုပါဝင်သည့် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားဧည့်သည် နေ့ချင်းပြန်နှင့် ညအိပ်ခရီးစဉ်အဖြစ် စုစုပေါင်း ၁၅၂၈၄ ဦး ဝင်ရောက်လည်ပတ်ခဲ့ကြောင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန တာချီလိတ်ရုံးခွဲမှ သိရသည်။

နိုင်ငံခြားသား ခရီးသွားဧည့်သည်များသည် မြန်မာနိုင်ငံအတွင်း ဘုရားဖူးခြင်း၊ ရေမြေတောတောင် သဘာဝအလှရှုခင်းများနှင့် အထင်ကရနေရာများ၊ တိုင်းရင်းသားများ၏ မတူကွဲပြားသည့် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများ၊ လူနေမှုဘဝပုံစံများကို ဗဟုသုတအဖြစ် ကြည့်ရှုလေ့လာသိမြင်ခံစားနိုင်စေရန် ဝင်ရောက်လျက်ရှိရာ တစ်ပတ်အတွင်း တာချီလိတ်နေ့ချင်းပြန်အဖြစ် ထိုင်းနိုင်ငံသား ၁၄၀၆၉ ဦး၊ တတိယနိုင်ငံသား (နိုင်ငံခြားသား) ၄၀၀၊ ညအိပ်ခရီးစဉ်အဖြစ် မိုင်းဖြတ်နှင့် ကျိုင်းတုံမြို့သို့ ထိုင်းနိုင်ငံသား အများစုပါဝင်သည့် တတိယနိုင်ငံသား ကမ္ဘာလှည့်ခရီးသည် ၃၂၄ ဦး၊ ပြည်တွင်းခရီးစဉ်သို့ နိုင်ငံခြားသားခရီးသွားဧည့်သည် ၄၉၁ ဦး ဝင်ရောက်လည်ပတ်ခဲ့သည်။

ယခုနှစ်အတွင်း မြဝတီ၊ တမူး နယ်စပ်ဝင်ပေါက်များမှ ဝင်ရောက်ပြီး တာချီလိတ်နယ်စပ်မှတစ်ဆင့် ထိုင်းနိုင်ငံ၊ မယ်ဆိုင်မြို့သို့ ထွက်ခွာသည့် ခရီးစဉ် ၁၁ ခုတွင် မော်တော်ယာဉ် ၃၈ စီး၊ မော်တော်ဆိုင်ကယ်အစီး ၅၀၊ လူဦးရေ ၁၃၄ ဦးတို့လည်း လာရောက်လည်ပတ်ခဲ့သည်။

တာချီလိတ်နယ်စပ်ဝင်ပေါက်မှ ဇန်နဝါရီ ၁ ရက်မှ ဖေဖော်ဝါရီ ၂၇ ရက်အထိ နေ့ချင်းပြန်နှင့် ညအိပ်ခရီးသည် ထိုင်းနိုင်ငံသား ၁၇၇၆၇၅ ဦး၊ တတိယနိုင်ငံသား(နိုင်ငံခြားသား) ၃၃၅၁ ဦး၊ လန့်တောင်းဘုရားသို့ နေ့ချင်းပြန် ထိုင်းနိုင်ငံသားနှင့် တတိယနိုင်ငံသား(နိုင်ငံခြားသား) ခုနစ်ဦး၊ မိုင်းဖြတ်နှင့် ကျိုင်းတုံခရီးစဉ်တွင် ၂၅၁၃ ဦး၊ ဗီဇာ (ဗီဇာကင်းလွတ်ခွင့်)ဖြင့် ပြည်တွင်းခရီးစဉ်သို့ ၇၅၀၁ ဦး၊ စုစုပေါင်း နိုင်ငံခြားသား ခရီးသွားဧည့်သည် ၁၉၁၀၄၇ ဦး ဝင်ရောက်လည်ပတ်ခဲ့သည်။ **ဝေယံလင်း(ပြန်/ဆက်)**



## သတင်းစုံကဏ္ဍ

### ကံမမြို့နယ်တွင် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်

**ကံမ**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်အတွင်းရှိ ကျေးရွာများတွင် နွေရာသီသောက်သုံးရေပြတ်လပ်မှုမရှိစေရေး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

သရက်ချောင်းကျေးရွာနှင့် တောင်ပို့နီကျေးရွာတို့တွင် မြေသားမိုးရေလှောင် ကန်တူးဖော်ပေးခြင်း၊ ဂျင်းရဲကျေးရွာ၊ လိန်တုန်းကျေးရွာ၊ ဇီးဖြူကွင်းကျေးရွာ၊ ဒဂုံကွင်းကျေးရွာ၊ သစ်မယ်ဇီကျေးရွာနှင့် ပြောင်ကျကျေးရွာတို့တွင် မြေသားမိုးရေလှောင်ကန်များအား ပြုပြင်မွမ်းမံပေးခြင်း၊ သမ္ဘာရာရွာသစ်နှင့် ကရင်စု ကျေးရွာတို့တွင် စက်ရေတွင်းတူးဖော်ပေးခြင်းနှင့် ကျွဲတလင်းကျေးရွာတွင် ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ပြီး မြစ်ရေတင်စနစ်ဖြင့် အိမ်အရောက်ပို့ ရေပိုက်လိုင်းများ သွယ်တန်းပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရရှိန်က ပြောသည်။

**ကိုကိုကျော်(ကံမ)**

### စားသောက်ကုန်လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ အသိပညာပေး

**မြစ်သား**

မန္တလေးတိုင်းဒေသကြီး FDA အဖွဲ့က မြစ်သားမြို့နယ်တွင် စားသောက်ကုန်လုပ်ငန်းရှင်များ၊ အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံ၍ အသိပညာပေး ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၁၀ နာရီက မြစ်သားမြို့ ပြည်သူ့ဆေးရုံဟောင်းသင်တန်းခန်းမတွင် ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး FDA အဖွဲ့မှ ဒေါက်တာသန့်ဇင်ထွန်း၊ ဒေါက်တာ သန့်ဇင်ထက်၊ ဒေါက်တာစိုင်းမျိုးထက်တို့က အန္တရာယ်ကင်းသော အစားအစာများ၊ ဆေးဝါးများရောင်းချရေး၊ ဟိုတယ်နှင့် စားသောက်ဆိုင်များ အစားအစာနှင့်ပတ်သက်၍ ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို အသိပညာပေးဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဆုမွန် (ပြန်/ဆက်)**

### အင်းတော်မြို့အဝင် လမ်းဘေးဝဲ / ယာသန့်ရှင်းရေးပြုလုပ်


**အင်းတော်**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် စည်ပင်သာယာရေးကော်မတီက ဖေဖော်ဝါရီ ၂၉ ရက် နံနက်ပိုင်းတွင် ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီး လမ်းဘေး ဝဲ/ယာတစ်လျှောက် မြို့ဝင်ဆိုင်းဘုတ်မှ ရွှေမြန်မာဆီဆိုင်ရှေ့အထိ အမှိုက်များအား လိုက်လံသိမ်းဆည်းခဲ့ကြောင်း သိရသည်။

အမြဲသန့်ရှင်းသာယာလှပစေရန် လမ်းဘေးဝဲ/ယာများ သန့်ရှင်းခြင်း၊အလှပန်းပင်များစိုက်ပျိုးခြင်းများ ပြုလုပ်ခြင်းဖြစ်ကြောင်း မြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းဆွေမြင့်က ပြောကြားသည်။

**လူအောင်(ကသာ)**

# မဲဇလီရေလွှဲဆည်မှ မြောက်မုန်းမြောင်းမကြီးအတွင်း စိုက်ပျိုးရေ စတင်ဖြန့်ဝေ




**ပွင့်ဖြူ မတ် ၂**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်း ဒေသခံတောင်သူများ နွေနှမ်းအချိန်မီစိုက်ပျိုးနိုင်ရေးအတွက် မတ် ၁ ရက် နံနက် ၈ နာရီက ပွင့်ဖြူမြို့နယ် မဲဇလီရေလွှဲဆည်မှ မြောက်မုန်းမြောင်းမကြီးအတွင်း စိုက်ပျိုးရေ ဖြန့်ဝေပေးနေပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံးမှ သိရသည်။

ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိ တောင်သူများ ရာသီအလိုက်သီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်နှင့် စိုက်ပျိုးရေဖူလုံစေရေးအတွက် နှစ်စဉ် မဲဇလီရေလွှဲဆည်မှ ဆည်ရေကို တောင်မုန်းမြောင်းမကြီးနှင့် မြောက်မုန်းမြောင်းမကြီးတို့မှ တစ်ဆင့် လယ်ယာမြေစိုက်ခင်းများအရောက် ပို့လွှတ် ဖြန့်ဝေပေးလျက်ရှိရာ တောင်သူများ စိုက်ပျိုးရေလုံလောက်စွာရရှိသဖြင့် သီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ၂၀၁၉-၂၀၂၀ ခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် မဲဇလီရေလွှဲဆည်ရေဖြင့် နွေစပါးစိုက်ပျိုးဧက ၁၄၃၈၀ နှင့် နွေနှမ်းစိုက်ပျိုးဧက ၄၀၀၇၇ ဧက လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနရုံးမှ သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# နေပြည်တော်ရေပန်းဥယျာဉ်၌ Wedding Park ဖွင့်လှစ်မည်



**နေပြည်တော် မတ် ၂**

နေပြည်တော် ရေပန်းဥယျာဉ်သို့ လာရောက်လည်ပတ်ကြသော ပြည်သူများ စိတ်ချမ်းမြေ့စွာ အပန်းဖြေနိုင်ရန်အတွက် ထိုင်းနိုင်ငံမှပညာရှင်များနှင့် ပူးပေါင်း၍ ပထမဦးဆုံးဖွင့်လှစ်မည့် Wedding Park ကို မကြာမီဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံပေါင်းစုံ ယဉ်ကျေးမှုများပါဝင်သော ပန်းဥယျာဉ်ကြီးများကို သက်ဆိုင်ရာနိုင်ငံများရှိ အထင်ကရအဆောက်အအုံပုံစံများထည့်သွင်းပုံဖော်ဖန်တီးပြုလုပ်၍ နိုင်ငံတကာ ဥယျာဉ်ကြီးများသို့ အလည်အပတ် ရောက်ရှိနေသည့်ပုံသဏ္ဌာန်အလား စီစဉ်ဆောင်ရွက်ထားခြင်းဖြစ်ကာ နေပြည်တော် ရေပန်းဥယျာဉ်အတွင်း၌ အင်္ဂလန်ပန်းဥယျာဉ် (English Garden)၊ ဟော်လန်ပန်းဥယျာဉ် (Holland Garden)၊ ဂျပန်ပန်းဥယျာဉ် (Japanese Garden)၊ ပြင်သစ်ပန်း ဥယျာဉ် (French Garden) နှင့် အီတလီ ပန်းဥယျာဉ် (Italian Garden) များအပါအဝင် အခြားစိတ်လှုပ်ရှားဖွယ်ရာ ဆွဲဆောင်မှုများကို ပြည်တွင်း ပြည်ပ ပညာရှင်များဖြင့် ဖန်တီးပြုလုပ်မည်ဖြစ်ရာ မြန်မာနိုင်ငံ၌ ပထမဦးဆုံးထူးခြားဆန်းကြယ်သည့် နိုင်ငံပေါင်းစုံမှ ယဉ်ကျေးမှုများပါဝင်သော ပန်းဥယျာဉ်ကြီးများပေါ်ထွက်လာမည်ဖြစ်ကြောင်းလည်း သိရသည်။

နေပြည်တော် ရေပန်းဥယျာဉ်အား နေပြည်တော် စည်ပင်သာယာရေးကော်မတီမှတစ်ဆင့် ပုဂ္ဂလိကလုပ်ငန်းရှင်များထံသို့ နှစ်ရှည်အငှားချထားခြင်းကို ၂၀၁၉ ခုနှစ် အောက်တိုဘာလကစတင်ခွင့်ပြုခဲ့ရာ တင်ဒါအောင်မြင်ခဲ့သော ဆန်းမြတ်ထွန်းဆောက်လုပ်ရေးကုမ္ပဏီမှ စတင်တာဝန်ယူ လုပ်ကိုင်နေပြီဖြစ်ပြီး ယခု ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂ ရက်က နှစ် ၂၀ ငှားရမ်းခွင့်ရရှိခဲ့သည့်အတွက် သဘောတူညီချက်စာချုပ်ကို ချုပ်ဆိုခဲ့ကြောင်းလည်း သိရသည်။

နိုင်ငံခြားသားခရီးသွားဧည့်သည်များ စိတ်ဝင်စားမှုရှိစေရန်အတွက် ဆွဲဆောင်နိုင်ရန် လျာထားကြောင်း၊ ရေပန်းအက (Water Dancing)အား ပြန်လည်ပြုပြင် ဆောင်ရွက်ခြင်းများအပါအဝင် ရေပန်းဥယျာဉ်အတွင်းရှိ သုံးဆင့်ရေကစားသည့် ရေတံခွန်ကို ယခုနှစ်အတွင်း ပြန်လည်ပြုပြင်ဆောင်ရွက်ကာ ကလေးကစားကွင်းအတွက် ခေတ်မီသည့်ကစားစရာပစ္စည်းများကို ထပ်မံဖြည့်တင်း၍ ကစားနည်းအမျိုးအစား စုစုပေါင်း ၄၀ ကျော်ကို ထည့်သွင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နေပြည်တော်၌ ပထမဦးဆုံးအကြိမ်ပြုလုပ်နေသည့် နေပြည်တော်ပန်းပွဲတော်ကို နေပြည်တော်ရေပန်းဥယျာဉ်၌ ကျင်းပလျက်ရှိပြီး မတ် ၃၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ လာရောက်လည်ပတ်ကြသူများဖြင့် အထူး စည်ကားလျက်ရှိကြောင်း သိရသည်။

**သတင်း-ပွင့်သစ္စာ**
**ဓာတ်ပုံ-စိုးမြင့်အောင်**

## စွမ်းအားမြင့် မီးဖိုများ ကျေးရွာအရောက် အခမဲ့ဖြန့်ဖြူး

**ဖြူး မတ် ၂**

တောင်ငူခရိုင် ဖြူးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ကိုရီးယားရာသီဥတုပြောင်းလဲမှု ဗဟိုဌာနတို့ ပူးပေါင်း၍ ကျေးရွာအရောက် စွမ်းအားမြင့်မီးဖိုများ အခမဲ့ဖြန့်ဖြူးခြင်းကို ဖေဖော်ဝါရီလတွင် ဖြူးမြို့နယ်အတွင်းရှိ ကျေးရွာများ၌ ဆောင်ရွက်သည်။

ဖြူးမြို့နယ်တွင် ကျေးရွာအုပ်စုပေါင်း ၃၉ အုပ်စု၊ ကျေးရွာခွဲပေါင်း ၁၃၁ ရွာ၊ စွမ်းအားမြင့်မီးဖိုအလုံးပေါင်း ၁၆၃၅၀ ဖြန့်ဖြူးရန် လျာထားခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်မှ ယနေ့အထိ ကျေးရွာအုပ်စု ၂၅ အုပ်စု၊ ကျေးရွာခွဲပေါင်း ၇၁ ရွာ၊ အိမ်ထောင်စုပေါင်း ၈၁၇၅ စုအတွက် စွမ်းအားမြင့်မီးဖို ၈၁၇၅ လုံးကို လက်ဝယ်အရောက် ဖြန့်ဖြူးပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**မန္တယ် (ပြန်/ဆက်)**

## ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချရသည့် အစားအစာဈေးကွက်တစ်ခု ပေါ်ပေါက်လာရေး လုပ်ဆောင်

**မုံရွာ မတ် ၂**

ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချရသည့် ဟင်းသီးဟင်းရွက်နှင့် အစားအစာဈေးကွက်တစ်ခုကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်တွင် ဖြစ်ပေါ်လာရေး လုပ်ဆောင်လျက်ရှိကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်အမာကြည်က ပြောကြားသည်။

အစားအစာအဆိပ်သင့်မှုအနည်းဆုံးနှင့် အာဟာရရရှိစေနိုင်မည့်(Food safety Market) ဈေးကွက်ကို စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ဒေသခံစိုက်ပျိုးရေး တောင်သူများပူးပေါင်းကာ ဖော်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

“စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ အရပ်ဘက်အဖွဲ့အစည်းတွေ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တွေနဲ့ပူးပေါင်းပြီးတော့ (Food safety Market)အဆိပ်သင့်မှုအနည်းဆုံးနှင့် အာဟာရရှိစေနိုင်မယ့်ဈေးကွက်တစ်ခုဖော်ဆောင်ဖို့စီစဉ်နေတာဖြစ်ပါတယ်။ အခု စိုက်ပျိုးရေးဦးစီးဌာနက တောင်သူတွေကို ကျေးရွာအရောက် ကွင်းဆင်းပြီးတော့ စည်းရုံးဆောင်ရွက်နေပါတယ်” ဟု မြို့နယ်ဦးစီးမှူး ဒေါ်အမာကြည်က ပြောကြားသည်။

အစားအစာအဆိပ်သင့်မှုအနည်းဆုံးနှင့် အာဟာရရရှိစေနိုင်မည့်(Food safety Market) ဈေးကွက်အဖြစ် မုံရွာမြို့နယ်အတွင်းရှိ ကျေးရွာကိုးရွာတွင် ဟင်းသီးဟင်းရွက် ၂၂ မျိုးကို တောင်သူ ၂၅ ဦးမှ ၃၅ ဒသမ ၃၅ ဧကအကျယ်တွင် လည်းကောင်း၊ တောင်သူ ၁၂ ဦးမှ ပဲတီစိမ်းသီးနှံကို ဧက ၅၀ အကျယ်တွင် လည်းကောင်း၊ တောင်သူခုနစ်ဦးမှ ၂၅ ဧကအကျယ်တွင် လည်းကောင်း၊ သရက်သီးနှံကို ငါးဧကအကျယ်တွင် တောင်သူတစ်ဦးက လည်းကောင်း စိုက်ပျိုးထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး (ဖေယျာတိုင်း)**

# COVID-19 ရောဂါနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက် (၄-၁-၂၀၂၀ ရက်နေ့မှ ၂-၃-၂၀၂၀ ရက်နေ့ထိ)

(၂-၃-၂၀၂၀) ရက်နေ့၊ ည (၈:၁၅) နာရီ

**၁။ ကမ္ဘာ့နိုင်ငံများ၏ COVID–19 ရောဂါဖြစ်ပွားမှုအခြေအနေ**

(ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၁-၃-၂၀၂၀) ရက်နေ့ မြန်မာစံတော်ချိန် နံနက်(၁၁:၃၀)နာရီအချိန်ထုတ်ပြန်ချက်)

ကမ္ဘာပေါ်တွင် ရောဂါဖြစ်ပွားနေသည့်နိုင်ငံစုစုပေါင်း - ၅၈ နိုင်ငံ
ကမ္ဘာ့နိုင်ငံများတွင် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း - ၈၇,၁၃၇ ဦး
ကမ္ဘာ့နိုင်ငံများတွင် သေဆုံးသူ စုစုပေါင်း - ၂,၉၇၇ ဦး

- ကမ္ဘာ့ဒေသအသီးသီးတွင် ရောဂါကူးစက်ဖြစ်ပွားသောနိုင်ငံများ ဆက်တိုက်များပြားလာခဲ့ကြောင်းနှင့် နိုင်ငံပြင်ပမှ ရောဂါကူးစက်မှု (Imported case) များသာမက နိုင်ငံတွင်း၌ပါ ရောဂါကူးစက်မှု (Local transmission) များရှိလာကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်များအရ သိရှိရပါသည်။
- တရုတ်ပြည်သူ့သမ္မတနိုင်ငံပြင်ပတွင် နိုင်ငံတွင်းကူးစက်မှုဖြစ်ပွားသော နိုင်ငံ(၂၀) နိုင်ငံမှာ -

| စဉ် | ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သတ်မှတ်ထားသော ဒေသကြီးများ | နိုင်ငံ |
|---|---|---|
| ၁။ | အနောက်ပစိဖိတ်ဒေသ | - ကိုရီးယားသမ္မတနိုင်ငံ၊ ဂျပန်၊ စင်ကာပူ၊ ဩစတြေးလျ၊ မလေးရှား၊ ဗီယက်နမ် |
| ၂။ | ဥရောပဒေသ | - အီတလီ၊ ဂျာမနီ ၊ ပြင်သစ်၊ စပိန် ၊ အင်္ဂလန်၊ ခရိုအေးရှား၊ ဆန်မာရီနို၊ နော်ဝေ၊ နယ်သာလန်၊ |
| ၃။ | အရှေ့တောင်အာရှဒေသ | - ထိုင်း |
| ၄။ | အရှေ့အလယ်ပိုင်းဒေသ | - အီရန် ၊ ယူအေအီး |
| ၅။ | အမေရိကဒေသ | - အမေရိကန်၊ ကနေဒါ |

- သို့ဖြစ်ပါ၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၂၈-၂-၂၀၂၀) ရက်နေ့ ထုတ်ပြန်ချက်တွင် COVID–19 ရောဂါကူးစက်ပြန့်ပွားနိုင်မှုအခြေအနေ (Risk Assessment) အား–
  - တရုတ်ပြည်သူ့သမ္မတနိုင်ငံ (China) ၊ ဒေသတွင်းနိုင်ငံများ (Regional) နှင့် ကမ္ဘာ့နိုင်ငံများအားလုံး (Global) တွင် အလွန်မြင့်မားသည့်အဆင့် (Very High) အဖြစ် တိုးမြှင့်သတ်မှတ်ခဲ့ပါသည်။

**၂။ မြန်မာနိုင်ငံ၏ COVID–19 ရောဂါဖြစ်ပွားမှုအခြေအနေ (၂-၃-၂၀၂၀) ရက်နေ့၊ ညနေ (၆:၀၀) နာရီ အချိန်ထိ)**

| | ဓာတ်ခွဲစစ်ဆေးမှု အခြေအနေ | | | လူနာဦးရေ စုစုပေါင်း |
|---|---|---|---|---|
| | ပိုးတွေ့ | ပိုးမတွေ့ | ဆောင်ရွက်ဆဲ | |
| စောင့်ကြည့်လူနာ | - | ၄၃ | ၅ | ၄၈ |
| သံသယလူနာ | - | ၂ | - | ၂ |
| စုစုပေါင်း | - | ၄၅ | ၅ | ၅၀ |

၃။ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် (၃၁-၁-၂၀၂၀) ရက်နေ့မှ (၁-၃-၂၀၂၀) ရက်နေ့အထိ သံသယလူနာနှင့် စောင့်ကြည့်လူနာတွေ့ရှိရမှု အခြေအနေများမှာ ရန်ကုန်တိုင်းဒေသကြီးတွင် (၁၇) ဦး၊ ရှမ်းပြည်နယ်တွင် (၁၂) ဦး၊ မန္တလေးတိုင်းဒေသကြီးတွင် (၉) ဦးနှင့် အခြားတိုင်းဒေသကြီး/ ပြည်နယ်များတွင် (၁၂) ဦး စုစုပေါင်း (၅၀) ဦးတို့ဖြစ်ပါသည်။

၄။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် COVID– 19 ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများအား ဆောင်ရွက်ရာတွင်–

(က) ဆင့်ပွားကူးစက်ပျံ့နှံ့မှုများအား ကာကွယ်နိုင်ရေးအတွက် လူနာနှင့်အနီးကပ်ထိတွေ့သူများ(အတူနေမိသားစုများနှင့်ကျန်းမာရေးဝန်ထမ်းများစသည်)အား ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းနှင့် ဆေးရုံ၊ ဆေးခန်းများတွင် ရောဂါပိုးကူးစက်မှုကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများအား အစဉ်တစိုက် အားဖြည့်ဆောင်ရွက်ခြင်း၊

(ခ) သံသယလူနာနှင့် စောင့်ကြည့်လူနာများအား စောစီးစွာရှာဖွေဖော်ထုတ်ခြင်း၊ သီးခြားထားရှိကုသခြင်းနှင့် ထိရောက်ကောင်းမွန်သည့်ကုသမှုများပေးခြင်း၊

(ဂ) ကျန်းမာရေးဝန်ထမ်းများအား မှန်ကန်ထိရောက်သည့် ရောဂါကာကွယ်ရေးလုပ်ငန်းများအား တိကျစွာဆောင်ရွက်နိုင်ရန် လုပ်ငန်းလမ်းညွှန်ချက်များအား ဖြန့်ဝေခြင်းနှင့် ပြည်သူလူထုမှ လိုက်နာဆောင်ရွက်ရမည့် လမ်းညွှန်ချက်များအား ဖြန့်ဝေခြင်း၊

(ဃ) ကမ္ဘာ့နိုင်ငံများအပါအဝင် မြန်မာနိုင်ငံ၌ လတ်တလောဖြစ်ပွားနေသော အခြေအနေများ၊ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများအား နိုင်ငံပိုင်သတင်းစာမျက်နှာများနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ (www.mohs.gov. mm) နှင့် လူမှုကွန်ရက်စာမျက်နှာများ (https://www.facebook.com/ MinistryOf HealthAndSportsMyanmar နှင့် https://www.facebook.com/MyanmarCDC) တို့တွင် ဖော်ပြခြင်းနှင့် တစ်ပြိုင်တည်းမှာပင် ပြည်သူလူထုအကြား ပျံ့နှံ့လေ့ရှိသည့် သတင်းအမှားများအား သတင်းအမှန်များဖြင့် အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်ခြင်း၊

(င) COVID – 19 ရောဂါကြောင့် ပြည်သူလူထု၏ လူမှုစီးပွားထိခိုက်မှုများနည်းပါးစေရန် သက်ဆိုင်ရာနှီးနွှယ်ဌာနများဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

၅။ မြန်မာနိုင်ငံတွင် လက်ရှိအချိန်၌ COVID–19 ရောဂါဖြစ်ပွားသူလူနာ မတွေ့ရှိသေးသော်လည်း –

- ရောဂါစတင်ဖြစ်ပွားသော တရုတ်ပြည်သူ့သမ္မတနိုင်ငံအပြင် စင်္ကာပူနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ အီတလီနိုင်ငံနှင့် အီရန်နိုင်ငံတို့၌ အရှိန်အဟုန်ဖြင့် ရောဂါကူးစက်ဖြစ်ပွားလျက်ရှိသည်ကို သိရှိရပါသည်။
- အဆိုပါနိုင်ငံများမှ ခရီးသည်များသည် လေကြောင်းခရီးဖြင့် တိုက်ရိုက်သော်လည်းကောင်း၊ အခြားနိုင်ငံများတွင် ရပ်နားဖြတ်သန်းပြီးသော်လည်းကောင်း၊ မြန်မာနိုင်ငံသို့ ဝင်ရောက်နိုင်သည့် အခြေအနေများစွာရှိနေပါသည်။
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အပြည်ပြည်ဆိုင်ရာလေဆိပ်များ၌ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို နှီးနွှယ်ဝန်ကြီးဌာနများနှင့်ပူးပေါင်းကာ အထူးအားဖြည့်၍ ဆောင်ရွက်လျက်ရှိပါသည်။
- အပြည်ပြည်ဆိုင်ရာဝင်ပေါက်များမှ သံသယရောဂါလက္ခဏာရှိသူများ မဝင်ရောက်နိုင်စေရန် ထိန်းချုပ်ဆောင်ရွက်နေသကဲ့သို့ နိုင်ငံတကာခရီးသည်များ တည်းခိုနေထိုင်မည့် ဟိုတယ်၊ တည်းခိုခန်းနှင့် အိမ်များ၌ ရောဂါစောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများ ဆောင်ရွက်မှုမှာ အရေးကြီးသည့် အချက်တစ်ချက်ဖြစ်ပါသည်။
- COVID–19 ရောဂါ လူနာများနှင့် အနီးကပ်ထိတွေ့ခဲ့ခြင်းမရှိသူ (သို့မဟုတ်) ရောဂါဖြစ်ပွားရာဒေသ၊ နိုင်ငံများသို့ လတ်တလောသွားရောက်ခဲ့သော ခရီးသွားရာဇဝင်မရှိသူများတွင်လည်း ရောဂါကူးစက်ဖြစ်ပွားမှုဖြစ်စဉ် (နိုင်ငံတွင်းရောဂါကူးစက်မှု – Local transmission) များအား နိုင်ငံအချို့တွင် တွေ့ရှိနေရပါသည်။
- လူစုလူဝေးများသောနေရာများတွင် COVID–19 ရောဂါဖြစ်ပွားသူ (သို့မဟုတ်) ရောဂါလက္ခဏာမပြသေးသော်လည်း ရောဂါရှိသူ (Asymptomatic carrier) တစ်ဦးထံမှ အခြားသူများထံသို့ ရောဂါကူးစက်ပြန့်ပွားနိုင်ပါသည်။

၆။ မြန်မာနိုင်ငံတွင်လည်း ရောဂါဖြစ်ပွားသူအများအပြား ရုတ်တရက်တစ်ပြိုင်နက် တွေ့ရှိလာနိုင်ပြီး ပြည်သူများအတွင်း၌ ကူးစက်ဖြစ်ပွားနိုင်ခြင်းတို့ကြောင့် ပြည်သူများနှင့် လူမှုရေးအဖွဲ့အစည်းများအနေဖြင့် –

(က) ယခုကာလအတွင်း လူစုလူဝေးများပြားရာနေရာများနှင့် ပွဲလမ်းသဘင်ရှိရာနေရာများကို အတတ်နိုင်ဆုံးရှောင်ကြဉ်ကြပါရန်၊

(ခ) အခြေအနေအကြောင်းကြောင်းကြောင့် မဖြစ်မနေကျင်းပရမည့် လူစုလူဝေးနှင့် ပွဲလမ်းသဘင်များကိုသာပြုလုပ်ကြပါရန်နှင့်

(ဂ) အကယ်၍ ထိုသို့ မလွှဲမရှောင်သာကျင်းပရပါက တက်ရောက်သည့်လူအရေအတွက် နည်းနိုင်သမျှ နည်းပါးစေရန်နှင့် ဖျားနာသူများနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါရှိသူများ မလာရောက်စေရေး အစီအမံများ တင်းကျပ်စွာပြုလုပ်ရမည့်အပြင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေး ကျန်းမာရေးအသိပညာပေးနှိုးဆော်ချက်များကိုလည်း တိကျစွာ စနစ်တကျလိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်ပန်ကြားအပ်ပါသည်။ **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂-၃-၂၀၂၀) ရက်နေ့

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံ (၅၉) နိုင်ငံတွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် COVID–19 ရောဂါဖြစ်ပွားမှုဖြစ်စဉ်နှင့်ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတကာ ကျန်းမာရေးဝန်ကြီးဌာနများနှင့်လည်းကောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့်လည်းကောင်း ချိတ်ဆက်၍ သတင်းပေးပို့ဖလှယ်ခြင်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိပါသည်။

၂။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ယခုအချိန်၌ အပြည်ပြည်ဆိုင်ရာလေဆိပ်များမှ မြန်မာနိုင်ငံသို့ဝင်ရောက်လာသည့် ခရီးသည်များမှတစ်ဆင့် ရောဂါကူးစက်ပြန့်ပွားနိုင်သည့် အခြေအနေများရှိသဖြင့် ရောဂါစောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ လေကြောင်းခရီးသည်များအား ကျန်းမာရေးအခြေအနေဖော်ပြချက်ကတ် (health declaration card) တွင် ကျန်းမာရေးအခြေအနေ၊ တည်းခိုနေထိုင်မည့် လိပ်စာနှင့် ဖုန်းနံပါတ်တို့ကို ဖြည့်စွက်စေပြီးမှသာ ပြည်တွင်းသို့ ဝင်ရောက်ခွင့်ပြုခြင်းတို့ကို တိကျစွာ အထူးဂရုပြု ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။

၃။ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် –

(က) ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်ရှိ စက်ရုံတစ်ရုံတွင် အလုပ်လုပ်ကိုင်လျက်ရှိသော အသက် (၂၉) နှစ်အရွယ် တရုတ်ပြည်သူ့သမ္မတနိုင်ငံသား အမျိုးသားတစ်ဦးသည် (၁၈-၂-၂၀၂၀) ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ တိုင်ပေရှိ ၎င်း၏နေအိမ်သို့သွားရောက်ခဲ့ပြီး (၂၅-၂-၂၀၂၀) ရက်နေ့တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ပါသည်။ အဆိုပါအမျိုးသားသည် (၂၈-၂-၂၀၂၀) ရက်နေ့မှစ၍ ဖျားခြင်း၊ လည်ချောင်းနာခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူကြပ်ခြင်း စသည့် လက္ခဏာများခံစားခဲ့ရသဖြင့် (၁-၃-၂၀၂၀) ရက်နေ့၊ နေ့လယ်ပိုင်းတွင် ပန်းလှိုင်ဆေးရုံသို့ သွားရောက်ပြသခဲ့ရာ ဝေဘာဂီအထူးကုဆေးရုံသို့ ညွှန်းပို့ခဲ့ပါသည်။ အဆိုပါလူနာအား စောင့်ကြည့်လူနာအဖြစ်သတ်မှတ်၍ သီးခြားထားရှိကုသမှုပေးလျက်ရှိပြီး ဓာတ်ခွဲနမူနာရယူစစ်ဆေးလျက်ရှိပါသည်။

(ခ) ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်တွင် နေထိုင်သော အသက် (၃၇) နှစ်အရွယ် နယူးဇီလန်နိုင်ငံသား အမျိုးသားတစ်ဦးသည် (၁၇-၂-၂၀၂၀) ရက်နေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာခဲ့ပြီး ဟောင်ကောင်လေဆိပ်၊ အမေရိကန်နိုင်ငံ၊ ဂျွန်အက်ဖ်ကနေဒီလေဆိပ်နှင့် မီယာမီလေဆိပ်များမှတစ်ဆင့် ကင်းစတုန်းလေဆိပ်သို့ ရောက်ရှိခဲ့ပြီး၊ ၎င်းသည် အမေရိကန်နိုင်ငံ၊ ကင်းစတုန်းမြို့တွင် (၈) ရက်ခန့် နေထိုင်ခဲ့ပြီး (၂၈-၂-၂၀၂၀) ရက်နေ့တွင် ကင်းစတုန်းလေဆိပ်နှင့် ကာတာနိုင်ငံ၊ ဒိုဟာလေဆိပ်တို့မှတစ်ဆင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာခဲ့ပါသည်။ အဆိုပါအမျိုးသားသည် (၂၉-၂-၂၀၂၀) ရက်နေ့မှစ၍ COVID–19 ရောဂါနှင့်ဆင်တူသော သံသယလက္ခဏာများ ခံစားခဲ့ရသဖြင့် (၂-၃-၂၀၂၀) ရက်နေ့၊ နံနက်ပိုင်းတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ပြသခဲ့ရာ ဝေဘာဂီအထူးကုဆေးရုံသို့ ညွှန်းပို့ခဲ့ပါသည်။ အဆိုပါလူနာအား စောင့်ကြည့်လူနာအဖြစ်သတ်မှတ်၍ သီးခြားထားရှိကုသမှုပေးလျက်ရှိပြီး ဓာတ်ခွဲနမူနာရယူ စစ်ဆေးလျက်ရှိပါသည်။

(ဂ) တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဟူနန်ပြည်နယ်တွင် (၃) နှစ်ခန့် ကျောင်းတက်ရောက်ခဲ့သည့် အသက် (၃၂) နှစ်အရွယ် အမျိုးသားတစ်ဦးသည် (၁၈-၂-၂၀၂၀) ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လေကြောင်းခရီးဖြင့် မလေးရှားနိုင်ငံတွင် တစ်ဆင့်ခံရပ်နား၍ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့ပါသည်။ ၎င်းသည် (၁-၃-၂၀၂၀) ရက်နေ့တွင် COVID–19 ရောဂါနှင့်ဆင်တူသော သံသယလက္ခဏာများ ခံစားခဲ့ရသဖြင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)ဆေးရုံသို့ သွားရောက်ပြသခဲ့ရာ ၎င်း၏ခရီးသွားရာဇဝင်အရ (၂-၃-၂၀၂၀) ရက်နေ့တွင် ဝေဘာဂီအထူးကုဆေးရုံသို့ ညွှန်းပို့ခဲ့ပါသည်။ အဆိုပါလူနာအား စောင့်ကြည့်လူနာအဖြစ် သတ်မှတ်၍ သီးခြားထားရှိ ကုသမှုပေးလျက်ရှိပြီး ဓာတ်ခွဲနမူနာရယူစစ်ဆေးလျက်ရှိပါသည်။

(ဃ) ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်တွင် နေထိုင်သော အသက် (၂၉) နှစ်အရွယ် အမျိုးသားတစ်ဦးသည် (၁၈-၂-၂၀၂၀) ရက်နေ့တွင် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာပြီး (၂၁-၂-၂၀၂၀) ရက်နေ့မှစတင်၍ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရင်ဘတ်အောင့်ခြင်း စသည့် ရောဂါလက္ခဏာများ စတင်ခံစားခဲ့ရပြီး **စာမျက်နှာ ၂၄ သို့** ❒




# လယ်တောသူအလှမယ်နှင့် ကျေးလက်သံစဉ်သီချင်းဆိုပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**ရန်ကုန် မတ် ၂**

မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းက ကြီးမှူး၍ တောင်သူလယ်သမားများကို ကြိုဆိုဂုဏ်ပြုသည့် မြန်မာအပြည်ပြည်ဆိုင်ရာ လယ်ယာသုံးစက်ကိရိယာ ပြပွဲကို ဖေဖော်ဝါရီ ၂၉ ရက်မှ မတ် ၂ ရက်အထိ သာကေတမြို့နယ် မင်းနန္ဒာလမ်း Fortune Plaza ရှိ Myanmar Expo Hall ၌ ကျင်းပသည်။

**ဆုငွေများ ပေးအပ်**

ပြပွဲနှင့်အတူ လယ်တောသူအလှမယ်နှင့် ကျေးလက်တောသဘာဝလေ့ကို ဖော်ညွှန်းသည့် မြန်မာသံစဉ်ကျေးလက်တေးသီချင်းအဆိုပြိုင်ပွဲကို ထည့်သွင်းကျင်းပခဲ့ရာ မတ် ၂ ရက်က ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။ လယ်တောသူအလှမယ်ပြိုင်ပွဲတွင် Miss Farmer ဆုကို မြတ်နိုးသိင်္ဂီစံ၊ 1st Runner Up ဆုကို မိတလချမ်း၊ 2nd Runner Up ဆုကို နော်သီရိစန္ဒာ၊ Miss Photo genic ဆုကို မေဇင်ဦး၊ Best Costume ဆုကို အိန္ဒြာမောင်၊ Member's Choice ဆုကို ထက်မြတ်လှိုင်တို့က ရရှိကြသည်။ ဆုရရှိကြသူများအား မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်နှင့် အမှုဆောင်များ၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က ရွှေသားသရဖူနှင့် ဆုငွေများ ပေးအပ်ကြသည်။

ထို့နောက် မြန်မာသံစဉ်ကျေးလက်တေးသီချင်းအဆိုပြိုင်ပွဲတွင် ဆုရရှိကြသည့် အဆိုရှင်အမျိုးသားအမျိုးသမီး ၁၂ ဦးတို့အား ဆုများပေးအပ်ကြသည်။

**အောင်သူရ**

❍ ကျောဖုံးမှ

"ဈေးနှုန်းကမဆိုးပါဘူး။ ဘာလို့လဲဆိုတော့ အိမ်နီးချင်းနိုင်ငံကထုတ်တဲ့ သီးနှံအခြောက်ခံစက်နဲ့ ဈေးတူတယ်။ စက်ပိုင်းဆိုင်ရာပစ္စည်းနဲ့ပတ်သက်ရင် ဖုန်းဆက်ပြီးပြင်လို့ရမယ်။ မေးမြန်းလို့ရမယ်။ သိပ်အားရတယ်။ တောင်သူတွေအတွက်စိုက်ပျိုးရေးနဲ့ပတ်သက်တဲ့ စက်မှုပစ္စည်းတွေများများတီထွင်ပါ။ ကျုပ်တို့တွေ ပြည်တွင်းဖြစ်ကို အားပေးဖို့အဆင်သင့်ပဲ။ ဈေးနှုန်းမပြောဘူး။ အရည်အသွေးပိုင်းကို ထိန်းနိုင်ရင်ကျေနပ်တယ်" ဟု မှော်ဘီမြောင်းတကာမှဆန်စက်ပိုင်ရှင် ဦးသာရင်က ပြောသည်။

တစ်နာရီလျှင် တန် ၃၀ ထုတ်လုပ်နိုင်ခြင်း၊ အပေါ်လွန်းလိန်နှင့် အောက်လွန်းလိန်အသုံးမပြုခြင်းကြောင့် စပါးအကျိုးအကြေ သက်သာစေပြီး လွန်းလိန်ပွန်းစားမှု၊ လွန်းလိန်အသစ်လဲလှယ်ရမှုကင်းဝေးခြင်း၊ LSU ပုံစံအခြောက်ခံသော နည်းပညာကိုအသုံးပြုကာ အမေရိကန် Louisiana State University က ဒီဇိုင်းထုတ်ထားသည့် နည်းပညာဖြင့် အခြောက်ခံလှသုံးလှာအထိအသုံးပြုထားခြင်း၊ ဖုန်မှုန့်ထိန်းချုပ်သောနည်းပညာနှင့် ပတ်ဝန်းကျင်တွင် Dryer မှ ထွက်ရှိသည့် အမှိုက်သရိုက်ဖုန်မှုန့်များထွက်ရှိမှုနည်းပါးသောကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုနည်းပါးခြင်း၊ စပါးဖြူချသောစနစ်အား ပုခက်လွှဲဖြူချသောစနစ်ကိုအသုံးပြုရာ ပုံမှန်ဒလက်နည်းပညာထက်သာလွန်ကောင်းမွန်ပြီး အမှိုက်သရိုက်နှင့် ပလတ်စတစ်ကြိုးမျှင်များပါခဲ့ပါက အခြောက်ခံစက်လုပ်ဆောင်မှုကို မထိခိုက်ခြင်း၊ စပါးအစိုဓာတ်အပေါ်မူတည်၍ အပူချိန်အလိုအလျောက်ပြောင်းလဲနိုင်သောကြောင့် ခြောက်သွေ့မှုမြန်ဆန်၍ အကျိုးအကြေမရှိဘဲ လေပူလေအေးစနစ်ထည့်သွင်းထားခြင်း၊ အလိုအလျောက် Dryer ကို ထိန်းချုပ်သောစနစ်ထည့်သွင်းထားခြင်း၊ သွပ်ရည်စိမ်သံပြားကို အသုံးပြုထားသောကြောင့် နှစ်လရှည်ကြာစွာအသုံးပြုနိုင်ခြင်းနှင့် Dryer စနစ်ကို သုံးနှစ်အာမခံဖြင့်LSUအခြောက်ခံဖုန်အတွင်းရှိ Stainless Steel များကို ၁၀ နှစ်အထိ အာမခံအသုံးပြုနိုင်ခြင်းစသော အခြောက်ခံစက်၏ အားသာချက်များပါရှိကြောင်း သိရသည်။

**သတင်း-သန်းထိုက်**
**ဓာတ်ပုံ-သန်းစိုး**

❒ ၂၀၂၀ ဗိုလ်ချုပ်အောင်ဆန်းဒိုင်းမှ

အသင်းအရေအတွက် တိုးမြှင့်ထားသောကြောင့် ပြိုင်ပွဲကျင်းပသည့်ပုံစံကိုလည်း အနည်းငယ်အပြောင်းအလဲပြုလုပ်ထားပြီး ဆီမီးဖိုင်နယ်မှလွဲ၍ ကျန်အဆင့်များကို တစ်ကျော့တည်းကျင်းပမည်ဖြစ်သည်။

ပထမအဆင့်တွင် အပျော်တမ်းကလပ်အသင်းများနှင့် ပထမတန်းကလပ်အသင်းအချို့ ယှဉ်ပြိုင်မည်ဖြစ်ပြီး MNL ကလပ်အသင်းများမှာမူ ဒုတိယအဆင့်မှစတင်ကာ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အပျော်တမ်းငါးသင်းအနက် ရန်ကုန်လိဂ်ပြိုင်ပွဲမှ ပထမနှင့် ဒုတိယရအသင်း၊ We Are One Cup Grand Final ပြိုင်ပွဲချန်ပီယံအသင်း၊ ရန်ကုန်ပရီမီယာလိဂ်ချန်ပီယံအသင်း၊ ရန်ကုန်လိဂ်ပြိုင်ပွဲမှ တတိယရအသင်းနှင့် ရန်ကုန်ပရီမီယာလိဂ် FA ပြိုင်ပွဲမှ ချန်ပီယံအသင်းတို့ Play-Off ကစားပြီး အနိုင်ရသည့်အသင်းတို့မှာ ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ ပထမအဆင့်တွင် အပျော်တမ်းငါးသင်း၊ ပထမတန်းကလပ်အသင်းများဖြစ်သည့် မြဝတီ၊ တက္ကသိုလ်၊ ငွေကြယ်ပွင့်၊ ကချင်ယူနိုက်တက်၊ မောရဝတီ၊ ယောမြေ၊ Junior Lions အသင်း၊ ဒုတိယအဆင့်တွင် ပထမအဆင့်မှ အနိုင်ရလာသည့် ခြောက်သင်းနှင့် MNL နှင့် ပထမတန်းကလပ်အသင်းများဖြစ်သည့် မကွေး၊ Southern၊ ဇွဲကပင်၊ ချင်းယူနိုက်တက်၊ အား/ကာသိပ္ပံ၊ Chinland အသင်း၊ တတိယအဆင့်တွင် ဒုတိယအဆင့်မှ အနိုင်ရလာသည့် ခြောက်သင်းနှင့် ရတနာပုံ၊ ဟံသာဝတီ၊ ရခိုင်နှင့် စစ်ကိုင်းအသင်း၊ ကွာတားဖိုင်နယ်တွင် တတိယအဆင့်မှ အနိုင်ရလာသည့် ငါးသင်းနှင့် ရှမ်းယူနိုက်တက်၊ ဧရာဝတီ၊ ရန်ကုန်အသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ရှုံးထွက်ပြိုင်ပွဲကို ၂၀၁၀ ပြည့်နှစ်တွင် စတင်ကျင်းပခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်းဒိုင်းပြိုင်ပွဲအမည်ဖြင့် ကျင်းပခဲ့သည်။ ရှုံးထွက်ပြိုင်ပွဲတွင် ဧရာဝတီနှင့် ရန်ကုန်အသင်းတို့က သုံးကြိမ်စီဖြင့် အကြိမ်အများဆုံးဗိုလ်စွဲထားပြီး ဟံသာဝတီ၊ မကွေးနှင့် ရှမ်းယူနိုက်တက်အသင်းတို့က တစ်ကြိမ်စီဗိုလ်စွဲထားသည်။ ၂၀၁၉ ခုနှစ်က ကျင်းပခဲ့သည့် ပြိုင်ပွဲတွင် ရန်ကုန်အသင်းက ရှမ်းယူနိုက်တက်အသင်းကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရခဲ့သည်။ **သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာ ၅၇၉ ရွာတွင် လျှပ်စစ်မီးလင်းရေးလုပ်ဆောင်မည်

**မုံရွာ မတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မဟာဓာတ်အားလိုင်းနှင့် သုံးမိုင်အတွင်းရှိပြီး လျှပ်စစ်မီးသုံးစွဲခွင့် မရရှိသေးသောကျေးရွာ ၅၇၉ ရွာကို ကမ္ဘာ့ဘဏ်ချေးငွေဖြင့် လျှပ်စစ်မီးလင်းရေးလုပ်ငန်းများ လုပ်ဆောင်ပေးရန် စီစဉ်လျက်ရှိကြောင်း တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးမှ တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာမှူးကြီး ဦးမျိုးသန့်ထွန်းထံမှ သိရသည်။

"အခုမီးလင်းရေးလုပ်ဆောင်ပေးမယ့် ခရိုင်ခြောက်ခုအတွင်းမှာရှိတဲ့ ကျေးရွာ ၅၇၉ ရွာက မဟာဓာတ်အားလိုင်းနဲ့ သုံးမိုင်အကွာရှိတဲ့ ကျေးရွာတွေဖြစ်ပါတယ်"ဟု အင်ဂျင်နီယာမှူးကြီး ဦးမျိုးသန့်ထွန်းက ပြောကြားသည်။

ကမ္ဘာ့ဘဏ်ချေးငွေဖြင့် လျှပ်စစ်မီးလင်းရေးလုပ်ဆောင်ပေးမည့် အစီအစဉ်အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်အတွင်း ကျေးရွာ ၇၄ ရွာ၊ စစ်ကိုင်းခရိုင်အတွင်းရှိ ကျေးရွာ ၂၆ ရွာ၊ ရွှေဘိုခရိုင်အတွင်းရှိ ကျေးရွာ ၁၅၉ ရွာ၊ ကန့်ဘလူခရိုင်အတွင်းရှိ ကျေးရွာ ၃၀၊ ကသာခရိုင်အတွင်းရှိ ကျေးရွာ ၉၉ ရွာ၊ ကလေးခရိုင်အတွင်းရှိ ကျေးရွာ ၆၅ ရွာ၊ ယင်းမာပင်ခရိုင်အတွင်းရှိ ကျေးရွာ ၁၀၆ ရွာတို့တွင် 11kv Line စုစုပေါင်း ၄၇၂ ဒသမ ၀၇ မိုင်အရှည်နှင့် ထရန်စဖော်မာ ၁၃၂၂ လုံးတို့အား သွယ်တန်းတပ်ဆင်ပေးသွားမည်ဖြစ်ကြောင်းနှင့် ဖေဖော်ဝါရီလကုန်အထိ စစ်ကိုင်းတိုင်း ဒေသကြီးအတွင်းရှိ ကျေးရွာပေါင်း ၅၉၈၉ ရွာရှိသည့်အနက်မှ ကျေးရွာ ၅၂၄၄ ရွာတွင် နည်းလမ်းမျိုးစုံဖြင့် လျှပ်စစ်မီးသုံးစွဲခွင့်ရရှိ နေပြီဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

❒ စာမျက်နှာ ၂၃ မှ

စစ်တွေမြို့ရှိ ပြင်ပဆေးခန်းတစ်ခုသို့ ပြသခဲ့ရာ (၂-၃-၂၀၂၀) ရက်နေ့တွင် ၎င်းဆေးခန်းမှ စစ်တွေပြည်သူ့ဆေးရုံကြီးသို့ ညွှန်းပို့ခဲ့ပါသည်။ အဆိုပါလူနာအား စောင့်ကြည့်လူနာအဖြစ် သတ်မှတ်၍ သီးခြားထားရှိ ကုသမှုပေးလျက်ရှိပြီး ဓာတ်ခွဲနမူနာရယူစစ်ဆေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

(င) (၁-၃-၂၀၂၀)ရက်နေ့၌စင်ကာပူနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ "စင်ကာပူနိုင်ငံတွင် လက်ရှိနေထိုင်နေသော မြန်မာနိုင်ငံသား၊ အသက် (၂၅) နှစ်အရွယ် အမျိုးသမီးသည် စင်ကာပူနိုင်ငံမှ COVID-19 ရောဂါ ဖြစ်ပွားသူတစ်ဦးနှင့် အနီးကပ်နေထိုင်ထိတွေ့ခဲ့သူ (close contact) ဖြစ်သဖြင့် စင်ကာပူနိုင်ငံရှိနေအိမ်တွင် အသွားအလာကန့်သတ်၍ ရောဂါဖြစ်ပွားမှုရှိ၊ မရှိ စောင့်ကြပ်ကြည့်ရှု (home quarantine) ခဲ့စဉ် ရောဂါလက္ခဏာများ ပြသခဲ့ပြီး (၁-၃-၂၀၂၀) ရက်နေ့တွင် COVID-19 ရောဂါပိုးရှိကြောင်း ဓာတ်ခွဲအတည်ပြုခဲ့ကြောင်းနှင့် အဆိုပါ အမျိုးသမီးအား စင်ကာပူနိုင်ငံတွင် ကုသမှုပေးလျက်ရှိကြောင်း" အသိပေးအကြောင်းကြားလာခဲ့ပါသည်။ ထို့အပြင် "အဆိုပါအမျိုးသမီးနှင့် စင်ကာပူနိုင်ငံတွင် အနီးကပ်နေထိုင်ထိတွေ့ခဲ့သူ (close contact) ဖြစ်သည့် မြန်မာနိုင်ငံသား၊ အသက် (၂၆) နှစ်အရွယ် အမျိုးသား(၁)ဦးသည် (၂၆-၂-၂၀၂၀) ရက်နေ့တွင် စင်ကာပူနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်ခဲ့ကြောင်း" အကြောင်းကြားလာခဲ့ပါသည်။

ထိုသို့ သတင်းရရှိသည်နှင့်တစ်ပြိုင်နက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဝန်ထမ်းများသည် လေကြောင်းလိုင်းမှတ်တမ်းများကို စစ်ဆေးခြင်းနှင့် အဆိုပါအမျိုးသား၏ ကျန်းမာရေးအခြေအနေဖော်ပြချက်ကတ် (health declaration card)တွင် ဖြည့်စွက်ထားသော လိပ်စာနှင့် ဖုန်းနံပါတ်တို့မှတစ်ဆင့် လိုက်လံရှာဖွေခြင်းတို့ ဆောင်ရွက်ခဲ့ရာ အဆိုပါအမျိုးသားသည် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ရောက်ရှိနေကြောင်း တွေ့ရှိခဲ့ပါသည်။ အဆိုပါအမျိုးသားအား စောင့်ကြည့်လူနာအဖြစ် သတ်မှတ်ကာ ကျောက်ပန်းတောင်းမြို့နယ် ဆေးရုံတွင် အသွားအလာကန့်သတ်၍ ရောဂါဖြစ်ပွားမှုရှိ၊ မရှိစောင့်ကြပ်ကြည့်ရှု (quarantine) လျက်ရှိပြီး ၎င်း၏ ဇနီးအားလည်း ဆေးရုံတွင်ထားရှိ၍ စောင့်ကြပ်ကြည့်ရှု (quarantine) လျက်ရှိပါသည်။

၄။ သို့ဖြစ်ပါ၍ လေကြောင်းခရီးနှင့် ရေကြောင်းခရီးများမှ ပြည်တွင်းသို့ ဝင်ရောက်လာရောက်ကြသူများအနေဖြင့် ကျန်းမာရေးအခြေအနေဖော်ပြချက်ကတ် (health declaration card) ကို ပြည့်စုံတိကျစွာ ဖြည့်စွက်ကြပါရန် တိုက်တွန်းနိုးဆော်အပ်ပါသည်။

COVID-19 ရောဂါဖြစ်ပွားသူနှင့် အနီးကပ်နေထိုင်ထိတွေ့ခဲ့သူ (close contact) များ (သို့မဟုတ်) ရောဂါကူးစက်ပြန့်ပွားမှုများပြားရာနေရာဒေသမှ ပြည်တွင်းသို့ လာရောက်ကြသူများအနေဖြင့် လက်ရှိတွင် ရောဂါပျိုးချိန် (incubation period) အတွင်းဖြစ်၍ ရောဂါလက္ခဏာများ ပြသခြင်းမရှိသေးသော်လည်း ရောဂါပျိုးချိန်ကာလတစ်ခုတွင် ရောဂါဖြစ်ပွားနိုင်သဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အသွားအလာ ကန့်သတ်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း (quarantine) ဆောင်ရွက်ခြင်းတွင် ပြည်သူများနှင့် ကာယကံရှင်ကိုယ်တိုင် နီးစပ်ရာကျန်းမာရေးဌာနသို့ အကြောင်းကြားခြင်းဖြင့် ပူးပေါင်းပါဝင်ကြပါရန် တိုက်တွန်းနိုးဆော်အပ်ပါသည်။

ထိုသို့ အသွားအလာကန့်သတ်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း (quarantine) ဖြင့် ရောဂါလက္ခဏာ စတင်ဖြစ်ပွားသည်နှင့် ချက်ချင်းကုသမှုခံယူနိုင်မည်ဖြစ်သဖြင့် ရောဂါပြင်းထန်မှုနှင့် အသက်သေဆုံးနိုင်ခြေကို လျှော့ချနိုင်မည်ဖြစ်ပြီး မိမိကိုယ်တိုင်အတွက်လည်း အကျိုးရှိကာ မိမိ၏ မိသားစု၊ မိတ်ဆွေများနှင့် ပတ်ဝန်းကျင်သို့ ရောဂါကူးစက်ပြန့်ပွားခြင်းမှလည်း ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း အသိပေးနိုးဆော်အပ်ပါသည်။ **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## သတင်းစုံကဏ္ဍ

### မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်သရုပ်ပြ

**မြစ်သား**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်တွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်သရုပ်ပြခြင်းကို မတ် ၂ ရက် နံနက် ၁၀ နာရီက မြို့နယ်မီးသတ်စခန်းဟောင်းနှင့် ရွှေသူဌေးရပ်ကွက်တို့တွင် ဆောင်ရွက်ခဲ့သည်။

မီးသတ်ဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးကျော်ဇင်ဦးက မီးဘေးအန္တရာယ်ကျရောက်လာပါက ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လက်ထောက်မီးသတ်ဦးစီးမှူး ဦးဆောင်သော သန္ဓေတပ်ဖွဲ့ဝင် ၁၂ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၀ တို့က မီးဘေးစိုးရိမ်ရသောရပ်ကွက်များတွင် မီးသတ်ယာဉ်များဖြင့် မီးငြိမ်းသတ်ပုံအဆင့်ဆင့်တို့ကို လက်တွေ့သရုပ်ပြခဲ့ပြီး မီးဘေးအန္တရာယ်ကျရောက်လာပါက ပြည်သူများကိုယ်တိုင် မီးငြိမ်းသတ်မှုလုပ်ငန်းများတွင် ဆောင်ရွက်နိုင်စေရန် ဇာတ်တိုက်လေ့ကျင့်ခဲ့ကြသည်။ **ဆုမွန်(ပြန်/ဆက်)**

### လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး

**ကော့သောင်း**

ကော့သောင်းမြို့သည် ထိုင်း-မြန်မာနယ်စပ်မြို့ဖြစ်သည်နှင့်အညီ နယ်စပ်ဖြတ်သန်းမှုခင်းများမဖြစ်ပေါ်ရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာများသိရှိနိုင်ရေး ရည်ရွယ်ကာ မတ် ၂ ရက် နံနက်ပိုင်းက ကော့သောင်းမြို့နယ် လူကုန်ကူးမှုတိုက်ဖျက်ရေးရဲတပ်ဖွဲ့မှ ရွှေဟင်္သာရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် အသိပညာပေးဟောပြောသည်။

ကော့သောင်းမြို့နယ် လူကုန်ကူးမှုတိုက်ဖျက်ရေးရဲတပ်ဖွဲ့မှ ရဲမှူးအောင်ဆန်းဝင်းက လူကုန်ကူးမှုအန္တရာယ်များ၊ နယ်စပ်ဒေသများအတွင်း မူးယစ်ဆေးဝါးအန္တရာယ်နှင့် ပြစ်မှုပြစ်ဒဏ်ဆိုင်ရာသိကောင်းစရာများကို အသိပညာပေးဟောပြောခဲ့ပြီး ရပ်ကွက်ပြည်သူများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့သည်။ **ကျော်စိုး (ကော့သောင်း)**

### ပရိဘောဂလုပ်ငန်းလိုင်စင်များရရှိစေရန် စီစဉ်ဆောင်ရွက်ပေး

**ရန်ကုန်**

ပြည်တွင်းရှိအသေးစား၊ အငယ်စားနှင့် အလတ်စား (MSME)လုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရန်၊ ပရိဘောဂလုပ်ငန်းလိုင်စင်များရရှိစေရန်အတွက် စီစဉ်ဆောက်ရွက်ပေးလျက်ရှိကြောင်း သစ်အခြေခံပရိဘောဂလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးနေလင်းအောင်က ပြောကြားသည်။

သစ်တောဦးစီးဌာနနှင့် သစ်အခြေခံပရိဘောဂလုပ်ငန်းရှင်များအသင်းတို့ပူးပေါင်း၍ ပထမအကြိမ်တရားဝင်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲကိုရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ၁၀၈ တောင်ဘုရားဝင်းအတွင်းရှိ အလင်းရောင်ကျောင်းတိုက်၌ ဖေဖော်ဝါရီ ၂၇ ရက်က ကျင်းပခဲ့ပြီး ပရိဘောဂလုပ်ငန်းလိုင်စင်မရရှိသေးသည့်အသင်းဝင် ၂၅ ဦးကို လုပ်ငန်းလိုင်စင်ရရှိစေရန် စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ပွင့်သစ္စာ**

## ကျောက်ဆည်အသင်း (ရန်ကုန်)

## ၂၀၁၉ ခုနှစ်အတွက်

## နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးဖိတ်ကြားခြင်း

ကျောက်ဆည်အသင်း(ရန်ကုန်)၏ ၂၀၁၉ ခုနှစ်အတွက် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သား၊ တံတားဦးတို့မှ ဇာတိနွယ်ဖွားအသင်းဝင်များ ဖိတ်စာ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် – ၁၅–၃–၂၀၂၀ရက်(တနင်္ဂနွေနေ့)

ကျင်းပမည့်အချိန် – ညနေ ၄:၀၀ နာရီမှ ည ၈:၀၀ နာရီအထိ

ကျင်းပမည့်နေရာ – ကျောက်ဆည်အသင်း (ရန်ကုန်) ဓမ္မာရုံဗိမာန်တော်ကြီး၊ အနောက်ရွှေဂုံတိုင်လမ်းနှင့် ရေတာရှည်လမ်းသစ်ထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ဆက်သွယ်လှူဒါန်းရန်ဖုန်း – ၀၁–၉၅၅၂၇၃၆၊ ၀၉–၄၂၁၁၇၆၅၁၃

ကြွရောက်သူ အသင်းသူ/ အသင်းသားများကို ညစာနှင့် ဧည့်ခံကျွေးမွေး၍ အမှတ်တရလက်ဆောင်ပစ္စည်းများပေးပါမည်။

## ရှမ်းပြည်နယ်တောင်ပိုင်း၊ ညောင်ရွှေမြို့နယ်တွင်း ဆိုလာတပ်ဆင်ရန် တင်ဒါခေါ်ယူခြင်း

Tendering for Solar Micro-Grid Project in Nyaung Shwe, Southern Shan State

| | |
|---|---|
| တည်နေရာ – ညောင်ရွှေမြို့နယ်အတွင်းရှိ ကျေးရွာ (၃) ရွာ။ | Target village : 3 villages under Nyaung Shwe Township |
| ရည်ရွယ်ချက်– ကျေးရွာအတွင်းရှိစာသင်ကျောင်း (၃)ကျောင်းနှင့် ကျေးရွာပိုင်အဆောက်အအုံ (၃)ခုတွင် ကိုယ်ထူကိုယ်ထနစ်ဖြင့် ဆိုလာ လျှပ်စစ်မီး အသုံးပြုလာနိုင်စေရန်။ | Objective : Solar independent system for three Schools and three community centres |
| တင်ဒါပိတ်မည့်ရက် – ၂၈–၃–၂၀၂၀ ရက် အချိန် – နံနက် ၁၀ နာရီ | Proposal deadline : 28 March 2020, 10:00 AM |

အသေးစိတ်အချက်အလက်သိရှိလိုပါက အောက်ပါလင့်ခ်တွင် ရရှိနိုင်ပါသည်။

You can access RFP file and more details on the below link:

https://bit.ly/3adcWeD

အချက်အလက်ပိုမိုသိရှိလိုပါက အောက်ပါအီးမေးလ်ကို ဆက်သွယ်မေးမြန်းနိုင်ပါသည်။

If you have further questions, please contact to coordinator by email:

laurencetintun@gmail.com

Ph Number : 09–428349705

Korea Green Foundation (KGF) and Kalyana Mitta Development Foundation (KMF)

**ဆရာချို** (ရုပ်ဖေဒ)

၉–၁၀ တန်း

နှစ်ပေါက်ဘာသာစုံ အထူးစာသင်ဝိုင်း မတ်လဆန်း (၁၂)ရက်စမည်။

နွေ(၃)လပြတ် ရူပ၊ ဓီဝ၊ မတ်လဆန်း (၁၆)ရက်နေ့စမည်။

၁၄၆(B)၊အနော်ရထာလမ်းမကြီး၊ပါရဂူဆေးခန်းဘေး၊ဗိုလ်တထောင်။ ၄၆လမ်း မှတ်တိုင်အနီး။ 09-254200172

**တိုက်ခန်းကျယ် ရောင်းမည်**

* စမ်းချောင်း၊ ဗဟိုလမ်းမ(နီး)
* ပေကျယ် (၂၇ x ၅၀)၊ 4.F
* ကျွန်းပါကေးပြည့်၊ ကြွေပြားပြည့်၊
* အိပ်ခန်း(၂)၊ သံပန်းဆန်းရိုက်ပါ
* လိုက်ကာနှင့် မျက်နှာကြက် အလှပါ၊
* ဘိုထိုင်အိမ်သာ၊ ပြင်ဆင်ပြီး (သန့်)၊

(၈၇၀) သိန်း။ ဖုန်း ၀၉–၅၁၈၅၃၅၀

## ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် – ၈/၉/၁၀/၁၁ (ကမာရွတ်) မြေကွက်အမှတ်–၁၂၇၊ ဧရိယာ (၀.၁၉၄) ဧကရှိနှစ် (၆၀) ဂရန်မြေကွက်နှင့်မြေပေါ်ရှိ အမှတ်(၅၁) မအူရိပ်မွန်လမ်း၊ ၄–ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဟု ခေါ်တွင်သော နေအိမ်အပါအဝင်အကျိုးခံစားပိုင်ခွင့်အရပ်ရပ်နှင့် ပတ်သက်၍ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

[illegible]

လွှဲအပ်ညွှန်ကြားချက်အရ –

ဦးသက်မောင် ( B.Sc., H.G.P., R.L ),

တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၀၆၀၄)

အမှတ် (၉၀)၊ ပထမထပ်၊ အခန်း (D-7/8)၊ ဘားလမ်း၊ ကျောက်တံတားမြို့နယ်၊

ရန်ကုန်မြို့။ ဖုန်း – ၀၉ – ၅၀၀၀၁၄၂

**ကိုညက် KO NYAN**

Car Rental & Travel Service

ဘုရားဖူးခရီးစဉ်အမျိုးမျိုး နှင့်လချုပ်အတွက် Model မြင့် ကားသစ် များ ရောင်း/ဝယ်/ငှားရန်ရှိသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်နိုင်ပါသည်။

09-5078440,01-551649,01-209183


**မျိုး** 01 8380164 09 5017088 09250640699

ခရီးစဉ်အမျိုးမျိုးနှင့်လချုပ် ကားမျိုးစုံ ငှားရန်ရှိသည်။ ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။

**အဲယားကွန်း Second-Hand** များ နှင့် အဟောင်းအပျက်များ ဝယ်လိုသည်။

09-799663364 ကိုသစ္စာ

09-443065562



ဗုဒ္ဓဘာသာနှင့် သမိုင်းဝင်ဘုရားဖူးခရီးစဉ်များ

အိန္ဒိယ နှင့် နီပေါ ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ် (၁၅ ရက်) 700 USD + ၂၀၀၀၀၀ ကျပ်/–

ထွက်ခွာမည့်နေ့ရက်များ – မတ် ၁၅၊၂၂၊၂၉ ဧပြီ ၆ (သင်္ကြန်အထူးခရီး)။

အိန္ဒိယ နှင့် နီပေါ ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ် (၈ ရက်) 600 USD + ၁၅၀၀၀၀ ကျပ်/–

ထွက်ခွာမည့်နေ့ရက်များ – ဧပြီ ၅။

သီရိလင်္ကာ ဘုရားဖူးခရီးစဉ် (ဟိုတယ် တည်း/စား) (၅ ရက်) 1270 USD

ထွက်ခွာမည့်နေ့ရက်များ – ဇူလိုင် ၂၅ (ဓမ္မစကြာနေ့)။

[illegible]

**STRATEGY FIRST UNIVERSITY**



မတ်လတန်းခွဲသစ်များ

ICM Single Subject Diploma

စီးပွားရေးနှင့် စီမံခန့်ခွဲမှုသင်တန်းများ

- Accounting Level I & II
- Marketing Management
- Sales and Sales Management
- Business Management and Administration
- Project Management
- Risk Management
- Financial Management
- Human Resources Management
- Logistics and Supply Chain Management
- Public Relations
- Management of Travel & Tourism Operations

AEON ဖြင့် ပေးသွင်းနိုင်ပါသည်။

Online Register နှင့် (၁) သိန်းကျပ်တိတိ Discount ရရှိမည်။

ရန်ကုန် (ထူးလေ၊ မြေနီကုန်း၊ လှည်းတန်း) နှင့် မန္တလေး၊ ပုံရွာမြို့ များတွင် တက်ရောက်နိုင်ပါသည်။

Call Now: **444 555 612, 444 555 613**

**ဇော်ဘွားလေးဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက်မှ**

အဆင့်မြင့် ဇတီးဘလိတ်စားသွားဆူးကြိုးများကိုဈေးနှုန်းချိုသာစွာဖြင့် ရောင်းချတပ်ဆင်ပေးနေပါသည်။

အမှတ်(၃၄/A)၊ ကမ္ဘာအေးဘုရားလမ်းမ၊ (နှင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့)၊ ဗဟန်းမြို့နယ်။

Ph: 01-545531, 09-73058161, 09-795008161

HOTLINE : 09-5008161

**BOSS** အဆင့်မြင့် ပါကေးအရောင်းခန်းမ

အဆင့်မြင့် **Laminate Flooring** ကြမ်းခင်းပြားများနှင့် 100% ရေခံ နံ့နံ့ကြမ်းခင်းပြားများကို ဈေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်းချပေးနေပါသည်။

အရောင်းခန်းမ(၁) - အမှတ်(၂၄၀)၊ အရှေ့မြင်းပြိုင်ကွင်းလမ်းမကြီး၊ မြန်မာ့ရေနံဆောင်ဘတ်စ်ဘေး၊ တာမွေမြို့နယ်။

Ph: 09-5076661, 09-5076662, 09-5076663

အရောင်းခန်းမ(၂) - တိုက်(အေ-၂)၊ အခန်း(၀၀၄)၊ ယုဇနပလာဇာဘေး၊ အောင်မင်္ဂလာမှတ်တိုင်အနီး၊ ပြည်သာယာလမ်း။

Ph: 09-5425251, 09-73225484

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်အလွမ်း

### (အာရှတော်ဝင် ဆေးရုံနှင့် တော်ဝင် အထူးကုဆေးခန်း)

### အသက်(၈၇)နှစ်

မြင်းခြံမြို့နေ [ဦးငွေ-ဒေါ်သန်းလှ (ဆင်မင်းစတိုး)]တို့၏ သမီး၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဗဟာဗန္ဓုလလမ်း၊ အမှတ် (၇၆၀)နေ ဦးစွန်တိတ် (နာယက-အာရှတော်ဝင်ဆေးရုံကြီး)၏ ချစ်လှစွာသောဇနီး၊ ရန်ကုန်မြို့နေ ဦးတင့်ဇော်-ဒေါ်ကြည်ကြည် (ဆေးကမ္ဘာဆေးဆိုင်)၊ ဦးသန်းဌေး-ဒေါ်အေးအေး (ကျောက်ဆူးပလပ်စတစ်လုပ်ငန်း)၊ ဦးထွန်းကြည်-ဒေါ်ခင်ခင်သက် (တော်ဝင်ဆေးခန်း)၊ Dr.လှဝင်း-Dr.တင်တင်မော် (တော်ဝင်ဆေးခန်း)၊ Dr.မြတ်သူ-Dr.ခင်ချိုဦး (အာရှတော်ဝင်ဆေးရုံ)၊ ဦးသိန်းဟန်-Dr. သန်းသန်းနု (အာရှတော်ဝင်ဆေးရုံ)တို့၏ ချစ်လှစွာသောမိခင်၊ မြေး ၁၅ ယောက်တို့၏ အဘွား၊ မြစ်ငါးယောက်တို့၏ ဘွားဘွားကြီးသည် ၂-၃-၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၁:၃၄ နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၈-၃-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်တော်ဝင်ဆေးခန်းသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တင်လှ (အင်္ဂပူမြို့)

### လှထိပ်ခေါင်အထည်ဆိုင်

### အသက် (၈၆) နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နေ (ဦးဉာဏ်-ဒေါ်လေးစိန်)တို့၏ သမီး၊ (ဦးမောင်ရှင်-ဒေါ်ပု)တို့၏ သမီးချွေးမ၊ (ဒေါ်တင်တင်)၏ ညီမ၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ်(၄၈)၊ သုံးလွှာ၊ သီတာလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်နေ ဦးကျော်ညွန့် (ဗိုလ်တထောင်သတင်းစာတိုက်-ငြိမ်း)၏ ဇနီး၊ ဦးသိန်းထွဋ်-ဒေါ်နီလာဝင်း၊ ဒေါ်ကြည်ကြည်ညွန့်၊ ဦးမင်းနိုင်-ဒေါ်သီဂီထွေး(ရွှေငါးမုန့်)၊ ဒေါ်စိုးစိုးညွန့်တို့၏ကျေးဇူးရှင်မိခင်ကြီး၊ မောင်ဝင်းထွဋ်ကျော်(တတိယနှစ်၊ IC ဒဂုံတက္ကသိုလ်)၊ မောင်ဖွဲ့ခန့်ဝင်း(RMIT Melbourne)၊ မောင်မြတ်မင်းသူ(Grade-10, T.T.C)တို့၏အဘွား ဒေါ်တင်လှသည် ၁-၃-၂၀၂၀ ရက် ည ၁၁:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၃-၂၀၂၀ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၃-၂၀၂၀ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးသောင်းမြင့်ထွန်း

### လ/ထညွှန်ကြားရေးမှူး-ငြိမ်း၊ အကောက်ခွန်ဦးစီးဌာန
### အကောက်ခွန်ဘောလုံးသမားဟောင်း
### မြို့မကျောင်းသားဟောင်း

### အသက် (၈၅) နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ (၂၆)ရပ်ကွက်၊ ဂြိုဟ်တုဆက်သွယ်ရေးစခန်းနေ ဒေါ်ရှယ်လီ၏ခင်ပွန်း၊ (ဦးဝဏ္ဏထွန်း-ဒေါ်ဆွေဆွေမြင့်)၊ ဒေါ်ကလျာစံ(ဆသရ အငယ်တန်းအင်ဂျင်နီယာ)၊ ဦးနန္ဒလင်း (2 Mate F.G)-ဒေါ်မူလွမ်းတို့၏ဖခင်၊ မောင်ပြည့်ဖြိုးမင်း၊ မောင်မင်းမင်းထွန်း၊ မနေခြည်နွေးထွေးပါ၊ မောင်အောင်ဖုန်းခန့်၊ မဖူးပြည့်ပိုင်တို့၏ အဘိုးသည် ၁-၃-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၉:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၃-၂၀၂၀ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၃-၂၀၂၀ (စနေနေ့) နံနက် ၉:၃၀ နာရီတွင် အထက်ပါနေအိမ်သို့ တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တံတား၊ ရေတွင်း၊ ရေကန် အလှူဒါယိကာမကြီး

## ဒေါ်စန်းရီ

### အသက် (၇၄) နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ င/စက်မှုလက်မှုရပ်ကွက်၊ ပဒုမ္မာလမ်း၊ အမှတ်(၁၆၈)နေ (ဦးတီ-ဒေါ်တူး)တို့၏သမီး၊ (ဦးကြိုင်-ဒေါ်အုန်းရင်)တို့၏ သမီးချွေးမ၊ ဦးပြူး-ဒေါ်စိန်သန်းတို့၏ညီမ၊ ဦးလှမြိုင်-(ဒေါ်စန်းကြည်)၊ (ဦးစိန်လှ)-ဒေါ်ခင်ကြူကြူ (ဦးအောင်ဆွေ-ဒေါ်မြင့်ကြည်)၊ ဦးမြင့်ဆွေ-ဒေါ်ရီလေး၊ ဦးဇော်တင်-ဒေါ်လှလှဌေး၊ ဦးသောင်းငွေ-ဒေါ်ညွန့်ရီ၊ ဦးဘိုဝ-ဒေါ်ကျင်ငွေ၊ (ဦးချစ်သိန်း)-ဒေါ်ကျင်ရွှေ၊ ဦးသိန်းထွန်းအောင်-ဒေါ်ခင်အေး၊ ဦးသန်းအောင်-ဒေါ်စန်းဌေးတို့၏အစ်မကြီး၊ ဦးမျိုးခိုင်-ဒေါ်ကြူကြူသင်း၊ ဦးသိန်းဌေး-ဒေါ်ကြူကြူမွှေး၊ ဦးတင်မောင်အုန်း-ဒေါ်နီလာဝင်း၊ ဦးကျော်စွာလင်း-ဒေါ်ကေခိုင်စိုးတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ ဦးသောင်းရွှေ၏ဇနီး၊ မြေး ရှစ်ယောက်တို့၏အဘွားသည် ၂-၃-၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၃-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၃-၂၀၂၀(တနင်္ဂနွေနေ့) နံနက်တွင် မြောက်ဥက္ကလာပမြို့နယ်၊ င/စက်မှုလက်မှုရပ်ကွက်၊ ပဒုမ္မာလမ်း၊ အမှတ်(၁၆၈)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ညွန့်ညွန့် (ဝါးဘလောက်သောက်၊ ကော့မှူးမြို့နယ်)

### အသက် (၇၄) နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်ညွန့်ကြီးရပ်ကွက်၊ (၁၀၈) လမ်း၊ အမှတ်(၅၃)၊ သုံးလွှာ (ဘီ)နေ [ဦးပန် (ခ) Nachiyappan-ဒေါ်တင်ကြည်]တို့၏သမီး၊ (ဦးအုန်းသိန်း)၏ ဇနီး၊ ဦးချစ်မောင်-ဒေါ်သန်းနွယ်တို့၏ ညီမ၊ (ဦးစိန်ကြီး)-ဒေါ်ခင်စန်းမြင့်၊ ဦးစိန်လေး(ရွှေငွေထွန်းကားဘော်ဒီရုံ)-ဒေါ်မြင့်မြင့်ရီ၊ ဦးလှဌေး(ရွှေစင်မြန်မာတည်းခိုခန်း)-(ဒေါက်တာခိုင်ခိုင်ရွှေ)၊ ဒေါ်စီစီတို့၏အစ်မ၊ ကိုကျော်အောင်(ခ)ကိုဖိုးကျော် (Oiler)-မဝင်းဝင်းခိုင်၊ မဝင်းမာ(ခ)ခက်ခက်ခိုင်၊ ကိုအောင်ကျော်ဇော-မယဉ်ယဉ်ထွေး၊ ကိုတင့်ထွန်းနိုင်-မစန္ဒီထွန်းတို့၏မိခင်၊ မောင်သော်ဇင်ဝင်း(အထက-၆၊ ဗိုလ်တထောင်)၊ မမေသဒ္ဒါထွန်းတို့၏အဘွား၊ တူ/တူမ ငါးယောက်တို့၏အဒေါ်သည် ၁-၃-၂၀၂၀ (တနင်္ဂနွေနေ့) ညနေ ၅:၁၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃-၃-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၃-၂၀၂၀ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးအောင်နိုင် (MPE. R/O)

### လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန (သယ်/ပို့)

### အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အရှေ့ရန်ကင်း (၁၂)လုံးတန်း၊ တိုက်(၂၁၉)၊ အခန်း(၃၂)နေ ဦးသောင်းအေး-ဒေါ်စန်းရီတို့၏ သား၊ [ဒေါ်အေးအေးသစ် (စက်မှု-၁၊ မန်နေဂျာ-ငြိမ်း)]၊ ဒေါ်နွယ်နွယ်အေးတို့၏ မောင်၊ ဦးမြတ်စိုး (အောင်ဘာလေသိန်းဆုဌာန)-(ဒေါ်မိုးမိုးစိုး)၊ ဦးထင်လင်းအေး-ဒေါ်ခင်မေအေး၊ ဦးကျော်ထင်အေး (MGL.Co Ltd)-ဒေါ်ခင်လေးကျော် (ဦးစီးအရာရှိ-စီမံကိန်းရေးဆွဲရေးဦးစီးဌာန)တို့၏ အစ်ကို၊ ထောက်ကြန့်မြို့၊ တိုးချဲ့(၁/၁)ရပ်ကွက်၊ ဘောဂလမ်းနေ ဒေါ်မြင့်မြင့်မော်၏မောင်၊ ဦးဇော်မင်း-ဒေါ်ခင်ချိုချိုဝင်း၊ ဦးအောင်မိုး(Junction City)-ဒေါ်လှိုင်ထိပ်ထားတို့၏ အစ်ကို၊ မနှင်းနုခိုင်၊ မဆွေဇင်ခိုင်၊ မောင်ထွန်းထွန်းအောင်၊ မဆုမြတ်မြတ်အောင်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ ဒေါ်စုစုလှိုင်၏ခင်ပွန်းသည် ၁-၃-၂၀၂၀ (တနင်္ဂနွေနေ့) ည ၁၀:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၃-၂၀၂၀ ရက် မွန်းလွဲ ၂ နာရီတွင် မြို့ရှောင်လမ်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁:၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၃-၂၀၂၀ (စနေနေ့) နံနက်တွင် ထောက်ကြန့်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်အေးအေးမြင့် (မော်လမြိုင်)

### အသက် (၈၇) နှစ်

ရန်ကုန်မြို့နေ (ဦးထွန်းမြိုင်-ဒေါ်ငြိမ်းရင်)တို့၏သမီး၊ (ဦးဘိုးတင်-ဒေါ်ထွန်းမယ်)တို့၏ သမီးချွေးမ၊ (ဗိုလ်ကြီး ထွန်းလွင်)၏ဇနီး၊ (ဦးငွေဘော်-ဒေါ်ချစ်စိန်)၊ (ဦးမောင်ဝင်း-ဒေါ်သန်းမေ)၊ (ဦးဝင်းကြည်-ဒေါ်တင်ရီ)တို့၏ညီမ၊ (ဦးမောင်ထိန်)-ဒေါ်အေးကြည်တို့၏အစ်မ၊ ဦးတင်မောင်ကို-ဒေါ်ဌေးဌေးမြင့်၊ ဦးကျော်ဝင်းသန်း-ဒေါ်ရီရီဝင်း၊ ဒုတိယဗိုလ်မှူးကြီးမောင်မောင်စိုး(ငြိမ်း)(လေယာဉ်မှူးကြီး-AWA)-ဒေါ်သီဂီအေး(လယ်ပြ-ငြိမ်း၊ ထ-၄၊ ဗိုလ်တထောင်)၊ ဗိုလ်ကြီးခင်မောင်ဦး(ငြိမ်း)-ဒေါ်ရီရီချို(လယ်ပြ၊ ထ-၂၊ မင်္ဂလာဒုံ)တို့၏မိခင်၊ ကိုအောင်ကျော်ထူး-မအိအိချို၊ ဗိုလ်မှူးကျော်ဖြိုးခိုင်-ဒေါ်လဲ့မွန်မောင်မောင်(ကထိက-ဂျာမန်ဘာသာ၊ Y.U.F.L)၊ ကိုဘုန်းမင်းဇော်၊ ကိုအောင်ကျော်သန်း၊ ကိုသန့်စင်ထွန်း၊ ကိုခန့်စင်သော်တို့၏အဘွား၊ မောင်ဖြိုးတေဇကျော်(Grade-1, T.T.C၊ ပြည်လမ်း)၊ မောင်ကောင်းဇေဟိန်း၊ မောင်ဖြိုးသူရကျော်တို့၏ဘွားဘွားကြီးသည် ၁-၃-၂၀၂၀ ရက် ညနေ ၆:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၂-၃-၂၀၂၀ ရက် နံနက် ၈:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၇-၃-၂၀၂၀ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အင်းစိန်မြို့နယ်၊ အောင်ဆန်းမြို့၊ သစ္စဝါဒီလမ်း၊ အမှတ် (၄၄-၅)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်စန်းမြင့်

### အသက်(၇၈)နှစ်

ဟင်္သာတမြို့နေ (ဦးအဝင်း-ဒေါ်စိန်ရင်)တို့၏ သမီးငယ်၊ သာစည်မြို့နေ (ဦးစံမြ-ဒေါ်စောလှ)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ရွှေပုန်းညက်ရိပ်မွန်အိမ်ရာ၊ ရွှေမဉ္ဇူလမ်း၊ အမှတ်(အက်စ်-1)နေ [ဦးပုကြည် (ညွှန်ကြားရေးမှူး-ငြိမ်း၊ MPPE)]၏ ဇနီး၊ ဦးကျော်သန့် (PUMA Energy)-ဒေါ်မိုးနီလာအောင်(YCDC)၊ မထွန်းပပ(Shwe FM)တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မသင်းနန္ဒီဆွေ၊ မအေးမြတ်စန္ဒီကျော်၊ မောင်စိုးပြည့်ထွန်းတို့၏ အဘွားသည် ၁-၃-၂၀၂၀ရက် ညနေ ၆:၁၀ နာရီတွင် ဂရင်းဟဲသာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၃-၂၀၂၀ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၃-၂၀၂၀ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မူမူမြင့်(ခ)ဒေါ်စောသွဲ့ခိုင်

### အသက်(၇၃)နှစ်

### B.Ed အထက်တန်းပြဆရာမ အထက(၁)စမ်းချောင်း(ငြိမ်း)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၆၅)၊ မင်္ဂလာလမ်း၊ ပထမထပ်နေ [ဦးဖုန်းမြင့်(MEIC)-ဒေါ်ခင်တင့်]တို့၏သမီး၊ ဒေါ်ပင်စီမြင့် (ကျောင်းဆရာမ-ငြိမ်း)၊ ဦးခိုင်ထွေး-[ဒေါ်သူဇာမြင့် (တရားလွှတ်တော်ရှေ့နေ)]၊ ဒေါက်တာသွယ်သွယ်ခိုင် (ခေတ္တ-UK)၊ [ဦးညီညီအေး(ခ)ဦးဇော်ဗလ]-ဒေါ်သင်းသင်းခိုင် (ခေတ္တ-ဘန်ကောက်)၊ (ဦးထွန်းလွင်)-ဒေါ်နီလာခိုင်၊ ဒေါ်လဲ့လဲ့အေးခိုင်တို့၏ အစ်မ၊ ဦးမောင်မောင်စိန်-ဒေါ်ဆွေဆွေမြင့်တို့၏ အစ်မသည် ၁-၃-၂၀၂၀ ရက် နံနက် ၉:၃၀ နာရီ တွင် ကွယ်လွန်သွားပါသဖြင့် ၃-၃-၂၀၂၀ (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီ တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

## ဦးမင်းလွင်

### Vice President, ACE Data Systems Co.,Ltd

### အသက်(၅၁)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်(စံပြ)ရပ်ကွက်၊ သတိပဋ္ဌာန်လမ်း၊ အမှတ်(၉၆)၊ ငါးလွှာနေ (ဦးစိန်သန့်)-ဒေါ်တင်ရွှေတို့၏ သား၊ ဒေါ်သန်းသန်းညွန့်၏ခင်ပွန်း၊ ဦးမျိုးလွင်-ဒေါ်ကေသီစိုးသန်းတို့၏ အစ်ကို၊ မကေကေမင်း၊ မောင်မျိုးထက်မင်းတို့၏ဖခင်၊ မောင်ညီညီမင်းခန့်၏ဦးလေး ဦးမင်းလွင်သည် ၁-၃-၂၀၂၀ (တနင်္ဂနွေနေ့) ညနေ ၃:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၃-၂၀၂၀ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၃-၂၀၂၀ (စနေနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးမျိုးမြင့် (ဆည်မြောင်းဝန်ထောက်-ငြိမ်း)

### အသက်(၇၅)နှစ်

လှိုင်သာယာမြို့နယ်၊ ရွှေဥဒေါင်း-မဟော်သဓာလမ်း၊ အမှတ်(၁/၄၁၀)နေ ကိုဝဏ္ဏအောင်သူ-မနုနုယဉ်၊ ကိုအေးအောင်မျိုး-မကေသီအောင်၊ ကိုအောင်မြင့်မြတ်မျိုး-မဖြူဖြူဝင်း၊ ကိုထွေးအောင်မျိုး-မသိမ့်ထက်ထက်ရှင်၊ ကိုလွင်ကိုကို-မတင်နီလာမျိုး၊ ကိုချိုအောင်မျိုး၊ ကိုသက်အောင်မျိုး-မနန်းသီတာစိုးတို့၏ ဖခင်၊ ဒေါ်ခင်ခင်ဆွေ၏ ခင်ပွန်း၊ မြေးရှစ်ယောက်တို့၏ အဘိုးသည် ၂-၃-၂၀၂၀ (တနင်္လာနေ့) နံနက် ၇:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၃-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေသင်္ဂဟဆွေမျိုးအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၃-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အာနိသ

### အကောက်ခွန်ဝန်ထမ်းဟောင်းများ အသင်း

## ဦးသောင်းမြင့်ထွန်း

### အသက်(၈၅)နှစ်

### လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)

ရာသက်ပန် အသင်းဝင်အမှတ်(၄၉၄) ဦးသောင်းမြင့်ထွန်းသည် ၁-၃-၂၀၂၀ ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ၃-၃-၂၀၂၀ရက် နံနက် ၁၁နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူ/အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

---

## သင့်သွေးဖြင့် အသက်ကယ်ပါ

---

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်နီနီစော (စိမ်းမြကဖီး)

### အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်နေ (ဦးဟုတ်စိန်)-ဒေါ်ယိုဘိတို့၏ သမီး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ ဦးဝင်းနိုင်ထွန်း(ခ) ဦးသံချောင်း၏ ဇနီး၊ မအိမွန်ခိုင်၊ ကိုပြည့်ဖြိုးဟိန်း - မခင်ဇာသိမ့်၊ Dr.ဟိန်းထက်ဇော်၊ Dr.ထက်အောင်လှိုင်၊ မောင်ရဲမြတ်မင်းအောင်တို့၏ မိခင်သည် ၁-၃-၂၀၂၀ (တနင်္ဂနွေနေ့) ည ၁၀:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၃-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေ၊ ဆွေမျိုးတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉:၁၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်သင်းသင်းမိ

### အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ ဦးဝိစာရရပ်ကွက်နေ မအေးမိမိစိုး၊ မောင်မြင့်မြတ်စိုးတို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်သင်းသင်းမိသည် ၁-၃-၂၀၂၀ ရက် နံနက် ၇:၄၅ နာရီတွင် ကွယ်လွန် သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၁:၃၀ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၇-၃-၂၀၂၀ (စနေနေ့) နံနက် ၇ နာရီမှ ၉ နာရီအထိ ဒဂုံမြို့နယ်၊ ဦးဝိစာရရပ်ကွက်၊ တိုက်(၁၇)၊ အခန်း(၃၁)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ခရစ်တော်၌ အိပ်ပျော်ခြင်း

## ဒေါက်တာစောရှဲလ်တန်မင်း

### အသက် (၅၉) နှစ်

(စောတီဘမင်း-နော်ရှဲလာစံ)တို့၏သား၊ (ဦးတင်ဦး)-ဒေါ်နိုးနာကြွယ်တို့၏သားသမက်၊ နော်ချူးလာမင်း-စောဂျော့ရှူဝါဂျေကော့ဘ်၊ နော်ချူးလစ်မင်း-စောဖူးလ်တန်၊ နော်ထီးနာမင်း-စောနေဘဲလ်တို့မောင်၊ နော်ထရီးဇာမင်း-စောအောရစ်စံဝင်း၊ စောဆန်းဒေးမင်း-နော်ကပြူထူး၊ စောဆမ်မ်ဆင်မင်း-နော်လေးဝါးတို့၏အစ်ကို၊ အမှတ်(၁၃/စီ)၊ ဒေါ်လှပန်းလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေ နော်မိမိစု၏ ချစ်လှစွာသောခင်ပွန်း၊ Dr.စောဂေါ်ဒွင်မင်း-နော်မေရီ၊ Dr.စောဂျောနသန်မင်း၊ နော်အဘီဂေးလ်မင်းတို့၏ချစ်လှစွာသော ဖခင်၊ တူ/တူမ ၁၄ ယောက်တို့၏ဦးလေး ဒေါက်တာစောရှဲလ်တန်မင်းသည် ၁-၃-၂၀၂၀ ရက် ည ၁၀:၂၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၄-၃-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီတွင် သမိုင်းကရင်နှစ်ခြင်းအသင်းတော်၌ ဈာပနဝတ်ပြုကိုးကွယ်ပြီး ရန်ကုန်ကရင်နှစ်ခြင်းအနီး သာသနာသုသာန်(ထိန်ပင်)သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# မုံရွာစက်မှုဇုန်မှ တီထွင်ထုတ်လုပ်သော သီးနှံမျိုးစုံအခြောက်ခံစက် တောင်သူများ အထူးစိတ်ဝင်စား

ရန်ကုန်　မတ်　၂

စပါးထည့်ချိန်နာရီဝက် အခြောက်ခံချိန်နာရီဝက်ဖြင့် စပါး၊ ပဲ၊ ပြောင်းနှင့် သီးနှံမျိုးစုံကို တစ်နာရီလျှင် တန် ၃၀ ထုတ်လုပ်နိုင်သည့် မြန်မာပြည်မှ ကိုယ်ပိုင်တီထွင်ထုတ်လုပ်သော အခြောက်ခံစက်ကို ရန်ကုန်မြို့ သာကေတမြို့နယ် Fortune Plaza ရှိ မြန်မာအပြည်ပြည်ဆိုင်ရာလယ်ယာသုံးစက်ကိရိယာပြပွဲတွင် ဖွင့်လှစ်ပြသလျက်ရှိရာ ဆန်စက်ပိုင်ရှင်များနှင့် တောင်သူများ အထူးစိတ်ဝင်စားလျက်ရှိသည်။

**ပထမဆုံးအောင်မြင်မှု**

"အခြားနိုင်ငံက လယ်ယာသုံးပစ္စည်းတွေထက် ကိုယ့်နိုင်ငံက ပစ္စည်းကို အသုံးပြုပြီး တောင်သူတွေအတွက် သေချာခိုင်မာတဲ့ အရည်အသွေးကိုရစေလိုတဲ့ ဆန္ဒနဲ့တီထွင်ထုတ်လုပ်ဖြစ်တာပါ။ ဒါဟာ ပထမဆုံးအောင်မြင်မှုပါ။ ၂၀၁၉ ခုနှစ် မေလကစပြီး ထုတ်လုပ်ခဲ့တာ ဒီစက်တစ်လုံးကို ပြသရောင်းချတာပါ။ ဒီပွဲတော်ရက်မှာ စက် ၁၀ လုံးကို အရင်းအတိုင်း ကျပ်သိန်း ၅၈၀ နဲ့ ရောင်းပြီးတော့ နောက်ပိုင်းမှာ သတ်မှတ်ဈေးအတိုင်း ရောင်းချပေးသွားမှာပါ။ မြန်မာပြည်မှာ ပထမဆုံးတီထွင်ထုတ်လုပ်တဲ့ သီးနှံမျိုးစုံအခြောက်ခံစက်ဆိုရင်လည်း မမှားပါဘူး" ဟု မုံရွာစက်မှုဇုန်မှ ကိုအောင်သူက ပြောသည်။

**အားရကျေနပ်**

စိုက်ပျိုးရေးနိုင်ငံဖြစ်၍ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းရာတွင် စက်မှုကဏ္ဍတီထွင်ဆန်းသစ်မှုဖြင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍကို တိုးတက်အောင်မြင်စေမည်ဖြစ်ရာ မုံရွာစက်မှုဇုန်မှမြန်မာပြည်တွင် ပထမဆုံး ပြည်တွင်းဖြစ် ထုတ်လုပ်လိုက်သော သီးနှံမျိုးစုံအခြောက်ခံစက်အား ကြည့်ရှုလေ့လာသောတောင်သူတို့ဖြင့် လယ်ယာသုံးစက်ကိရိယာပြပွဲတွင် စည်ကားလျက်ရှိသည်။ ယနေ့တိုင် ပြည်ပနိုင်ငံများမှ စက်ပစ္စည်းများ ဝယ်ယူအသုံးပြုရလျက်ရှိရာ ပြုပြင်ရမည့်ကဏ္ဍတို့တွင် အခက်အခဲများစွာ ကြုံတွေ့ရသောကြောင့် ယခုလိုပြည်တွင်းစက်မှုဇုန်မှ တီထွင်ထုတ်လုပ်နိုင်မှုအပေါ် တောင်သူနှင့် ဆန်စက်ပိုင်ရှင်များ အားရကျေနပ်လျက်ရှိသည်။

စာမျက်နှာ ၂၄ ကော်လံ ၁ သို့ ❍



မုံရွာစက်မှုဇုန်မှ တီထွင်ထုတ်လုပ်သည့် စပါး၊ ပဲ၊ ပြောင်းနှင့် သီးနှံမျိုးစုံ အခြောက်ခံစက်ကို တွေ့ရစဉ်။

## ပြည်တွင်းပြည်ပ အားကစား

# ၂၀၂၀ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ဧပြီလတွင် စတင်မည်



၂၀၁၉ ခုနှစ် ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ချန်ပီယံ ရန်ကုန်အသင်းကို တွေ့ရစဉ်။

ရန်ကုန်　မတ်　၂

၂၀၂၀ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ဘောလုံးပြိုင်ပွဲကို ဧပြီလ ဒုတိယပတ်တွင် စတင်ကျင်းပမည်ဖြစ်ပြီး မတ်လဒုတိယပတ်တွင် ပွဲစဉ်မဲနှိုက်ရေးဆွဲသည့် အခမ်းအနားပြုလုပ်မည် ဖြစ်သည်။

**၂၅ သင်း ဝင်ရောက်ယှဉ်ပြိုင်**

မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ယခုနှစ်တွင် MNL ကလပ်အသင်းများ၊ MNL-2 (ပထမတန်း) ကလပ်အသင်းများအပြင် အပျော်တမ်းအသင်းများကိုလည်း ပထမဆုံး ယှဉ်ပြိုင်ခွင့်ပြုထားပြီး အသင်းပေါင်း ၂၅ သင်းဖြင့် ကျင်းပမည်ဖြစ်သည်။ MNL ကလပ် ၁၂ သင်း၊ MNL-2 ကလပ်အသင်း ရှစ်သင်း၊ အပျော်တမ်းကလပ် ငါးသင်း စုစုပေါင်း ၂၅ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ယခုရာသီတွင်

စာမျက်နှာ ၂၄ ကော်လံ ၄ သို့ ❒

## မန်စီးတီးအသင်း ငါးနှစ်တာကာလအတွင်း အီးအက်ဖ်အယ်လ်ဖလား လေးကြိမ်မြောက် ဆွတ်ခူး

မန်စီးတီးအသင်းဟာ မတ် ၁ ရက် ညပိုင်းက ဝင်ဘလေကွင်းမှာ အက်စ်တွန်ဗီလာအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ အီးအက်ဖ်အယ်လ်ဖလား နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ အနိုင်ရရှိခဲ့တာကြောင့် အီးအက်ဖ်အယ်လ်ဖလားကို ချန်ပီယံအဖြစ် အောင်ပွဲခံနိုင်ခဲ့ပါတယ်။

**အနိုင်ရရှိ**

မန်စီးတီးအသင်းဟာ အက်စ်တွန်ဗီလာအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပြီး အခုလို အနိုင်ရရှိခဲ့တာကြောင့် သုံးနှစ်ဆက်တိုက် အီးအက်ဖ်အယ်လ်ဖလား ချန်ပီယံဖြစ်လာခဲ့ပြီး ငါးနှစ်တာကာလအတွင်း အီးအက်ဖ်အယ်လ်ဖလားကို လေးကြိမ်မြောက် ဆွတ်ခူးခဲ့ခြင်းလည်း ဖြစ်သည်။ မန်စီးတီးအသင်းက အက်စ်တွန်ဗီလာအသင်းကို အနိုင်ရရှိခဲ့တဲ့ အီးအက်ဖ်အယ်လ်ဖလား နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ အဂူရိုနဲ့ ရိုဒရီတို့ရဲ့ သွင်းဂိုးတွေနဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

စာမျက်နှာ ၂၀ ကော်လံ ၄ သို့ ❖

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော်　မတ်　၂

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။


## မြန်မာ့ပင်လယ်ပြင်

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ




## ကြေးမုံ ယနေ့ဖတ်စရာ



**တိရစ္ဆာန်ကူးစက်ရောဂါများ ကာကွယ်ဖို့ မွေးမြူမှုပုံစံ ပြောင်းလဲစို့**

စာမျက်နှာ » ၁၁



**မြန်မာ့ကြက်သွန်နီ ဘင်္ဂလားဒေ့ရှ်သို့ တင်ပို့မှုမြင့်တက်**

စာမျက်နှာ » ၁၉



**နိုင်ငံခြားသားခရီးသွားဧည့်သည်များ တာချီလိတ်နယ်စပ်မှ တစ်ပတ်အတွင်း ၁၅၂၈၄ ဦး ဝင်ရောက်လည်ပတ်**

စာမျက်နှာ » ၂၁